MINISTRY OF
Sports and Youth Affairs
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
သတင်းလွှာ
Monthly Newsletter Volume 1, No, 4, August 2022

# (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရ ပြိုင်ပွဲဝင်အားကစားသမားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုဆုငွေများ ချီးမြှင့်

## မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲဝင်(၁၁)နိုင်ငံအနက် အဆင့်(၆)နေရာရရှိခဲ့








**နေပြည်တော် ၊ ဩဂုတ်လ(၂၀)ရက်။**

"အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာ၌ အားကစားဆိုသည့် ဝေါဟာရကို နိုင်ငံတကာအဘိဓာန်များက "ယှဉ်ပြိုင်မှုရှိသော ရုပ်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက်မှု ပုံစံအားလုံးကိုအားကစား" ဟုသတ်မှတ်သကဲ့သို့ "အင်အားနှင့် ဉာဏ်ရည်ကို အသုံးချပြီး လှုပ်ရှားယှဉ်ပြိုင်မှုအားလုံးကိုလည်း အားကစား"ဟု အဓိပ္ပါယ် ဖွင့်ဆိုကြပါကြောင်း။

အားကစား၏အဓိကရည်မှန်းချက်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုသည်ဆိုသော်လည်း ယခုအခါ အားကစားတွင် တစ်ဦးချင်းယှဉ်ပြိုင်ရသောပြိုင်ပွဲမှ လူပေါင်း ရာထောင်ချီပါဝင်သောပြိုင်ပွဲများ၊ ကျေးလက်အဆင့်ပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသော အိုလံပစ်ပြိုင်ပွဲများအထိ

စာမျက်နှာ(၂)သို့

မျက်နှာဖုံးသတင်း ···မှ စာဆက်

ကျင်းပလျက်ရှိနေပြီ ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် အားကစား အောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခန့်ညားစေပြီး အားကစားပြိုင်ပွဲများကိုလည်း လက်နက်မပါသောတိုက်ပွဲများဟုပင် တင်စားလာနေကြပြီဖြစ်ပါကြောင်း။

အားကစားသည်ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့်အညီ အရှိန်အဝါနှင့် အနေအထားအရပါ မြင့်မားလာသည်ဖြစ်သဖြင့် ကျန်းမာရေးသက်သက်၊ အားကစားသက်သက် အဆင့်တွင်သာ ရပ်တန့်မနေဘဲ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေး တာဝန်တစ်ရပ်လည်း












ဖြစ်လာခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်၏ အဆင့်နှင့်အညီ အားကစားလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို အမျိုးသားအားကစားပြိုင်ပွဲအဖြစ် တစ်နိုင်ငံလုံးပါဝင်သည့် အားကစားပြိုင်ပွဲကြီးများမှ နိုင်ငံ့ကိုယ်စားပြုယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားသမားများကို စိစစ်ရွေးချယ်လာကြခြင်းမှာ မဖြစ်မနေဆောင်ရွက်ရမည့် အရေးပါသောအဓိက လုပ်ငန်းတစ်ရပ်လည်း ဖြစ်လာခဲ့ပြီဖြစ်ကြောင်း။

ယခင်က အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP Games) မှသည် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ(SEA Games)၊ အာရှအားကစားပြိုင်ပွဲ (ASIAN Games)၊ အိုလံပစ်အားကစားပြိုင်ပွဲ (Olympic Games) များကိုသာ ကျင်းပခဲ့ကြပါကြောင်း။

သို့သော် ယနေ့ကမ္ဘာကြီးတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့နေရသည့်အတွက်ထိခိုက်ဒဏ်ရာရသူများ၊ လူ့အဖွဲ့အစည်းများအကြားဖြစ်ပွားနေသည့် ပဋိပက္ခများ၊ တိုက်ခိုက်မှုများ၊ ဖောက်ခွဲဖျက်ဆီး မှုများကြောင့် သေဆုံးသူ တစ်ဦးရှိတိုင်းငါးဦးခန့် ထိခိုက်ဒဏ်ရာရရှိလျက် ရှိသည့်အပြင် မွေးဖွားလာကတည်းက ဆွံ့အ၊ နားမကြား၊ ခြေလက် အင်္ဂါမပြည့်စုံခြင်းနှင့် ဉာဏ်ရည်မပြည့်မီသူများလည်းရှိနေပါကြောင်း၊ ထို့ကြောင့် ယနေ့ကမ္ဘာပေါ်တွင် မသန်စွမ်းဖြစ်မှုရာခိုင်နှုန်းသည်လည်း ကမ္ဘာ့လူဦးရေ၏ (၁၅)ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်သည့်စာရင်းများအရသိရှိရပါကြောင်း၊ လူဦးရေ သန်းပေါင်း (၁၀၀၀)ကျော်ခန့်ပမာဏရှိသော မသန်စွမ်းသူအရေအတွက်သည်လည်း အထူးဂရုပြုရမည့် ပမာဏဖြစ်လာသည့်အတွက် မသန်စွမ်းသူများ၏ အရေး မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုအလေးထားရန် လိုအပ်လာပါကြောင်း။

မသန်စွမ်းသူများသည်လည်း လူသားများပင်ဖြစ်သည့်အတွက် မသန်စွမ်းသူများ၏ ကျန်းမာသန်စွမ်းရန်၊ စိတ်ဓာတ်ကြံ့ခိုင်ရန်လည်း လိုအပ်လာပါကြောင်း၊ ထို့ကြောင့် မသန်စွမ်းသူတစ်ဦးချင်းစီ၏ စိတ်ဓာတ် ခွန်အားမြင့်မားစေရန်နှင့် ဝါသနာပါရာလုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်စေနိုင်ရေးအတွက် မသန်စွမ်းသူများ၏ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းမှုကိုရော စိတ်ဓာတ်ကိုပါ မြင့်မားလာစေရန် မိမိတို့ဝါသနာပါရာ အားကစားနည်းများလုပ်ဆောင်နိုင်ရေး အားပေးမြှင့်တင်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် (၂၀၁၄) ခုနှစ် သန်းခေါင်စာရင်းအရ ကွင်းဆင်းဆောင်ရွက်ခဲ့သော မသန်စွမ်းမှုလေးမျိုး အခြေခံစစ်တမ်းအရ နိုင်ငံ

















လူဦးရေ၏ (၄)ဒသမ(၆) ရာခိုင်နှုန်း ဖြစ်သော (၂)ဒသမ (၃)သန်းခန့်သည် မသန်စွမ်းသူများဖြစ်သည်ကို တွေ့ရှိခဲ့ရကြောင်း၊ နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများအနေဖြင့်လည်း မြန်မာနိုင်ငံမှ မသန်စွမ်းသူများ၏ ဘဝ စိုပြည်လုပအောင် ပြန်လည်ထူထောင်ရေး၊ လူ့ဂုဏ်သိက္ခာမြင့်မားရေးနှင့် သန်စွမ်းသူများနည်းတူ တန်းတူညီမျှ အခွင့်အရေးများ ရရှိရေးကိုရှေးရှုသည့် အစီအစဉ်များ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ မသန်စွမ်းအားကစားသမားများ အားကစားလေ့ကျင့်နိုင်ရန် ရည်ရွယ်၍ မသန်စွမ်းသူများ အားကစားလေ့ကျင့်ရေးစခန်းကိုလည်း တည်ဆောက်ပံ့ပိုးပေးကာ စခန်းသွင်း လေ့ကျင့် ပေးလျက်ရှိပါကြောင်း။

ယနေ့ခေတ်တွင် မသန်စွမ်းသူများ၏ အရေးသည် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အထူး အာရုံစိုက်အလေးထားရသည့် အရေးကိစ္စတစ်ရပ်ဖြစ်လာခဲ့ပါကြောင်း၊ ယခင်အချိန်အခါများက မသန်စွမ်းသူများအပေါ်ထားရှိခဲ့သည့် မသိနားမလည်ခြင်း၊ လျစ်လျူရှုခြင်း၊ အယူသီးခြင်းနှင့် ကြောက်ရွံ့စိုးရိမ်ခြင်းများ စသည့် မသင့်လျော်သည့်ခံယူချက်၊ အယူအဆဟောင်းများကို ဖယ်ခွာပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့် ဗြဟ္မစိုရ်တရား (၄)ပါးကို လက်ကိုင်ထားကြသည့် မြန်မာလူမျိုးများဖြစ်သည့်အလျောက် မိမိတို့ လူ့အဖွဲ့အစည်း၏ တစ်စိတ်တစ်ပိုင်း အသိုက်အဝန်းတစ်ခုတည်းဖြစ်သည့် မသန်စွမ်းသူများနှင့်ပတ်သက်သော အရေးကိစ္စများကို မိမိတို့တစ်ဦးချင်းစီနှင့် သက်ဆိုင်သည့်ကိစ္စရပ်၊ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့်သက်ဆိုင်သည့် ကိစ္စတစ်ရပ်အဖြစ် လက်ခံဆောင်ရွက်

>>

ပေးကြရမည်လည်းဖြစ်ပါကြောင်း။

ထို့ကြောင့်အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများ အားကစားအဆင့်အတန်းမြင့်မားတိုးတက်စေရေးနှင့် ဒေသတွင်းချစ်ကြည်ရင်းနှီးမှု မြင့်တင်နိုင်ရေးအတွက် အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ASEAN Para Sports Federation (APSF) ကို (၂၀၀၁)ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ အနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်၍ (၂)နှစ်တစ်ကြိမ် ကျင်းပလျက်ရှိသည့် မသန်စွမ်းသူများအားကစားပြိုင်ပွဲတိုင်းကို ပါဝင်ယှဉ်ပြိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမားဦးရေ အနည်းငယ်သာဖြစ်သော်လည်း ပြိုင်ပွဲဝင်အားကစား အမျိုးအစားတိုင်းတွင် ဆုတံဆိပ်များစွာ ဆွတ်ခူးပေးနိုင်ခဲ့ကြသည်ကို မှတ်တမ်းမှတ်ရာများက သက်သေခံလျက် ရှိနေပါကြောင်း။

မသန်စွမ်းသူများ အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မှတ်တမ်းများကို ပြန်လည် ကြည့်ရှုသည့်အခါ (၂၀၀၁)ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ပထမအကြိမ် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား (၃၁)ဦးရှိပြီး ရွှေ(၄၃)ခု အပါအဝင် ဆုတံဆိပ်ပေါင်း (၇၇)ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့်(၃)၊ (၂၀၀၃)ခုနှစ် ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား (၂၆)ဦးရှိပြီး ရွှေတံဆိပ်(၂၄)ခု အပါအဝင် ဆုတံဆိပ်ပေါင်း (၄၇)ခုနှင့် နိုင်ငံအလိုက် ရပ်တည်မှု အဆင့်(၄)၊ (၂၀၀၅)ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပခဲ့သည့် တတိယအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား(၂၂)ဦးရှိပြီး ရွှေတံဆိပ်(၂၉)ခု အပါအဝင် ဆုတံဆိပ်ပေါင်း (၄၆)ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှုအဆင့် (၅)၊ (၂၀၀၈)ခုနှစ်၊ ထိုင်းနိုင်ငံ၌ကျင်းပသောစတုတ္ထအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား (၂၅)ဦးရှိပြီး ရွှေတံဆိပ် (၁၄)ခု အပါအဝင် ဆုတံဆိပ်ပေါင်း (၅၁)ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့်(၆)၊ (၂၀၀၉)ခုနှစ် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့်ပဉ္စမအကြိမ် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား (၂၅)ဦးရှိပြီး ရွှေတံဆိပ် (၁၄)ခု အပါအဝင် ဆုတံဆိပ်ပေါင်း(၄၀)ခုနှင့်နိုင်ငံအလိုက် ရပ်တည်မှု အဆင့်(၆)၊ (၂၀၁၁)ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပပြုလုပ်သည့် ဆဋ္ဌမအကြိမ်အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားကစားသမား(၃၆)ဦးရှိပြီး ရွှေတံဆိပ်(၁၁)ခုအပါအဝင် ဆုတံဆိပ်ပေါင်း (၃၄)ခုနှင့် နိုင်ငံအလိုက် ရပ်တည်မှု အဆင့်(၆)၊ (၂၀၁၄)ခုနှစ် မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့သည့် သတ္တမအကြိမ်အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ (၂၁၅)ဦးရှိပြီး ရွှေတံဆိပ် (၃၄)ခု အပါအဝင် ဆုတံဆိပ်ပေါင်း (၉၆)ခု နှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့်(၅)၊ (၂၀၁၅)ခုနှစ် စင်္ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် အဋ္ဌမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ (၁၀၂)ဦးရှိပြီး ရွှေတံဆိပ်(၁၆)ခု အပါအဝင် ဆုတံဆိပ်ပေါင်း (၆၂)ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှုအဆင့်(၆)၊ (၂၀၁၇)ခုနှစ် မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် နဝမအကြိမ် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ (၁၂၀)ဦးရှိပြီး ရွှေတံဆိပ်(၁၁)ခု အပါအဝင် ဆုတံဆိပ်ပေါင်း(၄၃)ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့်(၆) စသည်ဖြင့် အောင်မြင်မှုများ ရရှိခဲ့သည်ကို တွေ့ရှိရပြီး ၂၀၁၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၁၀)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအား ကျင်းပပြုလုပ်နိုင်ခဲ့ခြင်း မရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အဆိုပါ မှတ်တမ်းများအရ မြန်မာနိုင်ငံမှ မသန်စွမ်းသူ အားကစားသမားများသည် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြသူများ ဖြစ်ခဲ့ကြသည်ကိုလည်းတွေ့ရှိခဲ့ရပါကြောင်း။

ပြီးခဲ့သည့်(၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း (၇)နည်း၊

>>














အားကစားသမား (၆၉)ဦး၊ ဖိတ်ကြားခံ၊ အုပ်ချုပ်သူ/နည်းပြ (၄၀)ဦး၊ ဒိုင်လူကြီး (၄)ဦး အပါအဝင် စုစုပေါင်း (၁၁၃)ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ် (၁၄)ခု၊ ငွေတံဆိပ် (၁၂)ခု၊ ကြေးတံဆိပ် (၁၇)ခု၊ စုစုပေါင်းဆုတံဆိပ် (၄၃)ခုရရှိပြီး ပြိုင်ပွဲဝင် (၁၁)နိုင်ငံအနက် အဆင့်(၆)နေရာ ရရှိခဲ့ပါကြောင်း။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း (၇)နည်းအနက် ပြေးခုန်ပစ်၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ် (၁၄)ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ အားကစားနည်းမှ ငွေတံဆိပ် (၁၂)ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ မြားပစ်၊ ဘောလုံး အားကစားနည်းများမှ ကြေးတံဆိပ်(၁၇)ခုရရှိခဲ့ပါကြောင်း။

ငွေတံဆိပ်ရရှိခဲ့သည့် အားကစားနည်းများသည်လည်း ပြိုင်ပွဲများတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ရွှေတံဆိပ်မရရှိခဲ့ကြသော်လည်း နိုင်ငံအတွက်အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကို လည်း တွေ့ရှိခဲ့ရပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်နိုင်မှုဆုတံဆိပ်များဆွတ်ခူးရရှိပြီး နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော် သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသူများအား ယခုလို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်းပင်ဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲတွင် နိုင်ငံအလိုက် အဆင့်တစ်ခုကို ရယူပေးနိုင်ခဲ့သည့် မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကို မှတ်တမ်းတင် ဂုဏ်ပြုကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၏ကြီးကြပ်မှုနှင့် မသန်စွမ်းသူအားကစားသမားများအားလုံးကလည်း အားကစားစည်းမျဉ်း၊ စည်းကမ်းဥပဒေဘောင်များအတွင်းမှ အားကစားစိတ်ဓာတ်အပြည့်နှင့် တရားနည်းလမ်းကျစွာ ယှဉ်ပြိုင်အနိုင်ယူပြီး နိုင်ငံတော်အတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ကြောင်းလည်း ထပ်လောင်း ပြောကြားလိုပါကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်နေမှုများကို အသိအမှတ်ပြုသောအားဖြင့် ပြိုင်ပွဲမသွားမီ ပြိုင်ပွဲဝင် အားကစားသမားတစ်ဦးကို ငွေကျပ်(၂)သိန်းစီနှင့် အမေရိကန်ဒေါ်လာ(၂၀၀)နှုန်း၊ အုပ်ချုပ်/ နည်းပြတစ်ဦးလျှင်အမေရိကန်ဒေါ်လာ(၁၀၀)နှုန်းစီ ချီးမြှင့်ထောက်ပံ့ပေးခဲ့သကဲ့သို့ ပြိုင်ပွဲအသီးသီးတွင်အားကြိုးမာန်တက်ယှဉ်ပြိုင်ပြီး တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို အမေရိကန်ဒေါ်လာ (၁၀၀၀)၊ ငွေတံဆိပ် ရရှိခဲ့ကြသူများကို အမေရိကန်ဒေါ်လာ (၇၀၀)၊ ကြေးတံဆိပ်ရရှိခဲ့ကြသူများကို အမေရိကန်ဒေါ်လာ (၅၀၀)၊ အသင်းလိုက်ငွေတံဆိပ်ရရှိခဲ့သူများကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၅၀၀)နှုန်းနှင့် အသင်းလိုက် ကြေးတံဆိပ်ရရှိခဲ့သူများကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၃၀၀)နှုန်း ချီးမြှင့်ပေးခဲ့ပါကြောင်း။









အလားတူ ယခုဂုဏ်ပြုပွဲတွင်လည်း ပြိုင်ပွဲမသွားမီ ကြိုတင်အသိပေးကြေညာထားသည့်အတိုင်း တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိသူများကို ငွေကျပ် သိန်း(၃၀၀)၊ ငွေတံဆိပ်ရရှိသူများကို ငွေကျပ်သိန်း(၂၀၀)၊ ကြေးတံဆိပ်ရရှိသူများကို ငွေကျပ်သိန်း(၁၀၀)စီကိုလည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ် ရရှိခဲ့သည့်အသင်းသားတစ်ဦးလျှင် ငွေကျပ်သိန်း(၁၀၀)၊ ငွေတံဆိပ်ရရှိခဲ့သည့် အသင်းသား တစ်ဦးလျှင် ငွေကျပ်သိန်း(၇၀)၊ ကြေးတံဆိပ်ရရှိခဲ့သည့် အသင်းသားတစ်ဦးလျှင် ငွေကျပ်(၃၅)သိန်းစီကိုလည်းကောင်း၊ အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့သည့် နည်းပြများကိုမိမိတို့ အားကစားနည်းမှ ရွှေတံဆိပ်ရရှိခဲ့အောင် စွမ်းဆောင်နိုင်ခဲ့သူ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း(၁၀၀)၊ ငွေတံဆိပ် ရရှိခဲ့ပါက ငွေကျပ်သိန်း(၅၀)၊ ကြေးတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း(၃၀)စီကိုလည်းကောင်း၊ အားကစားနည်းအလိုက် အုပ်ချုပ်မှုအဖွဲ့များကိုလည်း ရွှေတံဆိပ်ရရှိခဲ့ပါက အုပ်ချုပ်မှုအဖွဲ့များကို ငွေကျပ်သိန်း(၁၀၀)၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း(၅၀)၊ ကြေးတံဆိပ် ရရှိခဲ့ပါက ငွေကျပ်သိန်း(၃၀)နှုန်းဖြင့်လည်းကောင်း၊ စုစုပေါင်း ငွေကျပ်သိန်းပေါင်း(၁၀၀၆၀)ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပေးအပ်ချီးမြှင့်ခြင်းအတွက် သက်ဆိုင်သူများ အားလုံးအတွက် စိတ်ဓာတ်ခွန်အား ဖြစ်စေလိမ့်မည်ဟု ယုံကြည်ပါ ကြောင်း။

နိုင်ငံတော်နှင့် ပြည်သူလူထုအပါအဝင် ပံ့ပိုးကူညီပေးသော လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူ များအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၏ အားပေးချီးမြှောက်မှုအပေါ် တုန့်ပြန်သည့်အနေဖြင့် ဆုတံဆိပ်ရ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကလည်း မိမိတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်း လိုက်နာမှု၊ အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်များ နှင့် ပေါင်းစပ်ပြီး နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင် ယခုထက် ပိုမိုအောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရန်၊ အထူးသဖြင့်လာမည့် (၂၀၂၃) ခုနှစ် ဇွန်လ (၃)ရက်မှ(၉)ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကြီးတွင် ဆုတံဆိပ်သာမက နိုင်ငံအလိုက် အဆင့်ပါ အောင်မြင်မှုရရှိရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မလျှော့သော ဇွဲ၊









လုံ့လ၊ ဝီရိယ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ရေကုန်ရေခမ်း ဆက်လက်အားထုတ်ကြိုးပမ်းသွားကြပါဟုအလေးအနက်ထား တိုက်တွန်းမှာကြားပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်ဆုရ အားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ပြေးခုန်ပစ်အားကစားနည်းမှ မီတာ (၁၀၀) နှင့် မီတာ (၂၀၀) အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်(၂)ခုနှင့် အသင်းလိုက် မီတာ (၄၀၀) လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခုရရှိခဲ့သည့် အားကစားသမား ဒုတပ်ကြပ်စိုးပေကိုလည်းကောင်း၊ ပြေးခုန်ပစ် အားကစားနည်းမှ သံပြားပစ်နှင့် သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်(၂)ခုနှင့် လှံတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခုရရှိခဲ့သည့် အားကစားသမား မထက်ထက်အေးကိုလည်းကောင်း၊ ရေကူးအားကစားနည်းမှ မီတာ(၂၀၀)အလွတ်ကူးနှင့် မီတာ (၁၀၀) ပတ်လည်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ်(၂)ခုနှင့် မီတာ (၅၀) အလွတ်ကူးပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခု ရရှိခဲ့သည့် အားကစားသမား မောင်အောင်မြင့်မြတ်ကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ သံလုံးပစ်နှင့် သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်(၂)ခု ရရှိခဲ့သည့် အားကစားသမား မောင်အောင်ဘုန်းမြတ်ကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ မီတာ(၄၀၀) အပြေးပြိုင်ပွဲတွင်ရွှေတံဆိပ်(၁)ခု၊ အသင်းလိုက် မီတာ(၄၀၀)လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခုနှင့် မီတာ(၂၀၀) အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခုရရှိခဲ့သည့် အားကစားသမား အရာခံဗိုလ်ကျော်ကျော်ဝင်းကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခုနှင့် သံပြားပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခုရရှိခဲ့သည့် အားကစားသမား ဒုတပ်ကြပ် ဇော်မင်းလွင်ကိုလည်းကောင်း၊ ရေကူးအားကစားနည်းမှ မီတာ (၁၀၀) ရင်ဘောင်တန်းကူးပြိုင်ပွဲနှင့် မီတာ(၅၀)အလွတ်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခုနှင့် ငွေတံဆိပ်(၁)ခုရရှိခဲ့သည့် အားကစားသမား မောင်အောင်ဖုန်းကိုလည်းကောင်း၊ ရေကူးအားကစားနည်းမှ မီတာ(၅၀) ပတ်လည်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခုနှင့် မီတာ (၅၀) လိပ်ပြာကူးပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခုရရှိခဲ့သည့် အားကစားသမား မောင်ကျော်ထူးကို လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ လှံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခုနှင့် သံလုံးပစ်ပြိုင်ပွဲတွင်ကြေးတံဆိပ်(၁)ခု ရရှိခဲ့သည့်အားကစားသမား တပ်ကြပ်တင်ညိုကိုလည်းကောင်း၊ ရေကူးအားကစားနည်းမှ မီတာ(၁၀၀) ရင်ဘောင်တန်းကူးပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခု ရရှိခဲ့သည့် အားကစားသမား မောင်နန္ဒာစိုးမင်းကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် ပြေးခုန်ပစ်အားကစားနည်းမှ မီတာ(၁၀၀) အပြေးပြိုင်ပွဲနှင့် အလျားခုန်ပြိုင်ပွဲတွင် ငွေတံဆိပ် (၂)ခု ရရှိခဲ့သည့် အားကစားသမား မလော်လာဝင်းကိုလည်းကောင်း၊ အလေးမအားကစားနည်းမှ (၈၆)ကီလိုတန်းပြိုင်ပွဲနှင့် အကောင်းဆုံးပါဝင်ယှဉ်ပြိုင်မှုတွင် ငွေတံဆိပ်(၂)ခုရရှိခဲ့သည့် အားကစားသမား မငြိမ်းစန္ဒာအောင်ကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခု၊ လှံတံပစ်နှင့်သံပြားပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်(၂)ခု ရရှိခဲ့သည့် အားကစားသမား ဒုတပ်ကြပ် အောင်ထွန်းလင်းကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ လှံတံပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခုနှင့် အမြင့်ခုန်ပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခုရရှိခဲ့သည့်ဒုတပ်ကြပ်စိုးသန်းကိုလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ မီတာ(၁၀၀) အပြေးပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခုနှင့်မီတာ (၄၀၀) အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခုရရှိခဲ့သည့် အားကစားသမား မနန္ဒာလင်းကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jang Phange နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့်စောဒန်နီယယ်တို့က ငွေတံဆိပ်၊ ကြေးတံဆိပ်ရရှိကြသည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြများကို ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်(၂)ခုနှင့် ငွေတံဆိပ်(၁)ခု ရရှိခဲ့သည့်အားကစားသမား ဒုတပ်ကြပ်စိုးပေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာ၌ ယခုပြိုင်ပွဲတွင် အောင်မြင်မှုများဆွတ်ခူးနိုင်စေရန် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အုပ်ချုပ်သူ/နည်းပြများ၏ သွန်သင်ဆုံးမမှုများဖြင့် လေ့ကျင့်မှုများကို စဉ်ဆက်မပြတ်လုပ်ဆောင်ခဲ့ပါကြောင်း၊ အဆိုပါရလဒ်များကြောင့် အခြားသော နိုင်ငံများမှ

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

● နေပြည်တော် ၊ ဩဂုတ်လ(၃)ရက်။

အားကစား နှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ်၊ ပြည်နယ် နှင့် တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ(၃)နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phange နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ပြည်ထောင်စုစာရင်းစစ်ချုပ်၊

စာမျက်နှာ(၈)သို့













▶▶

ပြိုင်ပွဲဝင်အားကစားသမားများနှင့်အတူ ယှဉ်ပြိုင်ရာတွင် ပြိုင်ဘက်အသင်းများကို အနိုင်ရရှိအောင် ကစားနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ပေးသည့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကို ဆုရရှိသည့် အားကစားသမားများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ နောင်နှစ်များတွင်လည်း ကျင်းပမည့် မသန်စွမ်းအားကစားပြိုင်ပွဲများတွင် မိမိတို့၏မသန်စွမ်းများသည် "မသန်လည်းလူ၊ သန်လည်းလူ၊ စွမ်းဆောင်နိုင်မှုသာ အဓိက" ဆိုသည့်အချက်ကို သက်သေပြရင်း နိုင်ငံ့ကိုယ်စားပြုပြီး ယခုထက် ဆုတံဆိပ်များ ပိုမိုဆွတ်ခူးရရှိနိုင်အောင် ကြိုးစား ယှဉ်ပြိုင် သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

■













စာမျက်နှာ(၇) ⋯မှစာဆက်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံး ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းနှင့်မွန်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ် အသင်းကို (၃)ဂိုး(၂)ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက အကောင်းဆုံးဂိုးသမားဆုရ သန်းရွှေငွေး (ကရင်ပြည်နယ်အသင်း)ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက အကောင်းဆုံးနောက်တန်းကစားသမားဆုရ ရဲထက်နိုင် (မန္တလေးတိုင်းဒေသကြီးအသင်း)နှင့် အကောင်းဆုံး အလယ်တန်း ကစားသမားဆုရ ကောင်းထက်ပိုင်(မွန်ပြည်နယ်အသင်း) တို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် စောဒန်နီယယ်က အကောင်းဆုံး ရှေ့တန်းကစားသမားဆုရ စီးရဖိုး (ကရင်ပြည်နယ်အသင်း) နှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံး ကစားသမားဆုရ ထွန်းထွန်းနိုင် (ကချင်ပြည်နယ်အသင်း)တို့ကိုလည်းကောင်း တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က စတုတ္ထဆုရရှိသည့် ကချင်ပြည်နယ်အသင်းအား ငွေသားဆုကိုလည်းကောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဦးမောင်းဟာက တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုကိုလည်းကောင်းပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား အမျိုးသားတံခွန်စိုက်ဒိုင်းကိုပေးအပ်ချီးမြှင့်သည်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင်လ (၂၀)ရက်မှ ဩဂုတ်လ(၃)ရက်အထိ ပြိုင်ပွဲဝင်အသင်းပေါင်း(၁၄)သင်းမှ အားကစားသမားစုစုပေါင်း (၃၂၅)ဦး ပါဝင် ယှဉ်ပြိုင် ကစားခဲ့ကြကြောင်း သိရသည်။

■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော်၊ ဩဂုတ်လ(၁၂)ရက်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဂျူဒို အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ "၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့









နံနက်(၉း၀၀)နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A) ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်အေးနုစိန်၊ Jeng Phange နော်တောင်၊ ဦးမောင်းဟာ၊ ဦးစောဒန်နီယယ်နှင့် ဒေါက်တာ ဗညားအောင်မိုး၊ ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဂျူဒိုအားကစားနည်းသည် ဂျပန်လူမျိုးများ၏ ရိုးရာအားကစားနည်းတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံမှ လူငယ်/လူရွယ်အများအပြား စိတ်ပါဝင်စားစွာဖြင့် လေ့ကျင့်ကစားနိုင်သည့် ကိုယ်ခံပညာရပ်တစ်ခုဖြစ်ပါကြောင်း၊ ဂျူဒိုအားကစားနည်းသည် ၁၉၆၅ ခုနှစ်၊ (၃)ကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲမှ ၂၀၁၉ ခုနှစ်၊ (၃၀)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအထိ ရွှေတံဆိပ်(၂၅)ခု၊ ငွေတံဆိပ်(၆၂)ခုနှင့် ကြေးတံဆိပ်(၇၄)ခုတို့ကို ဆွတ်ခူးရရှိခဲ့ပါကြောင်း၊ ဒါ့အပြင် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း ဂျူဒိုအားကစားနည်းဖြင့် ငွေတံဆိပ် (၂)ခုနှင့်ကြေးတံဆိပ်(၂)ခု၊ ကူရတ်အားကစားနည်းဖြင့် ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၁)ခု နှင့် ကြေးတံဆိပ်(၂)ခု ဆွတ်ခူးရယူပေးနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲများမှ ထူးချွန်မျိုးဆက်သစ်အားကစားသမားများကို စနစ်တကျလေ့ကျင့် ပျိုးထောင်ပေးရန်နှင့် အောင်မြင်မှုအစဉ်အလာကောင်းများကို မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်အနေဖြင့် ဆက်လက် ထိန်းသိမ်းထားရန် လိုကြောင်း၊ နိုင်ငံတော်မှ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အားကစားသမားများ၏ ရေရှည်ဘဝ အာမခံချက်ရရှိစေရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် အားကစားလှုပ်ရှားမှုများ မပြုလုပ်နိုင်တော့သည့်မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများအတွက် ထောက်ပံ့ကူညီနိုင်ရေး အစီအမံများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်မှ အားကစားကို အားပေး ပံ့ပိုး ကူညီဆောင်ရွက်ပေးလျက်ရှိသလိုအားကစားသမားများအနေဖြင့်လည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး မိမိနိုင်ငံ၏ ဂုဏ်သိက္ခာကျစေမည့် ပြုမူဆောင်ရွက်မှုမျိုး မပြုလုပ်မိစေရန် အထူးမှာကြားလိုကြောင်း၊ ယခုပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားသမားများအနေဖြင့် ယှဉ်ပြိုင်ခြင်းသည် အဓိကဖြစ်သလို အနိုင်ရခြင်း သည်




လည်း ပဓာနကျသည်ဆိုသော ခံယူချက်နှင့် မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်း အနိုင်ရရှိရေးအတွက် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် အားကစားသမား အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အားကစားသမားကောင်းစိတ်ဓာတ်အပြည့်အဝဖြင့် သတ်မှတ်ထားသော ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများကို လေးစားလိုက်နာပြီး နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်းပြောကြားခဲ့ပြီး "၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ" ကို ဖွင့်လှစ်ပေးခဲ့ပါသည်။

ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများမှ အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

စာမျက်နှာ(၁၀)သို့





စာမျက်နှာ(၉)...မှစာဆက်

အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံ နှုတ်ဆက်ခဲ့ပြီးနောက် ပထမနေ့ ဂျူဒိုပြိုင်ပွဲ(အမျိုးသား)ခတ ပွဲစဉ်နှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲသရုပ်ပြ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ပါသည်။



အဆိုပါ "၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ" ကို ဩဂုတ်လ(၁၂)ရက်နေ့မှ (၁၆)ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပ ပြုလုပ် သွားမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အမျိုးသားအသင်း(၁၂)သင်း၊ အမျိုးသမီးအသင်း(၁၃)သင်း၊ စုစုပေါင်း ပြိုင်ပွဲဝင် အသင်း(၁၃)သင်းမှ အသင်းအုပ်ချုပ်သူ/နည်းပြ၊ အားကစားသမားအင်အားစုစုပေါင်း(၂၃၇)ဦးတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား နှင့် ဗိုဗီနမ်နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနား တက်ရောက်

● နေပြည်တော်၊ ဩဂုတ်လ(၁)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဖွဲ့စည်းခြင်း(၁)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက်(၁၀)နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပ ပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးနေဝင်း၊ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဌာနခွဲများမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမှာစကားပြောကြားရာတွင် ၁၉၉၆ ခုနှစ်၊










>>>>









ဒီဇင်ဘာလ (၁၈)ရက်နေ့တွင် အားကစားဝန်ကြီးဌာနကို စတင်ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်၊ မေလမှ စတင်ကာ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနဟူ၍ ပြောင်းလဲဖွဲ့စည်းခဲ့ပြီး နောက် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့မှစတင်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင် ပြောင်းလဲ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းသည် ယနေ့ဆိုလျှင်(၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ အားကစားကဏ္ဍ ဆောင်ရွက်မှုများ အနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံတော်၏အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် အရှေ့တောင်အာရှ၊ အာရှနှင့် ကမ္ဘာ့နိုင်ငံများအကြား အဆင့်မြင့်မြင့် ဝင်ရောက် ယှဉ်ပြိုင် အနိုင်ရရှိရေးတို့အား တစ်နိုင်ငံလုံးအတိုင်း အတာအဖြစ် လွှမ်းခြုံအကောင်အထည်ဖော်




ဆောင်ရွက်နေရခြင်းဖြစ်ပြီး လူထုအားကစားလှုပ်ရှားမှု ကျယ်ပြန့်ရေး၊ မျိုးဆက်သစ်အားကစားသမားများ ထွက်ပေါ်စေရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များဖြင့် ပူးပေါင်း၍ ရေတို၊ရေရှည်စီမံချက်များ ရေးဆွဲချမှတ်၍ လူအား၊ ငွေအား ပံ့ပိုးမှုအားများ ရယူ၍ အချိန်နှင့်တပြေးညီ ဆောင်ရွက်လျက်ရှိသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ မျိုးဆက်သစ် အားကစားသမား ထွက်ပေါ်စေရေးအတွက် အားကစားနှင့်ကာယပညာသိပ္ပံကျောင်း(၆)ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး (စစ်တွေ)သိပ္ပံနှင့်(ဟားခါး)သိပ္ပံအတွက် ဖွဲ့စည်းပုံအရဝန်ထမ်းများခန့်အပ်၍ ဖွင့်လှစ်ရေးဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အမှန်တကယ်အရည်အချင်းရှိသူများအား ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် စာမေးပွဲများကျင်းပကာ Board အဖွဲ့ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်ရေးရာကဏ္ဍ အနေဖြင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ဦးဆောင်မှုနှင့်အတူ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ အဓိကအခန်းကဏ္ဍကြီး(၁၇)ရပ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကျင်းပပြုလုပ်သည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်ခြင်း၊ ထူးချွန်ဆုရရှိခဲ့သူများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံး အနေဖြင့် ဝန်ထမ်းကောင်း၏ အရည်အချင်း(၃)ရပ် ဖြစ်သည့် အမိန့်နာခံတတ်ခြင်း၊ သစ္စာရှိ၍ ယုံကြည်စိတ်ချမှုရှိခြင်း၊ ပေးအပ်သောတာဝန်ကို ကျေပွန်စွာ လိုက်နာဆောင်ရွက်ခြင်းတို့ကို နှလုံးသွင်း၍ အဖြူရောင်စိတ်ဓာတ်ဖြင့် မိမိကျရာအခန်းကဏ္ဍမှ

စာမျက်နှာ(၁၂)သို့













စာမျက်နှာ(၁၁) ••• မှစာဆက်

မိသားစု စိတ်ဓာတ်နှင့်စည်းကမ်းရှိရှိ၊ တာဝန်သိသိ၊ စည်းလုံးညီညွတ် ပျော်ရွှင်စွာဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ပါသည်။



ယင်းနောက်ပြည်သူ့ကျန်းမာရေး တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိသည့် အားကစား ဆေးဘက်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးမင်းဦးနှင့် သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သူ (၄)ဦးကို ဂုဏ်ပြုဆုတံဆိပ်အားလည်းကောင်း၊ (၅၄)ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မအေးသန္တာခိုင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆုကျပ်သိန်း(၃၀၀)အားလည်းကောင်း၊ ငွေတံဆိပ်ဆုရရှိခဲ့သည့် မောင်ရဲထွန်းနောင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆုကျပ်သိန်း(၂၀၀)အားလည်းကောင်း၊ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ(၂၀၂၂) (AFF Women's Championship 2022)တွင် တတိယဆုရရှိခဲ့သည့် မြန်မာအမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့်တစ်ဦး လျှင် ငွေသားဆုကျပ်(၃၅)သိန်းနှုန်းဖြင့် စုစုပေါင်း ကျပ်သိန်း(၁၀၉၀)အားလည်းကောင်း၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမား(၇)ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့်တစ်ဦးလျှင် ငွေသားဆုကျပ်(၅)သိန်းနှုန်းဖြင့် စုစုပေါင်း ကျပ်(၃,၅၀၀,၀၀၀)သိန်းအား ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံမှ အသီးသီး ပေးအပ် ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်ပြီး (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ငွေတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမားဝန်ထမ်း (၁၁)ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆုတစ်ဦးလျှင် ကျပ်(၃)သိန်းနှုန်းဖြင့် စုစုပေါင်းကျပ်(၃,၃၀၀,၀၀၀) သိန်းအား ဒုတိယဝန်ကြီးဦးမျိုးလှိုင်မှလည်းကောင်း၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ကြေးတံဆိပ်ဆုရရှိခဲ့သည့်အားကစားသမား(၃၅)ဦးနှင့် နည်းပြ/အုပ်ချုပ်သူ(၁၃)ဦးတို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ငွေသားဆု တစ်ဦးလျှင် ကျပ်(၂)သိန်းနှုန်းဖြင့်စုစုပေါင်း ကျပ်(၉,၆၀၀,၀၀၀)သိန်းအား ညွှန်ကြားရေးမှူးချုပ်၊ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များမှလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန (နေပြည်တော်)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးရုံး၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် လူငယ်ရေးရာဦးစီးဌာနမှ ဝန်ထမ်းများအား ဆန်(၆)ပြည်၊ ဆီ(၁)ပိဿာနှင့်

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ် ပထမ (၄) လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

● နေပြည်တော်၊ ဩဂုတ်လ(၂)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပထမ(၄)လပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်(၉း၀၀)နာရီတွင် နေပြည်တော်၊ ရုံးအမှတ်(၃၁)၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ် ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနခွဲညွှန်ကြားရေးမှူးများ၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းအုပ်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တာဝန်ခံ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက် ခဲ့ကြပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနဖြစ်သည့်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးတာဝန်ခံများအနေဖြင့် အားကစားကဏ္ဍအပြင်လူငယ်ရေးရာလုပ်ငန်းများကိုပါ ပူးတွဲတာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ မိမိအားပေးအပ်ထားသော လုပ်ငန်းတာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာ မိမိဝန်ကြီးဌာနလုပ်ငန်းများ အောင်မြင်တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအချင်းချင်း အထက်အောက် အပြန်အလှန် လေးစားမှုရှိပြီး မိသားစု စိတ်ဓာတ်ဖြင့် လုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများနှင့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းအုပ်ကြီးများအနေဖြင့် ဝန်ထမ်းများအား စီမံ/အုပ်ချုပ်ကွပ်ကဲရာတွင် စိတ်ရှည်ပြီး လုပ်ငန်းဆောင်ရွက်ချက်






စာမျက်နှာ(၁၄)သို့





ကုလားပဲ(၅၀)ကျပ်သားတို့ကို တစ်ဦးလျှင် ကျပ်(၂၁၄၀၀)နှုန်းဖြင့် ဝန်ထမ်း(၁၂၅၀)ဦးအတွက်စုစုပေါင်းကျပ်သိန်း(၂၆,၇၅၀,၀၀၀)အား ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့မှ ပေးအပ်ခဲ့ရာ ဝန်ထမ်းများ ကိုယ်စား တာဝန်ရှိသူများမှ လက်ခံခဲ့ကြပြီးနောက် အခမ်းအနားအား ရုပ်သိမ်းခဲ့ပါသည်။



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်မှုဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၂ ခုနှစ်၊ ဗိုဗီနမ်နည်းပြ သင်တန်းဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ် ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် သင်တန်းသား/သင်တန်းသူများတက်ရောက်ခဲ့ကြပါသည်။

သင်တန်းသား/သင်တန်းသူများမှ တစ်ဦးချင်းဂါရဝပြုမိတ်ဆက်ခဲ့ကြပြီးနောက် ပြည်ထောင်စု ဝန်ကြီးမှ အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပါသည်။

အဆိုပါ ဗိုဗီနမ်နည်းပြသင်တန်းကို (၁-၈-၂၀၂၂) ရက်နေ့မှ (၃၀-၈-၂၀၂၂)ရက်နေ့အထိ သင်တန်းကာလ(၁)လတွင် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ နည်းပြ(၃)ဦးတို့က သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ သင်တန်းသား/သင်တန်းသူ စုစုပေါင်း (၃၀)ဦး တက်ရောက် သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

■

စာမျက်နှာ(၁၃) …မှစာဆက်

များကို မှန်ကန်စွာကိုင်တွယ် ဖြေရှင်းရန်နှင့် ခေါင်းဆောင်ကောင်းပီသစွာ မိမိလက်အောက်ရှိ ဝန်ထမ်းများအပေါ် ကျောသား/ရင်သား မခွဲခြားဘဲ အားလုံးကို တန်းတူညီမျှ ဆက်ဆံရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ မူဝါဒများနှင့် ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ဆောင်ရာတွင် မိမိတို့၏အတွေ့အကြုံ/ထိုးထွင်းဉာဏ်များဖြင့် ပေါင်းစပ် လုပ်ကိုင်ဆောင်ရွက်သွားကြရန်နှင့် ဌာနရှိ ဝန်ထမ်းများအားလုံး စည်းလုံး ညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုများကြောင့် ဝန်ကြီးဌာန၏လုပ်ငန်းများ အတိုင်းအတာတစ်ခုထိ အောင်မြင်သည်ကို တွေ့မြင်ရပါကြောင်း၊ မိမိအနေဖြင့် တာဝန်ရှိသူများနှင့်အတူ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အားကစားကွင်း/အားကစားရုံများသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာတွင် အားသာချက်/အားနည်းချက်များကို ပြင်ဆင်ရန်နှင့် လိုအပ်သည်များကို တာဝန်ရှိသူများမှ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး တာဝန်ခံညွှန်ကြားရေးမှူးများနှင့် အားကစား နှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီးများသည် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်လိုကြောင်းနှင့် မိမိဒေသ၏ လုံခြုံရေးအခြေအနေကို ကြည့်ရှုပြီး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲများကို ကျင်းပပေးရန် လိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဖြည့်စွက်အမှာစကား ပြောကြားရာတွင် တာဝန်ခံညွှန်ကြားရေးမှူးများအနေဖြင့် ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုကဏ္ဍအလိုက် စနစ်တကျ တာဝန်ခွဲဝေပေးရန်လိုကြောင်း၊ ရုံးစာများ ကျိုးပေါက်မှုမရှိစေရေး စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အားကစားကွင်း/ အားကစားရုံများကို စနစ်တကျစာရင်း ပြုစုထားရန်နှင့်အသစ်တိုးချဲ့တည်ဆောက်မည့် အားကစားကွင်း/အားကစားရုံများကိုလည်း လျာထားပြုစုထားရှိရန် လိုကြောင်း၊ အားကစားကဏ္ဍပြန်လည်ဦးမော့လာစေရန် ပြည်နယ်နှင့်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများမှ အမှန်တကယ် အရည်အချင်းရှိပြီး Talent ရှိသည့် မျိုးဆက်သစ် အားကစားသမားများကို ရွေးချယ်၍ သိပ္ပံကျောင်းများသို့ စေလွှတ်ပေးပို့နိုင်ရေးနှင့် သိပ္ပံကျောင်းအုပ်ကြီးများမှ နိုင်ငံ့လက်ရွေးစင်မျိုးဆက်သစ် အားကစားသမားများမွေးထုတ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများမှ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး ဝင်ရောက်ယှဉ်ပြိုင်ကြစေလိုကြောင်းနှင့် ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများကိုလည်း တိကျစွာ လိုက်နာကြစေလိုကြောင်း၊ ဘတ်ဂျက်နှင့် Exchange Rate မြင့်တက်မှုကြောင့် အမှန်တကယ်လိုအပ်သည့် အသုံးစရိတ်များကိုသာ သတ်မှတ်ငွေစာရင်းခေါင်းစဉ်များအတိုင်း သုံးစွဲကြရန်နှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း သေချာစွာစိစစ်ကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီးများမှ ၂၀၂၂ခုနှစ်၊ ဧပြီလမှ ဇူလိုင်လအထိ (၄)လတာကာလအတွင်း ဆောင်ရွက်ထားရှိသည့် စီမံ/ဘဏ္ဍာဆိုင်ရာ တင်ပြချက်များ၊ အားကစားနည်းအလိုက် နည်းပြနှင့် သင်တန်းသား/သင်တန်းသူအင်အားစာရင်းများ၊ အားကစားလေ့ကျင့်ရေးဆိုင်ရာ တင်ပြချက်များ၊ ပညာရေးဆိုင်ရာ တင်ပြချက်များ၊ အောင်ချက်မြင့်မားရေး ဆောင်ရွက်ချက်များ၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများ၊ B.Sc (Sports) ဆိုင်ရာကိစ္စရပ်များနှင့် အထွေထွေ တင်ပြချက်များကို အသီးသီး ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးတာဝန်ခံညွှန်ကြားရေးမှူးများမှ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ဘတ်ဂျက်သုံးစွဲမှုအခြေအနေများ၊ အားကစားကွင်း/အားကစားရုံ/ကန်/မြေဂရမ်ရရှိမှုကိစ္စရပ်များ၊ ပြည်ထောင်စု/ ပြည်နယ်နှင့် တိုင်းဒေသကြီးဘတ်ဂျက် ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဒေသတွင်းအားကစားပြိုင်ပွဲ ကျင်းပခဲ့မှုအခြေအနေများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုနှင့်ဆုတံဆိပ်ရရှိမှု အခြေအနေများ၊ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပဆောင်ရွက်ခဲ့မှုအခြေအနေများ၊ လူထုအားကစား လှုပ်ရှားဆောင်ရွက်မှုများ၊ Outdoor Fitness တပ်ဆင်ထားရှိမှုအခြေအနေများနှင့် အားကစားသင်တန်းများ ဖွင့်လှစ်ထားရှိမှုကိစ္စရပ်များကို အသီးသီး ရှင်းလင်းတင်ပြခဲ့ကြပြီးနောက် ညွှန်ကြားရေးမှူးချုပ်များက လက်ရှိဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့မှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို သုံးသပ် ဖြည့်စွက်လမ်းညွှန် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

■











## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်မသန်စွမ်းအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေး

● နေပြည်တော်၊ ဩဂုတ်လ(၄)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံသည် အင်ဒိုနီးရှား နိုင်ငံတွင် ကျင်းပ ပြုလုပ်လျက်ရှိသည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်း၊ ရေကူးအားကစားနည်း၊ မြားပစ်အားကစားနည်းနှင့် အလေးမအားကစားနည်းတို့တွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်မသန်စွမ်းအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ယနေ့နံနက် ဒေသစံတော်ချိန် (၁၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အိုလံပစ်ကော်မတီရုံး၌ Virtual Online စနစ်ဖြင့် ကြည့်ရှုအားပေးခဲ့ပါသည်။








မြန်မာအသင်းအနေဖြင့် ရေကူးအားကစားနည်းမှ မောင်နန္ဒစိုးမင်းသည် Breaststroke (ဖားကူးပြိုင်ပွဲ)တွင် ရွှေတံဆိပ်(၁)ခု၊ မောင်အောင်မြင့်မြတ်သည် မီတာ(၅၀)အလွတ်ကူးပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခု၊ ပြေးခုန်ပစ် အားကစားနည်းမှ မောင်စိုးပေသည် မီတာ (၂၀၀) ပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခု၊ မောင်ဇော်မင်းလွင်သည် သံပြားဝိုင်းပစ်(F44)ပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခု၊ မောင်ကျော်ကျော်ဝင်းသည် မီတာ (၂၀၀)အပြေးပြိုင်ပွဲတွင် ကြေးတံဆိပ် (၁)ခု၊ မောင်အောင်ထွန်းလင်း သံပြားဝိုင်းပစ်(F42/63)ပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခု၊ မြားပစ်အားကစားနည်းမှ မစိန်ဖော့သည် Compound အမျိုးသမီးပြိုင်ပွဲတွင် ကြေးတံဆိပ် (၁)ခု အသီးသီးထပ်မံဆွတ်ခူး ရရှိခဲ့ကြပါသည်။

(၄-၈-၂၀၂၂)ရက်နေ့ နံနက် ိုင်းအထိ မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ်(၁၁)ခု၊ ငွေတံဆိပ်(၃)ခုနှင့် ကြေးတံဆိပ်(၁၀)ခု၊ စုစုပေါင်း ဆုတံဆိပ်(၂၄)ခု ဆွတ်ခူးရရှိထားပြီးဖြစ်ကြောင်း သတင်းရရှိပါသည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ISPE FC (MYA) မြန်မာအမျိုးသမီးဘောလုံးအသင်း လေ့ကျင့်နေမှုအား ကြည့်ရှုအားပေး

● နေပြည်တော်၊ ဩဂုတ်လ(၄)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်(၉:၃၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစား လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ AFC Women's Club Championship 2022 (EAST) အာရှအမျိုးသမီးကလပ်အသင်းများ ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ISPE (FC) ဘောလုံး (အမျိုးသမီး)အသင်း၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် အားကစားသမားများအား တွေ့ဆုံ၍ ကျန်းမာ ရေးနှင့်လုံခြုံရေး အထူးဂရုစိုက်ရန် လိုအပ်ကြောင်း၊ ခန္ဓာကိုယ်ကျန်းမာမှ လေ့ကျင့်ထားသည့်အတိုင်းပြိုင်ပွဲတွင် မိမိတို့၏ အစွမ်းအစများ၊ အရည်အချင်းများကို ဖော်ထုတ်ပြသ ကစားနိုင်မည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့ဖြင့် ကစားရသည့် အားကစားနည်းဖြစ်

စာမျက်နှာ(၁၆)သို့





စာမျက်နှာ(၁၅) ···မှစာဆက်

သည့်အတွက် စည်းလုံးညီညွတ်စွာဖြင့် တစ်ကိုယ်ကောင်းစိတ် မထားဘဲ ယှဉ်ပြိုင်ကစားကြဖို့ လိုအပ်ကြောင်း၊ နည်းပြများအနေဖြင့် လေ့ကျင့်ချိန်တွင် မိမိအသင်းသားများ၏ အားနည်းချက်/ အားသာချက်များကို သုံးသပ်ပြုပြင်၍ လေ့ကျင့် သင်ကြား ပေးသွားရန်လိုကြောင်း၊ အားကစားထူးချွန်ပြီး အောင်မြင်မှုရရှိလာပါက နိုင်ငံတော်မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိကြောင်း၊ တစ်ဖက်ပြိုင်ဘက်အသင်း၏ အားသာချက်/ အားနည်းချက်များကို လေ့လာပြီး မဆုတ်မနစ်သောစိတ်ဓာတ်၊ မလျော့သော ဇွဲ၊ လုံ့လတို့ဖြင့် ရေကုန်ရေခမ်း အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်ခဲ့ကြရန် တိုက်တွန်းမှာကြားခဲ့ပြီးနောက် ပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည့် အုပ်ချုပ်/ထောက်ပံ့မှုကိစ္စရပ်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါ AFC Women's Club Championship 2022 (EAST) အာရှအမျိုးသမီးကလပ်အသင်းများ ဘောလုံးပြိုင်ပွဲကို ဩဂုတ်လ(၁၅)ရက်နေ့မှ(၂၁)ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ချောင်ဘူရီမြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် အုပ်ချုပ်/နည်းပြ၊ အားကစားသမားစုစုပေါင်း(၂၉)ဦး ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး (၁၅-၈-၂၀၂၂)ရက်နေ့ ဒေသစံတော်ချိန်ညနေ(၆)နာရီတွင် ISPE FC(MYA)အသင်းနှင့် Taichung Blue Whale FC(TPE) အသင်းတို့မှလည်းကောင်း၊ (၁၈-၈-၂၀၂၂)ရက်နေ့ ဒေသစံတော်ချိန် ညနေ(၆)နာရီတွင် Champion Of 2022 Season (THA) အသင်းနှင့် ISPE FC(MYA) အသင်းတို့မှလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်(၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်မသန်စွမ်းအားကစားသမားများ၏ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင် ကစားနေမှုများကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ မြန်မာနိုင်ငံအိုလံပစ် ကော်မတီရုံး၌ Virtual Online စနစ်ဖြင့် သွားရောက်ကြည့်ရှုအားပေးခဲ့ရာ ရေကူးအားကစားနည်းမှ မီတာ(၁၀၀) Breaststroke (ဖားကူး)ပြိုင်ပွဲတွင် မောင်နန္ဒစိုးမင်းမှ ရွှေတံဆိပ်ဆု အားလည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်း (အမျိုးသား)သံပြားဝိုင်းပစ် (F44)ပြိုင်ပွဲ အမျိုးအစားတွင် မောင်ဇော်မင်းလွင်မှ ငွေတံဆိပ်ဆုနှင့် (F42/63)ပြိုင်ပွဲ အမျိုးအစားတွင် မောင်အောင်ထွန်းလင်းမှကြေးတံဆိပ်ဆုအားလည်းကောင်း၊ မြားပစ်အားကစားနည်းမှ Compound (အမျိုးသမီး)ပြိုင်ပွဲတွင် မစိန်ဖော့မှ ကြေးတံဆိပ်ဆုအား လည်းကောင်း နိုင်ငံတော်အတွက် ဆုတံဆိပ်များကို အသီးသီး ထပ်မံဆွတ်ခူး ရယူပေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ အစည်းအဝေးခန်းမ၌ ဩဂုတ်လ(၄)ရက်နေ့မှ အောက်တိုဘာလ(၁၃)ရက်နေ့အထိ Online စနစ်ဖြင့် ကျင်းပပြုလုပ်မည့် အာဆီယံ လူငယ်စကားဝိုင်း ၂၀၂၂ခုနှစ် (ASEAN Youth Debate 2022)သို့ မြန်မာနိုင်ငံ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် လူငယ်ကိုယ်စားလှယ်များ၏ ပထမပတ်လည်ပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် လေ့ကျင့်ပြင်ဆင်ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ပါသည်။

အဆိုပါ အာဆီယံလူငယ်စကားဝိုင်း ၂၀၂၂ခုနှစ် (ASEAN Youth Debate 2022)တွင် မြန်မာနိုင်ငံကိုယ်စားပြုအသင်းအနေဖြင့် (အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန)တို့မှ လူငယ်ကိုယ်စားလှယ်(၁၉)ဦးတို့သည် ပထမ ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို အသင်း(၃)သင်းဖြင့် ဩဂုတ်လ(၅) ရက်နေ့တွင် ဝင်ရောက်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။










**ကမ္ဘာ့လူငယ်များနေ့ဆောင်ပုဒ်**

**သက်ရှယ်စုံညီ ကမ္ဘာသစ်ဆီ**
**မျိုးဆက်သစ်အားလုံး ပူးပေါင်းပါဝင်ကူညီ**

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ၂၀၂၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားတက်ရောက်

● နေပြည်တော်၊ ဩဂုတ်လ(၁၂)ရက်။

အနာဂတ်ကာလတွင် အသင့်ဖြစ်နေသော မျိုးဆက်သစ် လူငယ်များ၏ အရေးပါသည့်အခန်းကဏ္ဍကို အသိအမှတ်ပြု၍ လူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ အခက်အခဲများကို နိုင်ငံတကာ






အသိုက်အဝန်းက သိရှိနားလည်စေရန် ရည်ရွယ်ပြီး "၂၀၂၂ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနား" ကို ယနေ့ နံနက်(၁၀း၀၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပရာ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်









လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန(ဝန်ကြီးရုံး)မှ လက်ထောက်အတွင်းဝန်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီဝင်များ၊ ဆရာအားကစားသမားများနှင့် ဆရာကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ ကမ္ဘာပေါ်တွင် လူဦးရေ(၈)ဘီလီယံခန့်ရှိရာ ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ (၁၈)ရာခိုင်နှုန်းခန့်သည် လူငယ်များဖြစ်ကြကြောင်း၊ အာဆီယံဒေသတွင်း လူဦးရေ(၆၅၄) သန်းအနက် (၃၄)ရာခိုင်နှုန်းသည် အသက်(၁၅)နှစ်မှ(၃၅)နှစ်ကြား လူငယ်များဖြစ်ကြကြောင်း၊ လူငယ်များသည် အနာဂတ်တွင်နိုင်ငံ့ခေါင်းဆောင်များ၊ နည်းပညာဆိုင်ရာ တီထွင်ဖန်တီးသူများ၊ ငြိမ်းချမ်းရေး ဖော်ဆောင်သူများ၊ စွန့်ဦးတီထွင်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကိုဖော်ဆောင်ပေးနိုင်သည့် လုပ်သားအင်အားစုများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြောင်း၊ တိုင်းပြည်၏ အခန်းကဏ္ဍများအား ပခုံးပြောင်းတာဝန် ထမ်းဆောင်မည့်လူငယ်များ ဘက်စုံ ဖွံ့ဖြိုး တိုးတက်ပြီး နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ ၂၀၀၉ခုနှစ်တွင်ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်ဖြင့် ဩဂုတ်လ(၁၂)ရက်နေ့ကိုအပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အဖြစ် သတ်မှတ်၍ ကျင်းပ ပြုလုပ်လျက်ရှိကြောင်း၊ "သက်ရွယ်စုံညီ ကမ္ဘာသစ်ဆီ မျိုးဆက်အားလုံး ပူးပေါင်းပါဝင်ကူညီ" ဆိုသည့် ၂၀၂၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးထားသည့် ဆောင်ပုဒ်နှင့်အညီ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီနိုင်စေရေးအတွက် မျိုးဆက်သစ်များ အချင်းချင်းကြား ပူးပေါင်းပါဝင် ဆောင်ရွက်မှုနှင့် သက်ရွယ်စုံပါဝင်သည့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို ဖန်တီးပုံဖော်ပေးနိုင်ရေး ပိုမိုအရှိန်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သည့် လူငယ်ဦးရေ အချိုးအစားများပြားခြင်းကြောင့် လူဦးရေဆိုင်ရာ ပညာရှင်များ၏ အဆိုအရ မြန်မာနိုင်ငံသည် "လူဦးရေဆိုင်ရာ ဆုလာဘ်" ပိုင်ဆိုင်ထားခြင်းဖြစ်ပြီး အကျိုးရှိစွာ အသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအား အရင်းအမြစ်များဖြစ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်မှာ ထူးခြားသည့် အင်အားစုတစ်ရပ်လည်းဖြစ်ပြီး၊ အနာဂတ် ခေါင်းဆောင်များလည်း ဖြစ်ကြကြောင်း၊ လူငယ်

စာမျက်နှာ(၁၈)သို့

စာမျက်နှာ(၁၇) ···မှစာဆက်

ရေးရာဦးစီးဌာနအနေဖြင့် လူငယ်များ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များချမှတ်ပြီး ဆယ်ကျော်သက်လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုး၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် လူငယ်အားကစား ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများ စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပြီး လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖြစ်သည်နှင့်အညီ အနာဂတ်ကြယ်ပွင့်ကလေးများ၏ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဖြစ်ကြောင်း၊ ဘက်စုံထူးချွန်သော လူတော်လူကောင်းများ မွေးထုတ်ပေးခြင်းဖြင့် လူငယ်များ၏ စွမ်းပကားဖြင့်

ဦးမင်းသိန်းဇံ မှ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား/ကျောင်းသူ (၅)ဦးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ

အလဲများနှင့် ကိုဗစ်(၁၉)အပါအဝင် ကပ်ရောဂါများကြောင့် လူငယ် အများစုသည် ဆင်းရဲနွမ်းပါးမှု၊ ကျား/မ တန်းတူမညီမျှမှု၊ အရည်အသွေးမပြည့်မီသော ပညာရေးအဆင့်အတန်းနှင့် ပညာရေးလက်လှမ်းမမီမှု၊ နိမ့်ကျသော ကျန်းမာရေး မသန်စွမ်းမှု၊ လုံခြုံမှုမရှိသော နေရာထိုင်ခင်း အကြမ်းဖက်မှုများ၊ ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ မူးယစ်ဆေးပြဿနာ၊ တန်းတူညီမျှမှုနှင့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်မရရှိခြင်းစသည့်ပြဿနာ အခက်အခဲများနှင့် ရင်ဆိုင်နေကြရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူငယ်များ ပညာရေးမြှင့်တင်မှုအတွက် KG+ အခြေခံပညာအလယ်တန်းပြီးဆုံးသည်အထိ အခမဲ့ပညာရေးအနေဖြင့် မသင်မနေရ















ထူးချွန်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားမောင်/မယ်လူငယ်များကို ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိရာ ဩဂုတ်လ (၁)ရက်နေ့တွင် ကျင်းပခဲ့သည့် ဝန်ကြီးဌာန ဖွဲ့စည်းခြင်း (၁)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုဆုငွေ ကျပ်သိန်းပေါင်း(၁၇၅၄)သိန်းအား ချီးမြှင့်ပေးခဲ့ပြီး ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားတွင် အသက်(၃၅)နှစ်အောက် ထူးချွန်အားကစားသမား (၁၆)ဦးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား/ကျောင်းသူ (၅)ဦးတို့အား ဂုဏ်ပြုဆုငွေကျပ်(၁,၉၂၅,၀၀၀) ထပ်မံချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး သက်ရွယ်စုံညီပါဝင်သော လူမှု စီးပွား ဘဝသာယာ ဖွံ့ဖြိုးတိုးတက်သော သဟဇာတဖြစ်သော အနာဂတ် လူ့ဘောင် အဖွဲ့အစည်းအား ဖန်တီး ပုံဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိသည့် လူငယ်အားကစားသမား (၁၆)ဦးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဝန်ကြီး ဦးမျိုးလှိုင်မှလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်များဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက် Video Clip အား ပြသခဲ့ပါသည်။

ထို့နောက် လူငယ်များကိုယ်စား အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မသီရိနန်းစံက လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးရန်အချက်များအား တာဝန်ရှိသူများသို့ တင်ပြရာတွင် ကမ္ဘာ့နိုင်ငံရေး အပြောင်း

တွန်းအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ လူငယ်များအလုပ်အကိုင် အခွင့်အလမ်းအတွက် ခရိုင်ပေါင်း(၁၂၇) ခရိုင်တွင် First Wave အနေဖြင့် ကျောင်းပေါင်း(၅၀)တွင် စိုက်ပျိုး၊ မွေးမြူရေး နှင့်စက်မှုတွဲဖွင့်ထားသည့် အထက်တန်းကျောင်းများဖွင့်လှစ်ရန် စီစဉ် ဆောင်ရွက်လျက် ရှိခြင်း၊ နေပြည်တော်၌ ဝိဇ္ဇာ/သိပ္ပံပညာရပ်၊ စီးပွားရေး၊ ဥပဒေနှင့်အားကစား ပညာရပ်များ သင်ယူနိုင်ရေး Naypyitaw State Academy ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် လူငယ်များအနေနှင့် ပညာသင်ယူမှု

>>>

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား တက်ရောက်

● နေပြည်တော်၊ ဩဂုတ်လ(၁၆)ရက်။

"၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ" ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ (၁း၀၀)နာရီတွင်ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးမောင်မောင်အုန်း၊ ဦးမြင့်ကြိုင်၊ ဦးမင်းသိန်းဇံနှင့် ဒေါက်တာငွေးအောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးစန်းလွင်၊ ဦးမြင့်စိုး၊ ဦးမျိုးလှိုင်နှင့် ဦးဇော်အေးမောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ယနေ့ နံနက်ပိုင်းတွင် ဂျူဒိုပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး)အသင်းလိုက် ရှုံး/ထွက်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြပြီးနောက် (အမျိုးသား) တတိယလုပွဲ ပွဲစဉ်တွင် ရေဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ရခိုင်ပြည်နယ်အသင်းမှ (၄)ပွဲ(၃)ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ ပဲခူးတိုင်းဒေသကြီးအသင်းမှ (၄)ပွဲ(၃)ပွဲဖြင့်လည်းကောင်း၊ (အမျိုးသမီး)တတိယလုပွဲ ပွဲစဉ်တွင် ရှမ်းပြည်နယ် အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက (၄)ပွဲ (၂)ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက (၅)ပွဲ(၁)ပွဲဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပါသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပပြုလုပ်ရာ (အမျိုးသား)အသင်းလိုက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ကချင်ပြည်နယ်အသင်းက (၅)ပွဲ(၁)ပွဲဖြင့် လည်းကောင်း၊ (အမျိုးသမီး) အသင်းလိုက်ပြိုင်ပွဲတွင် ရေဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ ကချင်ပြည်နယ် အသင်းက (၅)ပွဲ(၁)ပွဲဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပါသည်။









ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ (အမျိုးသား) အသင်းလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲ တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်း ဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့အား မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း မှ လည်းကောင်း၊ (အမျိုးသမီး)အသင်းလိုက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲ တတိယဆုရရှိသည့် ကချင်ပြည်နယ် အသင်း၊ ရေဝတီတိုင်းဒေသကြီး အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် အမျိုးသား(-၇၃)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲ တတိယဆုရရှိကြသူများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်မှ လည်းကောင်း၊ အမျိုးသား(-၈၁) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား (-၉၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊

စာမျက်နှာ(၂၀)သို့

---

>>

အခွင့်အလမ်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာမှာ ဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များ ပိုမိုပါဝင်လာနိုင်တော့မည်ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် လူငယ်များ တက်ကြွစွာဖြင့် ပိုမိုပါဝင်လာစေရေး၊ လူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်းများအပါအဝင် လူငယ်များ၏ အနာဂတ်ဖွံ့ဖြိုး တိုးတက်မှု အလားအလာကောင်းများကို ဖြည့်ဆည်းပေးနိုင်သည့် မဟာဗျူဟာစီမံချက်များ ထိရောက်မှုရှိပြီး လက်တွေ့ကျသော အစီအမံများ ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ကိုဗစ်(၁၉)ကပ်ရောဂါကြောင့် ထိခိုက်ခံစားခဲ့ရသည့် မျိုးဆက်သစ် လူငယ်များ၏ ကြံ့ကြံ့ခံနိုင်ရည်စွမ်းအားကို မြှင့်တင်ပေးနိုင်သည့် လုပ်ငန်းအစီအမံများ ဖော်ဆောင်ပေးနိုင်ပါရန် လူငယ်များကိုယ်စား တင်ပြတောင်းဆိုချီပြီး လူငယ်များအနေဖြင့်လည်း ကျရာအခန်းကဏ္ဍအားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာတင်ပြခဲ့ပြီးနောက် စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ (၂၃)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ"ကို ယနေ့ မွန်းလွဲ(၃)နာရီခွဲတွင် နေပြည်တော်၊ ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ဗိုလ်မှူးချုပ် ဖြိုးသန့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် သူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေး ခဲ့ကြပါသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များတွင် နယ်စပ်ရေးရာ ဝန်ကြီး ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီး ဌာနအသင်းနှင့်လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြ ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအသင်းကို





ဝဏ္ဏသိဒ္ဓိဘောလုံးအားကစား လေ့ကျင့် ရေးကွင်း အမှတ်(၁)နှင့်(၃)တို့၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ နယ်စပ် ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကာယပညာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ များမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိ ဌာနအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစား ခဲ့ကြရာ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းမှ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအသင်းကို (၂)ဂိုး (၁)ဂိုး (၆)ဂိုး ဂိုး(မရှိ)ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြောင်းသိရသည်။

■

စာမျက်နှာ(၁၉) ...မှစာဆက်

ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်မှလည်းကောင်း၊ အမျိုးသား(+၉၀)ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသမီး(-၆၃)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲ တတိယဆုရရှိကြသူများကိုသမဝါယမ နှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးမှ လည်း




ဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံမှလည်းကောင်း၊ ရွှေ(၇)ခု၊ ငွေ(၂)ခု၊ ကြေး(၂)ခုဖြင့် အမျိုးသမီး တံခွန်စိုက်ဆုရရှိသည့် ကချင်ပြည်နယ် အသင်းအား အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်မှ လည်းကောင်း၊ ရွှေ(၁၁)ခု၊ ငွေ(၇)ခု၊ ကြေး(၂)ခုဖြင့် စုပေါင်းတံခွန်စိုက်ရရှိ သည့် ကချင်ပြည်နယ်အသင်းအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းမှ လည်း






ကောင်း၊ အမျိုးသမီး(-၇၀)ကီလိုတန်း နှင့်(+၇၀)ကီလိုတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲ တတိယဆုရရှိကြသူများကို ဥပဒေ ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစန်းလွင်မှလည်းကောင်း တစ်ဦး ချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် (အမျိုးသား)အကောင်းဆုံးဆုနှင့် (အမျိုးသမီး)အကောင်းဆုံးဆုရရှိသည့် မောင်ဖြိုးသက်ဇော်(ကချင်)နှင့် မတင်ဇာမြင့်(ကချင်)တို့အား ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဌေးအောင်မှ Trophy နှင့် ဂုဏ်ပြု ချီးမြှင့်ငွေ ကျပ်(၁)သိန်းစီအား လည်း ကောင်း၊ ရွှေ(၄)ခု၊ ငွေ(၅)ခုဖြင့် အမျိုးသား တံခွန်စိုက်ဆု ရရှိသည့် ကချင်ပြည်နယ်အသင်းအား အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ကောင်း တံခွန်စိုက်ဆုများအား ပေး အပ်ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌမှ တံခွန်စိုက်ဆုရရှိသည့် ကချင် ပြည်နယ်အသင်းအား ထပ်မံဂုဏ်ပြု ချီးမြှင့်ငွေကျပ်(၁၀)သိန်းအား ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

■

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ(၂၆)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ"ကို ယနေ့ မွန်းလွဲ (၃)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာ





ချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ ကိုကိုနိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးခဲ့ ကြပါသည်။

ယနေ့ ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ မွန်းလွဲ(၃)နာရီတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနအသင်းကို (၃)ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းလွဲ (၅)နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို (၅)ဂိုး(၁)ဂိုးဖြင့်လည်းကောင်းအသီးသီး ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပါသည်။

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယနေ့ ပွဲစဉ်များ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ(၂၇)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ" ကွာတားဖိုင်နယ် ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ ညနေ





(၃)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပ ပြုလုပ်ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ ဗိုလ်ချုပ်ဖြိုးသန့်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးအောင်ကျော်ထွန်းနှင့် ဦးအောင်မြင့်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံး အားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ပါသည်။


ယနေ့ ကွာတားဖိုင်နယ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ညနေ (၃)နာရီတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းကို (၅)ဂိုး(၃)ဂိုးဖြင့် လည်းကောင်း၊ ညနေ(၅)နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို (၃)ဂိုး(၂)ဂိုး ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပါသည်။

■

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုအား တက်ရောက်ကြည့်ရှုအားပေး

● နေပြည်တော်၊ ဩဂုတ်လ(၂၉)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်



(အမျိုးသား)ဘောလုံးပြိုင်ပွဲ"ကို ယနေ့ မွန်းလွဲ(၃)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးနေဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ နှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြပါသည်။

ယနေ့ မွန်းလွဲ(၃)နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြည်ထဲရေး



ဝန်ကြီးဌာနအသင်းက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို (၅)ဂိုး(၁)ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်း သိရှိရပါသည်။ ■

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံ ၂၀၂၂ ခုနှစ်၊ ဗိုဗီနမ်နည်းပြသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားတက်ရောက်

● နေပြည်တော်၊ ဩဂုတ်လ(၃၀)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် "၂၀၂၂ ခုနှစ်၊ ဗိုဗီနမ်နည်းပြသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနား"ကို ယနေ့ နံနက်(၉:၀၀)နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၊ Gold Camp ရှိ Multipurpose Hall ၌ ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးနေဝင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်ခင်လေးမွန်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ဆုတံဆိပ်များရရှိခဲ့ပြီး အောင်မြင်မှုများ ရရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ရရှိထားသော အောင်မြင်မှုများကို ဆက်လက် ထိန်းသိမ်း၍ အောင်မြင်မှုများ ပိုမို ရရှိစေရန်အတွက် ထူးချွန် ထက်

>>>>





# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် အောင်ပွဲရ ကရင်ပြည်နယ် ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ကရင်၊ ဩဂုတ်လ(၄)ရက်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးနှင့် အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရ ကရင်ပြည်နယ် အမျိုးသားဘောလုံး အသင်းအား ဂုဏ်ပြုကြိုဆိုချီးမြှင့်ပွဲ အခမ်းအနားအား ယနေ့ ညနေ(၅) နာရီအချိန်တွင် ကရင်ပြည်နယ် အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစီအစဉ်အရ အောင်ပွဲရ ကရင်ပြည်နယ် အသက် (၁၉)နှစ်အောက် အမျိုးသားဘောလုံး အသင်းမှ အကောင်းဆုံးဆုရ အားကစားသမားများအား မိတ်ဆက် ခဲ့ပြီး ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးမှ ကြိုဆိုဂုဏ်ပြု အမှာစကားပြောကြားခဲ့ ပါသည်။ ဆက်လက်၍ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၁၉)နှစ်အောက် အမျိုးသား ဘောလုံး ပြိုင်ပွဲ ပြည်ထောင်စုတံခွန်စိုက်ဖလား အား ပြည်နယ်ဝန်ကြီးချုပ်ထံသို့ အပ်နှံ ခဲ့ပါသည်။ ဆက်လက်၍ ဂုဏ်ပြုဆု ချီးမြှင့်ခြင်း အစီအစဉ်အား ကျင်းပရာ အောင်ပွဲရ ကရင်ပြည်နယ် အသက် (၁၉)နှစ်အောက် အမျိုးသား ဘောလုံး






စာမျက်နှာ(၂၄)သို့

▶▶

မြက်သည့် မျိုးဆက်သစ် အားကစား သမားကောင်းများစွာ မွေးထုတ်ပေးရန် လိုကြောင်း၊ ပြိုင်ပွဲများကို စနစ်တကျ စည်းကမ်း ပြည့်ဝစွာ ကျင်းပနိုင်ရေးနှင့် မျိုးဆက်သစ်အားကစားသမားများအား လေ့ကျင့်သင်ကြားပေးရာတွင် တာဝန် ယူကြရမည့် နည်းပြများအနေဖြင့် နည်း စနစ်များနှင့် နည်းဥပဒေများကို ကျွမ်း ကျင်ပိုင်နိုင်စေရန်နှင့် မှန်ကန်စွာ သင် ကြားလေ့ကျင့်ပေးရန်အတွက် ယခု







သင်တန်းတွင် စာတွေ့/လက်တွေ့ သင်ခန်းစာများအား စနစ်တကျ သင်ကြား ပို့ချပေးခြင်းဖြစ်ကြောင်း၊ ဗိုဗီနမ်အားကစားနည်းအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဗီယက်နမ်နိုင်ငံ၌ ကျင်းပပြု လုပ်ခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့ တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားသမား(၁၉)ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်(၃)ခု၊ ငွေ တံဆိပ်(၃)ခုနှင့် ကြေးတံဆိပ်(၆)ခု စုစု ပေါင်း ဆုတံဆိပ်(၁၂)ခုရရှိခဲ့သည့် အတွက် ဗိုဗီနမ်အားကစားနည်းအနေ ဖြင့် နိုင်ငံအလိုက် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရပါ ကြောင်း၊ ယခုလို အောင်မြင်မှုများ ပိုမို ရရှိစေရန်အတွက် မျိုးဆက်သစ် အားကစားသမားများအား ပြုစု ပျိုး ထောင် လေ့ကျင့်ပေးသွားရန်၊ ထူးချွန် ထက်မြက်ပြီး နိုင်ငံတော်မှ အားထား ရမည့် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်နှင့်ဗိုဗီနမ်အားကစား နည်း တိုးတက် ပြန့်ပွားလာစေရန် အတွက် နည်းပြများအနေဖြင့် အလေး ထားဆောင်ရွက်သွားကြရမည် ဖြစ် ကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့ ပြည်နယ်နှင့် တိုင်းဒေသကြီး များသို့ ပြန်လည် ရောက်ရှိသည့်အခါ သင်တန်းတွင် သင်ကြားပို့ချခဲ့သည့် စာတွေ့/လက်တွေ့သင်ခန်းစာများ၊ နည်းစနစ်များနှင့် နည်းဥပဒေများကို ကျွမ်းကျင် ပိုင်နိုင်စွာဖြင့် ပြန်လည် အသုံးချ၍ အကောင်အထည်ဖော်ပြီး အဖွဲ့ချုပ်နှင့်နိုင်ငံတော်အတွက် အားကိုး အားထားပြုရသည့် နည်းပြဆရာ ကောင်းများဖြစ်အောင် ကြိုးစားသွား ကြရန်နှင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများစွာ မွေးထုတ်ပေးကြရန်လိုကြောင်း တိုက် တွန်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ပြည်ထောင်စု ဝန်ကြီးက သင်တန်းသား/သင်တန်းသူ များ ကိုယ်စား သင်တန်းသား/ သင် တန်းသူ(၂)ဦးအား သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များပေးအပ် ချီးမြှင့် ခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်း ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေ(၃း၀၀)နာရီ အချိန်တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်အား တက်ရောက် ကြည့်ရှု အားပေးခဲ့ပါသည်။

# ၂၀၂၂ ခုနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ်အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ







● မွန်ပြည်နယ်၊ ဩဂုတ်လ(၄)ရက်။

၂၀၂၂ခုနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား(၁၀)မြို့နယ်အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် (၉)နာရီအချိန်တွင် ပြည်နယ် အားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းမှ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ် ပေးခဲ့ပါသည်။

အဆိုပါဖွင့်ပွဲ အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ မွန်ပြည်နယ်အစိုးရ အဖွဲ့ ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ် အမျိုးသမီး အားကစားအဖွဲ့များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။





စာမျက်နှာ(၂၃) ...မှစာဆက်

အသင်းအား ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးမှ ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း(၅၀)နှင့် အုပ်ချုပ်မှုအဖွဲ့အား ငွေကျပ်(၁၀)သိန်း တို့အားလည်းကောင်း၊ အောင်ပွဲရ ကရင်ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးအသင်းအား ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကိုမှ ငွေကျပ်(၃)သိန်း၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းမှ ငွေကျပ်(၃)သိန်း၊ ပြည်နယ်ဘောလုံး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ညီမှ ငွေကျပ်(၃)သိန်း၊ ပြည်နယ်ဆပ်ကော်မတီ အောင်နိုင်ရေး ကော်မတီဝင် ဦးခင်ဇော်မှ ငွေကျပ်(၂၅)သိန်း၊ DKBA ဗိုလ်မှူးစောနေဗလုမှ ငွေကျပ်သိန်း (၂၀)၊ ပြည်နယ်ဘောလုံးဆပ်ကော်မတီ အောင်နိုင်ရေး ကော်မတီဝင် ဦးသင်းမောင်စိုးမှ ငွေကျပ်(၁၅)သိန်း တို့အား အသီးသီး ဂုဏ်ပြုချီးမြှင့်ခဲ့ကြပါသည်။ ဆက်လက်၍ ကရင်ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးအသင်း အုပ်ချုပ်သူမှ ပြိုင်ပွဲ အတွေ့အကြုံရှင်းလင်းခြင်းနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်မှအားကစားသမားများအား လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိပါသည်။

■



## ဘီလီယက် ဆောင်ပုဒ်

"မြန်မာ့ဘီလီယက်လက်စွမ်းထက်
တိုးတက်ပြန့်ပွား ဒို့ကြိုးစား"

# ၂၀၂၂ ခုနှစ်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား (၄)ခရိုင် အမျိုးသား/အမျိုးသမီးစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ

● ပဲခူး၊ ဩဂုတ်လ(၁၀)ရက်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၄)ခရိုင်အမျိုးသား/ အမျိုးသမီးစစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ညနေ(၃) နာရီအချိန်တွင် ပဲခူးမြို့ တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းအဆင့်ဌာန ဆိုင်ရာများ တက်ရောက်ခဲ့ပါသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ရာ အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲတွင် သက်ငယ်အတိုးတက်ဆုံး အားကစားသမားဆု ရရှိသော သာယာဝတီခရိုင်မှ မောင်ခန့်မင်းခန့်အား ပဲခူးတိုင်း ဒေသကြီးပညာရေးမှူးရုံး ဒုတိယတိုင်းပညာရေးမှူး ဦးခင်အောင်ရည်က ဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၃) သောင်းကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် အသက်(၁၈)နှစ်အောက်တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆု ရရှိသော သာယာဝတီခရိုင်မှ မောင်ခန့်ဇော်ပိုင်အား ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁)သိန်းကို လည်းကောင်း၊ ဒုတိယဆုရရှိသော ပဲခူးခရိုင်မှ မောင်လင်းထက်အောင်အား ဆုတံဆိပ်နှင့်ငွေသားဆု ကျပ်(၇)သောင်းကို လည်းကောင်း၊ တတိယဆုရရှိသော ပဲခူးခရိုင်မှ မောင်အောင်ကောင်းမြတ်အား ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၅)သောင်းကို ပဲခူးတိုင်းဒေသကြီး အား/ကာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် အသက်(၂၅)နှစ်အောက် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ငူခရိုင်မှ အိပိုးသွယ်အား ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁)သိန်း၊ ဒုတိယဆုရရှိသော တောင်ငူခရိုင်မှ မျိုးမျိုးသူအား ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၇)သောင်း၊ တတိယဆုရရှိသော ပဲခူးခရိုင်မှ တင်မြင့်မြင့်ဝင်းအား ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၅)သောင်းအား ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ကလည်းကောင်း၊ အပြည်





ပြည်ဆိုင်ရာ စစ်တုရင် အသက်(၂၅) နှစ်အောက် အမျိုးသား တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမဆုရရှိသော ပြည်ခရိုင်မှ အောင်သူဟိန်းအား ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁)သိန်း ၊ ဒုတိယဆုရရှိသော တောင်ငူခရိုင်မှသူရိန်ထွန်းအား ဆုတံဆိပ်နှင့် ငွေသားဆုကျပ် (၇)သောင်းကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဥပဒေချုပ် ဦးခင်မောင်တင့်ကလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် အလွတ်တန်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ပဲခူးခရိုင်မှ မျိုးကျော်လှိုင်အား ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁)သိန်း၊ ဒုတိယဆုရရှိသော တောင်ငူခရိုင်မှ စံလင်းအား ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၇)သောင်းအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က လည်းကောင်း အသီးသီး ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ဒေါ်လွင်လွင်အေးကျော်မှ ဒိုင်လူကြီးအဖွဲ့များအား ဂုဏ်ပြုငွေ ကျပ်(၂)သိန်းနှင့် စုပေါင်းတံခွန်စိုက်ဖလား ရရှိသည့် ပဲခူးခရိုင်အသင်းအား ငွေသားဆု ကျပ်(၇)သိန်းနှင့် ဆုဖလားကို ချီးမြှင့်ပေးခဲ့ပြီး ဆုရအသင်းများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

■

# ၂၀၂၂ ခုနှစ် ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား/အမျိုးသမီး စစ်တုရင်ပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

● တောင်ကြီး၊ ဩဂုတ်လ(၁၃)ရက်။

၂၀၂၂ ခုနှစ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အမျိုးသား/အမျိုးသမီး စစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို တောင်ကြီးမြို့ရှိ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ယနေ့ ညနေ(၁၆း၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ပြည်နယ်လူမှုရေးရာ ဝန်ကြီး၊ ပြည်နယ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် တင်ကိုကို၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး



ဦးအောင်ကြည်ဝင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစားနှင့်ကာယ ပညာသိပ္ပံ(တောင်ကြီး)မှကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ ဖိတ်ကြားထားသူများမှ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြပါသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာတွင် လူငယ် အသက်(၁၈)နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသော တောင်ကြီးခရိုင်အသင်း နှင့် တတိယဆုရရှိသော လားရှိုးခရိုင်အသင်းတို့အား ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းမှ တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများအားလည်းကောင်း၊ ဒုတိယဆု နှင့် ပထမဆုရရှိသွားသော လားရှိုးခရိုင်အသင်းအား ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံမှ တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများအား လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုနှင့် တတိယဆုရရှိသွားသောလွိုင်လင်ခရိုင်အသင်းအား ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း မှ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများအား လည်းကောင်း၊ ဒုတိယဆုနှင့် ပထမဆုရရှိသွားသော လွိုင်လင်ခရိုင်

စာမျက်နှာ(၂၆)သို့

# မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

● မကွေး၊ ဩဂုတ်လ(၁၉)ရက်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့ ညနေ (၄)နာရီအချိန်တွင် မကွေးတိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပပြုလုပ်ရာမကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းအမျိုးသမီး အားကစားအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

ပြိုင်ပွဲအပြီးဆုပေးပွဲအခမ်းအနားကို ကျင်းပရာ မကွေးတိုင်း ဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်မှ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်တွင်းကြီး မြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလားနှင့် ဆုကြေးငွေများကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး အမျိုးသမီး အားကစားအဖွဲ့နာယက ဒေါ်ဝင်းဝင်းမြင့်မှ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသောမကွေးမြို့နယ်အသင်း အား တစ်ဦးချင်းဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလားနှင့် ဆုကြေးငွေများကို လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။







---

စာမျက်နှာ(၂၅) ⋯မှစာဆက်

အသင်းအား ပြည်နယ် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် တင်ကိုကိုမှ တစ်ဦးချင်းဆုတံဆိပ်များနှင့်ငွေသား ဆုများအားလည်းကောင်း၊ အမျိုးသား အသက်(၂၅)နှစ်အောက် တစ်ဦးချင်း ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော လားရှိုး ခရိုင်အသင်းနှင့် ပထမဆုရရှိသော လင်းခေးခရိုင်အသင်းတို့အား ပြည်နယ် လူမှုရေးရာဝန်ကြီး၊ ပြည်နယ် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဥက္ကဋ္ဌ ဦးအောင်မြင့်မှ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများအား လည်းကောင်း၊ အမျိုးသား အလွတ်တန်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသော တာချီလိတ်ခရိုင်အသင်းနှင့် ပထမဆုရရှိသော တောင်ကြီးခရိုင်အသင်းတို့အား ပြည်နယ်သယံဇာတရေးရာ ဝန်ကြီး ဦးစိုင်းလိတ်မှ တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများအား လည်းကောင်း၊ လူငယ် အသက် (၁၈)နှစ်အောက် အမျိုးသားအသင်း လိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသော လွိုင်လင်ခရိုင်အသင်း၊ ဒုတိယဆုရရှိသော တောင်ကြီးခရိုင်အသင်းနှင့် ပထမဆုရရှိသော လားရှိုးခရိုင်အသင်း တို့အား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးမှ တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသား ဆုများအားလည်းကောင်း၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအသင်း၊ ဒုတိယဆုရရှိသော တောင်ကြီးခရိုင်အသင်းနှင့် ပထမဆုရရှိသော လွိုင်လင်ခရိုင်အသင်းတို့အား ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်မှ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများ အားလည်းကောင်း၊ အမျိုးသား (အလွတ်တန်း)အသင်းလိုက်ပြိုင်ပွဲ တွင် တတိယဆုရရှိသောလားရှိုးခရိုင် အသင်း၊ ဒုတိယဆုရရှိသော လွိုင်လင် ခရိုင်အသင်း နှင့် ပထမဆုရရှိသော တောင်ကြီးခရိုင်အသင်းတို့အား ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းမှ တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆု များအားလည်းကောင်း အသီးသီးပေး အပ်ချီးမြှင့်ခဲ့ကြကာ ဆက်လက်ပြီး ပထမစုပေါင်းတံခွန်စိုက် ဆုဖလားကြီး ကို ချီးမြှင့်ပေးအပ်ရာတွင် ရွှေ ၂ ၊ ငွေ ၂ ၊ ကြေး ၂ ဆုတံဆိပ်ရရှိမှု အရေအတွက်တူ/ရမှတ်တူဖြင့် ပူးတွဲရရှိသွားသော လွိုင်လင်ခရိုင်အသင်းနှင့် လားရှိုးခရိုင်အသင်းတို့အား ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းမှ ဆက်လက် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိခဲ့ရပြီး အဆိုပါ စစ်တုရင်ပြိုင်ပွဲအား ၉-၈-၂၀၂၂ ရက်နေ့မှ ၁၂-၈-၂၀၂၂ ရက်နေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအသင်းများအပါအဝင် ခရိုင်များ အလိုက် (၁၀)သင်းမှ အမျိုးသား အသင်း (၁၀)သင်း၊ အမျိုးသမီးအသင်း (၇)သင်းတို့မှ အသီးသီးဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရှိခဲ့ရပါသည်။





# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်၊ အမျိုးသမီးတံခွန်စိုက်နှင့် စုပေါင်း တံခွန်စိုက်ဆုများ ရရှိခဲ့ကြသည့် ကချင်ပြည်နယ် ဂုဏ်ဆောင် ဂျူဒိုအသင်းအား ဂုဏ်ပြု

ကချင်၊ ဩဂုတ်လ(၂၁)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲတွင် အမျိုးသား တံခွန်စိုက်၊ အမျိုးသမီး တံခွန်စိုက်နှင့် စုပေါင်းတံခွန်စိုက်ဆုများ ရရှိခဲ့ကြသည့် ကချင်ပြည်နယ် ဂုဏ်ဆောင် ဂျူဒိုအသင်းအား ဂုဏ်ပြု ညစာစားပွဲအခမ်းအနားကို ယနေ့ ညနေ (၅း၃၀)နာရီအချိန်တွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ပြည်နယ် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ကချင်ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီနာယကနှင့်အဖွဲ့ဝင်များ၊ ပြည်နယ် အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ် အားကစားနည်းအလိုက် ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲတွင် ဆုရရှိခဲ့သော အုပ်ချုပ်သူ/နည်းပြနှင့် အားကစားသမားများ တက်ရောက် ခဲ့ပါသည်။

ပထမဦးစွာ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးခက်ထိန်နန်မှ ဂုဏ်ပြု အမှာစကား ပြောကြားပြီးနောက် ကချင်ပြည်နယ် ကိုယ်စားပြု ဂျူဒိုအသင်းမှ အုပ်ချုပ်သူ(၁)ဦးက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် ကချင်ပြည်နယ် အစိုးရအဖွဲ့မှ အမျိုးသား တံခွန်စိုက်၊ အမျိုးသမီးတံခွန်စိုက်နှင့် စုပေါင်း တံခွန်စိုက်ဆုများ ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် အောင်ပွဲရ ကချင်ပြည်နယ်ဂျူဒိုအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေသိန်း(၁၂၀)နှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးခက်ထိန်နန်မှလည်းကောင်း၊ ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အမျိုးသားတံခွန်စိုက်၊ အမျိုးသမီး တံခွန်စိုက်နှင့် စုပေါင်းတံခွန်စိုက်ဆုများ ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် အောင်ပွဲရ ကချင်ပြည်နယ် ဂျူဒို အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်(၉၄)သိန်း(၅)သောင်းနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်မှလည်းကောင်း၊ အမျိုးသား အကောင်းဆုံး အားကစားသမားဆု ရရှိခဲ့သော မောင်ဖြိုးသက်ဇော်အား ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ဂုဏ်ပြု ချီးမြှင့်ငွေကျပ်(၁)သိန်းနှင့် ကချင်ပြည် နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ဂုဏ်ပြုချီးမြှင့် ငွေကျပ် (၁)သိန်း စုစုပေါင်းကျပ်(၂)သိန်းကို ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးရာ ဝန်ကြီးဌာန၊ ဝန်ကြီး ဦးဝင်းရဲထွန်းမှ လည်းကောင်း၊ အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရရှိခဲ့သော မတင်ဇာမြင့်အား ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် (၁)သိန်းနှင့်ကချင်ပြည်နယ်အားကစား နှင့်ကာယပညာဦးစီးဌာနမှ ဂုဏ်ပြု ချီးမြှင့်ငွေ ကျပ်(၁)သိန်း စုစုပေါင်း ကျပ်(၂)သိန်းကိုကချင်ပြည်နယ်အစိုးရ အဖွဲ့၊ ဝန်ကြီးချုပ်၏ဇနီး၊ ကချင် ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့ နာယက ဒေါ်နန်ဆိုင်းမှ လည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ရရှိခဲ့သော ဂျူဒို အသင်းအား အမျိုးသမီး အားကစား အဖွဲ့ဆပ်ကော်မတီမှ ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်(၈)သိန်း(၄)သောင်းကို ကချင် ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ဇနီး၊ ကချင်ပြည်နယ် အမျိုးသမီး အားကစားအဖွဲ့ဆပ်ကော်မတီနာယက ဒေါ်နန်ဆိုင်း၊ ကချင်ပြည်နယ်အမျိုးသမီး အားကစားအဖွဲ့ ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါ်နန်းစိန်အေးနှင့် ကချင်ပြည်နယ် အမျိုးသမီး အားကစားအဖွဲ့ ဆပ် ကော် မတီ အတွင်းရေးမှူး ဒေါ်လွင်လွင်မော် တို့မှ အသီးသီး ချီးမြှင့်ခဲ့ကြပြီး ဂုဏ်ပြု ညစာများ တည်ခင်းဧည့်ခံ၍ အခမ်း အနားအား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ ■







ပိုက်ကျော်ခြင်း ဆောင်ပုဒ်



"အပိုးနည်းဝန်ပါ သင်ကျန်းမာ
ပိုက်ကျော်ခြင်းကို ကစားပါ"

# ၂၀၂၂ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၁၆)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

● စစ်ကိုင်း၊ ဩဂုတ်လ(၂၁)ရက်။

၂၀၂၂ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို (၁၀-၈-၂၀၂၂)ရက်နေ့မှ (၂၁-၈-၂၀၂၂)ရက်နေ့အထိ မုံရွာမြို့နှင့် စစ်ကိုင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ပထမဆု တံခွန်စိုက်ဖလားကို ကောလင်းခရိုင်မှ လည်းကောင်း၊ ဒုတိယဆုကို ခန္တီးခရိုင်မှလည်းကောင်း၊ ပူးတွဲတတိယဆုကို မုံရွာခရိုင်နှင့် ကသာခရိုင်တို့မှ ရရှိခဲ့ပါသည်။

အကောင်းဆုံး ဂိုးသမားဆုကို ခန္တီးခရိုင်မှ မောင်ဇာနည်ဟိန်းကရရှိပြီး ၎င်းဆုကို တိုင်းဒေသကြီး ပညာရေးမှူး ဦးတိုးဝင်းမှ ချီးမြှင့်ခြင်း၊ အနောက်တန်း အကောင်းဆုံး ကစားသမားဆုကို ခန္တီးခရိုင်မှ မောင်အောင်မျိုးဝင်းက ရရှိပြီး ၎င်းဆုကို တိုင်းဒေသကြီး ပညာရေးမှူး ဦးတိုးဝင်းမှ ချီးမြှင့်ခြင်း၊ အလယ်တန်း အကောင်းဆုံး ကစားသမားဆုကို ကောလင်းခရိုင်မှ မောင်လွင်မျိုးအောင်က ရရှိပြီး ၎င်းဆုကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဆန်းမှ ချီးမြှင့်ခြင်း၊ ရှေ့တန်း အကောင်းဆုံးဆုကိုကသာခရိုင်မှ မောင်မင်းကိုကိုခန့်က ရရှိပြီး ၎င်းဆုကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဆန်းမှ ချီးမြှင့်ခြင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုကို ကောလင်းခရိုင် မှ မောင်ချစ်မင်းကိုကိုက ရရှိပြီး ၎င်းဆုကို အမှတ်(၇၂)သံချပ်ကာစစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် ဗိုလ်မှူးချုပ် ဇော်ထွန်းဦးမှ ချီးမြှင့်ခြင်း၊ ပူးတွဲတတိယဆုရရှိသော မုံရွာခရိုင်အသင်းနှင့် ကသာခရိုင်အသင်းအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်မှ ချီးမြှင့်ခြင်း၊ ဒုတိယဆုရရှိသော ခန္တီးခရိုင်အသင်းအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးမှချီးမြှင့်ခြင်း၊ ပထမ တံခွန်စိုက်ဖလားဆု ရရှိသော ကောလင်းခရိုင်အသင်းအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်မှ ချီးမြှင့်ပေးခဲ့ပါသည်။

အဆိုပါ အခမ်းအနားများသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော် နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပါသည်။ ■





# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ စားပွဲတင်တင်းနစ်နှင့် စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

● စစ်တွေ၊ ဩဂုတ်လ(၂၇)ရက်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ စားပွဲတင်တင်းနစ်နှင့် စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ်လ ၂၆ ရက်နေ့ ညနေပိုင်းက စစ်တွေမြို့ ဧည့ဝတီ အားကစားခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စားပွဲတင်တင်းနစ်အမျိုးသား တစ်ဦးချင်းပြိုင်ပွဲအဖြစ် စစ်တွေခရိုင်မှ မောင်မိုးထက်သန်းနှင့် သံတွဲခရိုင်မှ မောင်ဇော်မျိုးထက်တို့ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးကြရာ သံတွဲခရိုင်မှ မောင်ဇော်မျိုးထက်က အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ စစ်တုရင်သက်ငယ်တန်းပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ဥပဒေချုပ်နှင့်တာဝန်ရှိသူများကလည်းကောင်း၊ စစ်တုရင်သက်ကြီးတန်း အမျိုးသမီးပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် စစ်တုရင်သက်ကြီးတန်း အမျိုးသားပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က ဆုများ အသီးသီး ချီးမြှင့်ကြပြီး စားပွဲတင်တင်းနစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့်စားပွဲတင်တင်းနစ် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ





>>>

# ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပ

● ချင်းပြည်နယ်၊ ဩဂုတ်လ(၃၀)ရက်။

၂၀၂၂ ခုနှစ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားဝန်ကြီးဌာနပေါင်းစုံ စားပွဲတင် တင်းနစ်ပြိုင်ပွဲအား (၂၇-၈-၂၀၂၂)ရက်နေ့မှ (၃၀-၈-၂၀၂၂)ရက်နေ့အထိ ဟားခါးမြို့ ပြည်နယ်လွှတ်တော်ရုံးအတွင်း၌ ကျင်းပပြုလုပ်ခဲ့ပြီးဆုပေးပွဲအခမ်းအနားအား (၃၀-၈-၂၀၂၂)ရက်နေ့ နေ့လည် (၂)နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ ဖိတ်ကြားထားသော ဧည့်သည်တော်များ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြပါသည်။

ဆုပေးပွဲအခမ်းအနားတွင် လူသစ်တန်းပြိုင်ပွဲအမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသည့် ပေါင်မွမ်းကိမ်း(ပညာရေးကောလိပ်)အား ပထမဆုတံဆိပ်နှင့် ငွေသားကျပ်(၃)သိန်းကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုးမှလည်းကောင်း၊ ဒုတိယဆုရရှိသည့် ကျင်းကိမ်း(ပညာရေးကောလိပ်)အား ဒုတိယဆုတံဆိပ်နှင့် ငွေသားကျပ်(၂)သိန်းကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး စိုးလွင်မိုးမှ လည်းကောင်း၊ တတိယဆုရရှိသည့် ဦးမောင်မောင်သိန်း(ဟိုတယ်/ခရီး)အား တတိယဆုတံဆိပ်နှင့် ငွေသားကျပ်(၁)သိန်းကို ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ထွန်းလှမှလည်းကောင်း ချီးမြှင့်ပေးခဲ့ပါသည်။

ဆက်လက်၍ အလွှတ်တန်းပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဇမ်ခန့်မန် (ပြည်နယ်လွှတ်တော်)အား ပထမဆုတံဆိပ်နှင့် ငွေသားကျပ်(၄)သိန်းကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်မှ လည်းကောင်း၊ ဒုတိယဆုရရှိသည့် သန့်ဇင်ဖြိုး(ပညာရေး)အား ဒုတိယဆုတံဆိပ် နှင့်ငွေသားကျပ်(၃)သိန်းကို ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းမှ လည်းကောင်း၊ တတိယဆုရရှိသည့် မုန်ဆွင်းလျန်(ပြည်နယ်ဥပဒေ)အား တတိယဆု တံဆိပ်နှင့် ငွေသားကျပ်(၂)သိန်းကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်မှ လည်းကောင်း ချီးမြှင့်ပေးခဲ့ပါသည်။

ထို့နောက် ဆက်လက်၍ အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဟားခါးတက္ကသိုလ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလားနှင့် ငွေသားဆုကျပ်(၅)သိန်းကို ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဝုန်ဆွန်းထန်မှ လည်းကောင်း၊ ဒုတိယဆုရရှိသည့် ပြည်နယ်အခွန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဆုဖလားနှင့် ငွေသားဆု(၄)သိန်းကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်မှ လည်းကောင်း၊ တတိယဆုရရှိသည့် ပညာရေး ဒီဂရီကောလိပ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဆုဖလားနှင့် ငွေသားဆု(၃)သိန်းကို ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်းမှ လည်းကောင်း အသီးသီးချီးမြှင့်ခဲ့ကြကာ စုပေါင်းတံခွန်စိုက်ဆုရရှိသော ပညာရေး ဒီဂရီကောလိပ်အသင်းအား ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဝုန်ဆွန်းထန်မှ ချီးမြှင့်ပေးခဲ့ပါသည်။

အခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။















▶▶ ဝန်ကြီးတို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာအောင်ကျော်မင်းက စစ်တုရင်ပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲနှစ်ခုစလုံးတွင် တံခွန်စိုက်ဆုရရှိသော မြောက်ဦးခရိုင်အသင်းအား တံခွန်စိုက်ဆု ဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ■

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန်၊ ဩဂုတ်လ(၁၈)ရက်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ကြက်တောင်အားကစားအဆင့်အတန်း တိုးတက်မြင့်မား လာစေရန်ရည်ရွယ်၍ "၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား"ကို ယနေ့ နံနက် (၉)နာရီအချိန်က ရန်ကုန်တိုင်း ဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင် အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကြက်တောင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့်တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒိုင်လူကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ အုပ်ချုပ်/နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိကြက်တောင် အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ ထူးချွန်ပြီး အလားအလာရှိသော မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် နိုင်ငံတကာအဆင့်မီ ကြက်တောင် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ ကြက်တောင် အားကစားသမားများအနေနဲ့ ကြက်တောင် အားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်စေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင်ကြက်တောင်အားကစားသမားတစ်ယောက်ဖြစ်လာအောင် မိမိကိုယ်ကို ဂရုတစိုက်ပြုစုပျိုးထောင်ကြစေရန်လိုကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်မှာတော့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျင်းပနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်းယခု ၂၀၂၂ ခုနှစ်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးကြက်တောင်ပြိုင်ပွဲကို ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ ဒါ့ကြောင့် ကြက်တောင် အားကစားနည်း အဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှလည်း ဝိုင်းဝန်းကြိုးပမ်းသွားကြစေလိုကြောင်း၊ နည်းပြများကလည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်တဲ့ ကြက်တောင်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်အတွက် မိမိတို့ရဲ့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစား လုပ်ဆောင်သွားကြစေလိုကြောင်း၊ ပြည်နယ်နှင့်တိုင်း ဒေသကြီး အသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် အားကစားသမားမောင်/မယ်များဟာ မိမိတို့ ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်း အောင်နိုင်ရေးအတွက် အနိုင်မခံအရှုံးမပေးတဲ့ အားကစားစိတ်ဓာတ်အပြည့်အဝနဲ့ ပါဝင်ယှဉ်ပြိုင်ကစားသွားကြစေရန်နှင့် အားကစားသမားအချင်းချင်း ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီးနဲ့ အားကစားသမားကောင်းများ ပီသစွာ သတ်မှတ်ထားတဲ့ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ ကြိုးစားယှဉ်ပြိုင်သွားကြပြီး နိုင်ငံတော်က အားထားရမယ့် နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင် ထူးချွန် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားအားထုတ်သွားကြပါလို့ ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများမှ အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့်တာဝန်ရှိသူများက အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့၍ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲအား ဝန်ကြီးချုပ်မှ ကြက်တောင် ရိုက်၍ ဖွင့်လှစ်ပေးခဲ့ပြီး ပထမနေ့ပွဲစဉ်များအား ကြည့်ရှုအားပေးခဲ့ပါသည်။










၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲကို ဩဂုတ်လ(၁၈)ရက်နေ့မှ (၂၂)ရက်နေ့အထိ လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင် အားကစားခန်းမ၌ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အမျိုးသားအသင်း (၁၄)သင်း၊ အမျိုးသမီးအသင်း (၁၃)သင်း၊ စုစုပေါင်း ပြိုင်ပွဲဝင်အသင်း (၁၄)သင်းမှ အသင်း အုပ်ချုပ်သူ/နည်းပြ ၊ အားကစားသမားအင်အား စုစုပေါင်း (၂၁၆)ဦးတို့ဖြင့် ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှု အားပေးနိုင်ကြောင်း သိရှိရပါသည်။ ■

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ

● ရန်ကုန်၊ ဩဂုတ်လ(၂၂)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲ နှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်(၁၁)နာရီအချိန်က ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကြက်တောင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့်တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒိုင်လူကြီးများ၊ အုပ်ချုပ်/နည်းပြများနှင့်ဆုရ အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ယနေ့နံနက်ပိုင်းတွင် ဗိုလ်လုပွဲပြိုင်ပွဲများကို ဆက်လက်ကျင်းပ ပြုလုပ်ရာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယရရှိပြီး အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ ရှမ်းပြည်နယ်အသင်းက ဒုတိယ ရရှိခဲ့ပါသည်။

ဆက်လက်၍ အမျိုးသား/အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ဆက်လက် ကျင်းပပြုလုပ်ရာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင်ဟိန်းထွဋ်(ရန်ကုန်တိုင်းဒေသကြီး) က ပထမ၊ ရဲမင်းလွင် (ရှမ်းပြည်နယ်) က ဒုတိယ ရရှိပြီး အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ငါးမြှာ(ကယားပြည်နယ်)က ပထမ၊ ဆုလာဒ် (ရန်ကုန်တိုင်းဒေသကြီး)က ဒုတိယ ရရှိခဲ့ပါသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ပိုင်က အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဟိန်းထွဋ်(ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော ရဲမင်းလွင်(ရှမ်းပြည်နယ်)၊ ပူးတွဲတတိယဆုရရှိသော မင်းထက်ကောင်း (ရန်ကုန်တိုင်းဒေသကြီး)နှင့် ဟိန်းကောင်းစံ (ရှမ်းပြည်နယ်)တို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးညီညီမင်းက အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ငါးမြှာ(ကယားပြည်နယ်)၊ ဒုတိယဆုရရှိသော ဆုလာဒ်(ရန်ကုန်တိုင်းဒေသကြီး)၊ ပူးတွဲတတိယဆုရရှိသော ခိုင်သဉ္ဇာ(ရှမ်းပြည်နယ်)နှင့် အိမ့်ချစ်ဖူး (ရန်ကုန်တိုင်းဒေသကြီး)တို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုငွေသားဆုများကို အသီးသီးချီးမြှင့်ခဲ့ပါသည်။







ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော မိုးသော်ထင်+သူရိန် (ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော ခန့်သူ+ဘုန်းထက်ဇော် (ရန်ကုန်တိုင်းဒေသကြီး)၊ ပူးတွဲတတိယဆုရရှိသော ပြည့်စုံထွန်း+ကျော်ကျော် (ရှမ်းပြည်နယ်)နှင့် စိုင်းမင်းခန့်+ကောင်းပိုင်မင်းခန့် (ရှမ်းပြည်နယ်)တို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေးက အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော မေမြတ်စိုး+ဝေဝေ(ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော ထူးခင်ခင်+ဂျူလိုင်ထွန်း (ရန်ကုန်တိုင်းဒေသကြီး)၊ ပူးတွဲတတိယဆုရရှိသော လင်းသီရိဟန်+အိမ့်မှူးစံ(ပဲခူးတိုင်းဒေသကြီး)နှင့် ယွန်းသက်ထားမောင်+ခိုင်သဇင်ဖူးဝေ(မန္တလေးတိုင်းဒေသကြီး)တို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုငွေသားဆုများကို အသီးသီးချီးမြှင့်ခဲ့ပါသည်။





ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးငွေအောင်က အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသော ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အားလည်းကောင်း၊ အမျိုးသမီးအသင်း

စာမျက်နှာ(၃၂)သို့

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

● လားရှိုး၊ ဩဂုတ်လ(၂၅)ရက်။

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး နှင့် မြန်မာ့ဘတ်စကက်ဘော အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ တိုင်းရင်းသားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရှိစေရေး၊ မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရေးတို့ကို ရည်ရွယ်ကာ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် (၀၉း၀၀)နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ (၁၂)ရပ်ကွက်ရှိ လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေး





>>>









စာမျက်နှာ(၃၁) ...မှစာဆက်

လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယ ဆုရရှိသော ရှမ်းပြည်နယ်၊ ပူးတွဲ တတိယ ဆုရရှိသော ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အား၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြု ငွေသားဆုများကို အသီးသီးချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းကအကောင်းဆုံးအမျိုးသားအားကစားသမားဆုရရှိသော ဟိန်းထွင်ဋ (ရန်ကုန်တိုင်းဒေသကြီး)နှင့် အကောင်းဆုံး



အမျိုးသမီး အားကစားသမားဆုရရှိသော ငါးမြှာ(ကယားပြည်နယ်)တို့အား Trophy နှင့်ဂုဏ်ပြု ငွေသားဆုကျပ်(၁)သိန်းစီနှင့်အတူ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်မှ ဂုဏ်ပြုဆုငွေကျပ်(၂)သိန်းစီတို့အားလည်းကောင်း၊ အမျိုးသားအသင်းလိုက် တံခွန်စိုက်ဒိုင်းရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့်အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဒိုင်းရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ အား တံခွန်စိုက်ဒိုင်းဆုတို့နှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် မှ ထပ်မံဂုဏ်ပြုချီးမြှင့် ငွေကျပ်(၁၀)သိန်းစီတို့အား ချီးမြှင့်ခဲ့ပြီးနောက် အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရှိရပါသည်။

နှင့်လေ့ကျင့်ရေးဌာနခွဲ(၁)မှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစား နှင့် ကာယပညာသိပ္ပံ (တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အုပ်ချုပ်သူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘော အဖွဲ့ချုပ်မှ တာဝန်ရှိသူများ ၊ ပြိုင်ပွဲဝင်အသင်းများမှ နည်းပြများနှင့် အားကစားသမားများ၊ ဒုတိယပြည်နယ် အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရိုးရာအကအဖွဲ့များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်မှ အဖွင့်အမှာစကားပြောကြားရာတွင် ဘတ်စကက်ဘော အားကစားနည်းသည် မြန်မာ့အားကစားလောကတွင် အစဉ်အလာရှိသော အားကစားနည်းဖြစ်ပါကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်းအားဖြင့် နိုင်ငံတော်အတွက် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများနှင့်အညီ ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် အမှတ်ပေးစည်းမျဉ်း/စည်းကမ်းများနှင့်အညီ စနစ်တကျကူညီဆောင်ရွက် ပေးစေလိုပါကြောင်း၊ အုပ်ချုပ်သူ/နည်းပြများအနေဖြင့်လည်း စည်းမျဉ်း/စည်းကမ်းများကို စနစ်တကျ နားလည်သဘောပေါက်ရန် လိုအပ်ပြီး အုပ်ချုပ်သူ/နည်းပြများမှ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားပြုလုပ်ခြင်းဖြင့် ကိုယ်ခန္ဓာကြံ့ခိုင် ဖွံ့ဖြိုး တိုးတက်စေသည့်အပြင် စည်းကမ်း လိုက်နာမှု၊ အမိန့်နာခံတတ်မှုနှင့် ကိုယ်ကျင့်တရားကောင်းမွန်မှုစသည့် လူ့ကျင့်ဝတ်သိက္ခာများတိုးတက်မှုတို့ကိုများစွာ အထောက်အကူပြုပါကြောင်း၊ ယခုပြိုင်ပွဲမှ ထူးချွန်ထက်မြက်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ပါစေကြောင်း၊ ယခုပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အနိုင်မခံ အရှုံးမပေးဘဲ နောက်ဆုံးချိန်အထိ ရေကုန်ရေခမ်း ကြိုးစား ယှဉ်ပြိုင်သွားကြရန်လိုကြောင်း၊ ဒိုင်လူကြီးများမှ ဘက်လိုက်မှု ကင်းရှင်းပြီး တရားမျှတစွာ ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများအတိုင်း ဆုံးဖြတ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်မှ မြန်မာ့အားကစားကို အစွမ်းကုန် ထူးကဲစွာ အားပေးချီးမြှောက်နေသည့် အချိန်ကာလဖြစ်သည့်အတွက် အားကစားသမားများအနေနှင့် မိမိတို့၏အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အနိုင်ရရှိစေရေး အားကစားစိတ်ဓါတ်အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားကြရန်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတော်မှအားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး ဘင်ခရာအဖွဲ့၊ အကအဖွဲ့များမှ တေးသရုပ်ဖော်မှုနှင့် တိုင်းရင်းသား ရိုးရာအကများဖြင့် ဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကာ ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရပြီး ပထမနေ့ ပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ် အသင်း နှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြပါသည်။







၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်း(၁၁)သင်း၊ အမျိုးသားအသင်း(၁၁)သင်း၊ အမျိုးသမီးအသင်း(၉)သင်းဖြင့် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားအင်အား စုစုပေါင်း(၃၀၂)ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။ ■



အားကစားဟူသည်

ပျော်ရ၊ ငိုရ၊ ဂုဏ်ယူရ
ခင်မင်ရင်းနှီး ချစ်ကြည်ကြ
အနိုင်အရှုံးသည် သဘာဝ
"အားကစားစိတ်ဓာတ်" သာ အဓိက

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆီးမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော်၊ ဩဂုတ်လ(၁)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များကို ယနေ့ နံနက်(၇)နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပ ပြုလုပ်လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှု အားပေးခဲ့ကြပါသည်။

ယနေ့ နံနက်ပိုင်းတွင် ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကရင်ပြည်နယ်အသင်းမှ မန္တလေးတိုင်းဒေသကြီးအသင်းကို (၃)ဂိုး(၂)ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်အသင်း မှ ကချင်ပြည်နယ်အသင်းကို (၃)ဂိုး(၁)ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ပါသည်။





# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်မသန်စွမ်းအားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေး

နေပြည်တော်၊ ဩဂုတ်လ(၁/၂/၃/၅)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်





လျက်ရှိသည့် မြန်မာ့လက်ရွေးစင် မသန်စွမ်း အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အိုလံပစ်ကော်မတီရုံး၌ Virtual Online စနစ်ဖြင့် ကြည့်ရှုအားပေးခဲ့ပါသည်။

ဩဂုတ်(၁)ရက်နေ့တွင် မြန်မာအသင်းအနေဖြင့် ပြေးခုန်ပစ် အားကစားနည်းမှ မထက်ထက်အေးသည် Discus Throw (သံပြားပစ်) ပြိုင်ပွဲတွင် ရွှေ(၁)ခု၊ မောင်အောင်ဖုန်းမြတ်သည် (သံလုံးပစ်)ပြိုင်ပွဲတွင် ရွှေ(၁)ခု၊ မနန္ဒာလင်းသည် မီတာ(၁၀၀) လက်ပြတ်အပြေးပြိုင်ပွဲတွင် ငွေ(၁)ခု၊ မလော်လာဝင်းသည် မီတာ(၁၀၀) ဒူးအောက်(၁)ဖက်ပြတ် ပြိုင်ပွဲတွင် ငွေ(၁)ခုနှင့် Long Jump (အလျားခုန်)ပြိုင်ပွဲတွင်ကြေး(၁)ခု၊ မောင်အောင်မြင့်မြတ်သည် မီတာ(၁၀၀) အပြေးပြိုင်ပွဲတွင် ကြေး(၁)ခု၊ ရေကူး အားကစားနည်းမှ မောင်အောင်ဘုန်းသည် မီတာ(၁၀၀)Breaststroke (ဖားကူး) ပြိုင်ပွဲတွင် ရွှေ(၁)ခု၊ မောင်ကျော်ထူးသည် မီတာ(၅၀) Backstroke (ပက်လက်ကူး)ပြိုင်ပွဲတွင် ငွေ(၁)ခု၊ မောင်စိုးဝင်းသည် မီတာ(၄၀၀) Free Style (အလွတ်ကူး)ပြိုင်ပွဲတွင် ကြေး(၁)ခု ရရှိခဲ့သည်။

ဩဂုတ်(၂)ရက်နေ့တွင်မြန်မာအသင်းအနေဖြင့်ပြေးခုန်ပစ်အားကစားနည်းမှ မောင်တင်ညိုသည်(လုံတံပစ်)ပြိုင်ပွဲတွင် ရွှေ(၁)ခု၊ မလော်လာဝင်းသည် မီတာ(၁၀၀)အပြေးပြိုင်ပွဲတွင် ငွေ(၁)ခု၊ မောင်အောင်မြင့်မြတ်သည် မီတာ(၁၀၀)အပြေးပြိုင်ပွဲတွင် ကြေး(၁)ခု၊ မောင်ထွန်းလင်းသည်(လုံတံပစ်)ပြိုင်ပွဲတွင် ကြေး(၁)ခု၊ ရေကူး အားကစားနည်းမှ မောင်အောင်မြင့်မြတ်သည် မီတာ(၂၀၀)အလွတ်ကူးပြိုင်ပွဲတွင်ရွှေ(၁)ခုနှင့်မီတာ(၁၀၀)ပက်လက်ကူးပြိုင်ပွဲတွင် ရွှေ(၁)ခု၊ မောင်ကျော်ထူးသည် မီတာ(၅၀) (လိပ်ပြာကူး)ပြိုင်ပွဲတွင် ရွှေ(၁)ခု ထပ်မံဆွတ်ခူးရရှိခဲ့ကြပါသည်။

ဩဂုတ်(၃)ရက်နေ့တွင်မြန်မာအသင်းအနေဖြင့် ပြေးခုန်ပစ် အားကစားနည်းမှ မောင်စိုးပေသည် မီတာ(၁၀၀)ပြိုင်ပွဲတွင် ရွှေ(၁)ခု၊ မဝေဝေသင်းသည် မီတာ(၂၀၀) အပြေးပြိုင်ပွဲတွင် ကြေး(၁)ခု၊ ထပ်မံဆွတ်ခူးရရှိခဲ့ကြပါသည်။

ဩဂုတ်(၅)ရက်နေ့တွင် မြန်မာအသင်းအနေဖြင့် ရေကူး အားကစားနည်းမှ မီတာ(၁၀၀) အလွတ်ကူးပြိုင်ပွဲ အမျိုးအစားတွင် မောင်နိုင်ဇင်က ငွေတံဆိပ်ဆု၊ မီတာ(၅၀) အလွတ်ကူးပြိုင်ပွဲ အမျိုးအစားတွင် မောင်အောင်ဘုန်းက ငွေတံဆိပ်ဆု၊ မြန်မာ့လက်ရွေးစင်မသန်စွမ်း ဘောလုံးအသင်းက ကြေးတံဆိပ်ဆု၊ အလေးမအားကစားနည်းမှ(Best Lift) ပြိုင်ပွဲအမျိုးအစားနှင့် (Total Lift) ပြိုင်ပွဲ အမျိုးအစားတွင် မောင်မင်းဇော်ဝင်းက ကြေးတံဆိပ်(၁)ခုစီ အသီးသီး ထပ်မံဆွတ်ခူးရရှိခဲ့ကြောင်း သိရှိရပါသည်။

■

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ်ရှိ အိပ်ဆောင်တည်ဆောက်မည့်မြေနေရာနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၌ တည်ဆောက်လျက်ရှိသော အမျိုးသား/အမျိုးသမီးအိပ်ဆောင်များအား ကြည့်ရှုစစ်ဆေး

● နေပြည်တော်၊ ဩဂုတ်လ(၇)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်(၁၁)နာရီခွဲတွင် ရန်ကုန်မြို့ အင်းလျားကန်တွင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများ ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ်သို့ သွားရောက်၍ (၆)ခန်းတွဲ (၄)ထပ် အမျိုးသမီးအိပ်ဆောင် တည်ဆောက်မည့်မြေနေရာအား အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တည်ဆောက်မည့်မြေနေရာနှင့်ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များအား လမ်းညွှန် မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီး နှင့် အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)တွင် တည်ဆောက်လျက်ရှိသည့် အမျိုးသားအိပ်ဆောင်၊ အမျိုးသမီးအိပ်ဆောင်နှင့် စားရိပ်သာ/စားဖိုဆောင်တို့အား လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ပြီး တည်ဆောက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ စံချိန်စံညွှန်း အရည်အသွေး ပြည့်မီပြီး သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေးအတွက် စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့်လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။










## အားကစားအမျိုးအစား (၄) မျိုး

၁။ Competitive Sport - ယှဉ်ပြိုင်အားကစား

၂။ Leisure Sport - အပန်းဖြေအားကစား

၃။ Traditional Sport - ရိုးရာအားကစား (ခြင်းလုံး၊ သိုင်း၊ လက်ဝှေ့၊ နပန်း၊ ကျင်၊ ထုတ်ဆီးတိုး)

၄။ Mass Sport - လူထုအားကစား

# (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲမှပြန်လည်ရောက်ရှိလာသော အောင်ပွဲရမြန်မာမသန်စွမ်းအားကစားအဖွဲ့အား သောင်းသောင်းဖျဖျကြိုဆို ရွှေတံဆိပ်(၁၄)ခု၊ ငွေတံဆိပ်(၁၂)ခု၊ ကြေးတံဆိပ်(၁၇)ခု ရရှိ

ရန်ကုန်၊ ဩဂုတ်လ(၇) ရက်နေ့။

အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဆိုလိုမြို့၌ ဇူလိုင်လ(၃၀)ရက်မှဩဂုတ်လ(၆)ရက်နေ့အထိ ကျင်းပ ပြုလုပ်ခဲ့သည့် သော အားကစားအဖွဲ့သည် ယနေ့ နံနက်(၅)နာရီခွဲက မြန်မာအမျိုးသား လေကြောင်းလိုင်းစင်းလုံးဘုံးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်သူများက သောင်းသောင်းဖျဖျ ကြိုဆိုကြသည်။ မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် အားကစားနည်းမှ ငွေတံဆိပ်(၂)ခု၊ ကြေးတံဆိပ်(၂)ခု၊ မြားပစ် အားကစားနည်းမှ ကြေးတံဆိပ်(၁)ခု၊ စုစုပေါင်း ဆုတံဆိပ်(၄၃)ခုရရှိပြီး၊ မသန်စွမ်း









(၁၁)ကြိမ်မြောက်အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် (၁၄)ခု၊ ငွေတံဆိပ်(၁၂)ခု၊ ကြေးတံဆိပ်(၁၇)ခု၊ နိုင်ငံအလိုက် အဆင့်(၆)ရရှိခဲ့သည့် မြန်မာနိုင်ငံကိုယ်စားပြုအောင်ပွဲရ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမိုး ခေါင်းဆောင် လေဆိပ်သို့ ပြန်လည် ရောက်ရှိလာရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှညွှန်ကြားရေးမှူးများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ အားကစားသမားများ၊ မြန်မာနိုင်ငံ (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ် အားကစားနည်းမှ ရွှေတံဆိပ်(၉)ခု၊ ငွေတံဆိပ်(၇)ခု၊ ကြေးတံဆိပ်(၁၁)ခု၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ်(၅)ခု၊ ငွေတံဆိပ်(၃)ခု၊ ကြေးတံဆိပ်(၂)ခု၊ မသန်စွမ်းဘောလုံးအားကစားနည်းမှ ကြေးတံဆိပ်(၁)ခု၊ အလေးမ ဘော်လီဘောနှင့်မျက်မမြင်ဂိုးလ်ဘော အားကစားမှာ ဆုတံဆိပ်များနှင့် လွဲချော်ခဲ့ရသည်။ (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ၂၀၂၃ ခုနှစ် ဇွန်လတွင် အိမ်ရှင်အဖြစ် ကမ္ဘောဒီးယားနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

## အားကစား၏အကျိုးကျေးဇူးများ

(၁) ကျန်းမာခြင်း သုခမုချခံစားရမည်။
(၂) မိသားစု အားလုံး ကျန်းမာပျော်ရွှင်စေမည်။
(၃) လူငယ်/မောင်မယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရမည်။
(၄) နာမကျန်းဖြစ်၍ ဆေးဝါးကုသခြင်းမှ ကင်းဝေးစေရမည်။
(၅) လုပ်ငန်းခွင်၌ လုပ်အားစွမ်းပကားဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်စေရမည်။
(၆) နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်နိုင်ရမည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများသို့ လိုက်လံကြည့်ရှုစစ်ဆေး

● နေပြည်တော်၊ ဩဂုတ်လ(၉)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ရောဝတီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန

ကစားရုံရှေ့ရှိ စည်းကမ်းချက် Vinyl အား Hollow ဘောင်ဖြင့် သပ်သပ်ရပ်ရပ် ပြန်လည် ပြုလုပ်ပေးသွားရန်နှင့် တာဝန်ရှိသူများကို လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ပျက်စီးနေသည့် Outdoor Fitness များအား ပြန်လည်သိမ်းဆည်းပြီး အသစ်(၁)စုံ လဲလှယ်တပ်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး အဖွဲ့သည် ကျောင်းကုန်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနသို့ ရောက်ရှိပြီး မိုးလုံလေလုံအားကစားရုံအတွင်း ခိုငှက်များမဝင်ရောက်စေရန် အတွက် ဝင်ရောက်နိုင်သည့်အပေါက်များအား သံဇကာဖြင့် စနစ်တကျ













ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ညောင်တုန်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနသို့ ရောက်ရှိခဲ့ပြီး ညောင်တုန်းမြို့နယ် ဘောလုံးကွင်း အဝင်လမ်းရှိ သစ်သားမီးတိုင်များအား ကွန်ကရစ်တိုင်များနှင့် အစားထိုး လဲလှယ်တပ်ဆင်နိုင်ရေး ဆောင်ရွက်သွားရန်၊ အားကစားရုံရှေ့ရှိ အလံတိုင်အား စတီးအလံတိုင်ဖြင့် အစားထိုး တပ်ဆင်သွားရန်၊ အား

အဖွဲ့သည် မအူပင်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနသို့ ဆက်လက်ထွက်ခွာခဲ့ပြီး အားကစားရုံဘေးရှိ COVID-19 ကာလမှထားရှိသော သံကုတင်များအား ဖယ်ရှားရန်နှင့် ပျက်စီးနေသည့် အုတ်ရေစင်အား စနစ်တကျ ဖြိုချဖျက်ဆီးရန်၊ အားကစားရုံဘေးရှိ မြေနေရာအား ဘော်လီဘော အားကစားနည်း အသုံးပြုလေ့ကျင့်နိုင်ရေးအတွက် ဆောင်ရွက်သွားရန်နှင့်

နှင့်အဖွဲ့သည် ဓနုဖြူမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပန်းတနော်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနသို့ ရောက်ရှိခဲ့ပြီး အားကစားကွင်း/အားကစားရုံများအား ရေရှည်တည်တံ့စေရေးနှင့် သန့်ရှင်းသာယာမှုရှိစေရေးအတွက် အမြဲဆောင်ရွက်ကြရန်လိုကြောင်း တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်

ကာရုံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးမောင်မောင်သက်လိုက်ပါ၍ ကန်ကြီးထောင့်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနသို့ရောက်ရှိခဲ့ပြီး ဘောလုံးကွင်း အထူးတန်း ပွဲကြည့်စင်တည်ဆောက်

စာမျက်နှာ(၃၈)သို့

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများသို့ လိုက်လံကြည့်ရှုစစ်ဆေး

● နေပြည်တော်၊ ဩဂုတ်လ(၁၀)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ရေဝတီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးကျော်လွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ ပုတောမြို့နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာန၊ သာပေါင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရေကြည်မြို့နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာန၊ ကျုံပျော်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနများရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ဝန်ထမ်းများအနေဖြင့်အားကစားကွင်း/အားကစားရုံများအား ရေရှည်တည်တံ့စေရေးနှင့် သန့်ရှင်းသာယာမှုရှိစေရေး အတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊









စာမျက်နှာ(၃၇) ···မှအဆက်

မည့်မြေနေရာအားလည်းကောင်း၊ ပုသိမ်မြို့အဝင် ကိုးဆူကျေးရွာရှိ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း တည်ဆောက်ရန် လျာထားသည့် မြေနေရာအားလည်းကောင်း၊ ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း အရှေ့ဘက် ပွဲကြည့်စင်တည်ဆောက်မည့်မြေနေရာ အားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့ပါသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ရေဝတီတိုင်းဒေသကြီး(တိုင်းရုံး)ရှိ အရာထမ်း/အမှုထမ်းများနှင့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးများအား တွေ့ဆုံခဲ့ရာ တက်ရောက်လာသည့် အရာထမ်း/အမှုထမ်းများမှ တစ်ဦးချင်းမိတ်ဆက်၍ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့်ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးများမှ ၎င်းတို့၏ လုပ်ငန်းတာဝန် ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြခဲ့ကြပြီးနောက် ဒုတိယဝန်ကြီးမှ ဝန်ထမ်းများအားလုံး ကျန်းမာရေး အထူးဂရုစိုက်ကြရန်လိုကြောင်း၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံး ညီညွတ်စွာ လုပ်ငန်းတာဝန်များအား ထမ်းဆောင်သွားကြရန်လိုကြောင်း၊ လုပ်ငန်းတာဝန်များ ကျေပွန်အောင် ထမ်းဆောင်သူများအား ကျားသား/ရင်သား မခွဲခြားဘဲ တစ်ဆင့်မြင့်ရာထူးများအား တိုးမြှင့်ချီးမြှင့်လျက်ရှိကြောင်း၊ ရာထူးများလည်း ဒီထက်မကတိုးတက်အောင် ကြိုးစားကြစေလိုကြောင်း၊ ဝန်ထမ်းများ အနေဖြင့် မိမိတို့ ဝန်ကြီးဌာန၏ Website တွင်နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများအား ဝင်ရောက်ကြည့်ရှုမှတ်သားထားကြရန်နှင့် မိမိတို့ဝန်ကြီးဌာန၏ မူဝါဒများ၊ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များအား သိရှိထားဖို့လိုကြောင်း၊ ဝန်ထမ်းမိသားစု အချင်းချင်း ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီး နေထိုင်သွားကြဖို့ လိုကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ တတိယနေ့ ပွဲစဉ်များ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ(၁၄)ရက်။

"၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ"ကို ယနေ့မွန်းလွဲ (၁၂)နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ တတိယနေ့ ပွဲစဉ်များအား ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။





ယနေ့ ဂျူဒိုပြိုင်ပွဲ ပွဲစဉ်များ အမျိုးသား (-၅၅)ကီလိုတန်းပြိုင်ပွဲ၌ ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင် ကစားခဲ့ကြပြီးဗိုလ်လုပွဲ ပွဲစဉ်များကိုဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမဆုကို ကချင်ပြည်နယ်အသင်းမှ မောင်ဖြိုးသက်ဇော်၊ ဒုတိယဆုကို ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မောင်မျိုးမင်းအောင်၊ ပူးတွဲတတိယဆုကို တနင်္သာရီတိုင်းဒေသကြီးအသင်းမှ မောင်သူရကျော်နှင့် ချင်းပြည်နယ်အသင်းမှ မိုင်နီထွန်းကျော်တို့မှလည်းကောင်း၊ အမျိုးသား (-၆၀) ကီလိုတန်းပြိုင်ပွဲတွင် ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြပြီးနောက် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင် ကစားခဲ့ကြရာ ပထမဆုကို ရှမ်းပြည်နယ်အသင်းမှ စိုင်းဖွန်လောင်၊ ဒုတိယဆုကို ကချင်ပြည်နယ်အသင်းမှ မောင်မိုးကျော်ကျော်၊ ပူးတွဲတတိယဆုကို ရခိုင်ပြည်နယ်အသင်းမှ မောင်နိုင်နိုင်ဝင်းနှင့် ကရင်ပြည်နယ်အသင်းမှ မောင်ထက်ကိုဝင်းတို့မှလည်းကောင်း၊ အမျိုးသား (-၆၆)ကီလိုတန်းပြိုင်ပွဲတွင် ရှုံးထွက်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြပြီးနောက် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမဆုကို ရှမ်းပြည်နယ်အသင်းမှ မောင်ဟိန်းမင်းထက်၊ ဒုတိယဆုကို စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ မောင်လှိုင်မင်းခန့်၊ ပူးတွဲတတိယဆုကို မွန်ပြည်နယ်အသင်းမှ မောင်နိုင်ငွေးနှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ မောင်အောင်လှိုင်ဘုန်းတို့မှလည်းကောင်း၊ အမျိုးသမီး (-၄၅)ကီလိုတန်းပြိုင်ပွဲတွင် ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမဆုကို ကချင်ပြည်နယ်အသင်းမှ မတင်ဇာမြင့်၊ ဒုတိယဆုကို မန္တလေးတိုင်းဒေသကြီးအသင်းမှ မအေးချမ်းမိုး၊ ပူးတွဲတတိယဆုကို ကရင်ပြည်နယ်အသင်းမှ မနန်းစန္ဒာစိုးနှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ မသဲစုပုံတို့မှလည်းကောင်း၊ အမျိုးသမီး (-၄၈)ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြရာ ပထမဆုကို ကချင်ပြည်နယ်အသင်းမှ မဘန်တောမ်၊ ဒုတိယဆုကို ကရင်ပြည်နယ်

စာမျက်နှာ(၄၁)သို့

---

>>>

ပြည်သူများ စိတ်လက်ပေါ့ပါးစွာ လာရောက်၍ အားကစားလေ့ကျင့်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အားကစားပြိုင်ပွဲများအား စဉ်ဆက်မပြတ် ကျင်းပဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ဝန်ထမ်းများအချင်းချင်း မိသားစုစိတ်ဓာတ်ထားရှိပြီး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ပျော်ရွှင်စွာဖြင့် နိုင်ငံတော်မှ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ လိုက်နာထမ်းဆောင်သွားကြရန် လမ်းညွှန်မှာကြားခဲ့ပြီး ရုံးလုပ်ငန်း ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များနှင့် (ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း)စသည့် အားကစားနည်းများ၏ အားကစားအထောက်အကူပြုပစ္စည်းများဖြစ်သော (ဘောလုံး၊ ဂိုးပိုက်၊ ဘော်လီဘောပိုက်နှင့်ခြင်းလုံး) များအား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။







# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင် အခြေခံအင်္ဂလိပ်စကားပြောသင်တန်းအမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြား

● နေပြည်တော်၊ ဩဂုတ်လ(၁၅)ရက်။

ဝန်ထမ်းများ တစ်ဦးချင်း စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု ပိုမို တိုးတက်လာစေရန်ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ ဖွင့်လှစ်သည့်






“အခြေခံအင်္ဂလိပ်စကားပြောသင်တန်း အမှတ်စဉ်(၁/၂၀၂၂)ဖွင့်ပွဲ အခမ်းအနား”ကို ယနေ့ နံနက်(၉း၀၀)နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multi-purpose Hall ၌ ကျင်းပပြုလုပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးနေဝင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန(ဝန်ကြီးရုံး)မှ လက်ထောက်အတွင်းဝန်များ၊ ဌာနခွဲညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်၍သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသား/သင်တန်းသူများမှ တစ်ဦးချင်း ဂါရဝပြုမိတ်ဆက်ခဲ့ကြပြီးနောက် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံနိုင်ငံများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် ဘာသာစကား အခက်အခဲမရှိစေရန် ရည်ရွယ်၍ ယခုသင်တန်းအား ဖွင့်လှစ်ပေးရခြင်း ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဓိကလုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်နေသော ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် မြှင့်တင်ပေးရန် အလွန်အရေးကြီးကြောင်း၊ ဝန်ကြီးဌာန၏ အနာဂတ်ရေ့လုပ်ငန်းစဉ်များအောင်မြင်စေရေးအတွက် ဝန်ထမ်းများအနေဖြင့် တစ်ဦးကောင်း တစ်ယောက်ကောင်း စိတ်မမွေးဘဲ အချင်းချင်းစည်းလုံးညီညွတ်မှုအားနှင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာဖြင့် မိမိဝန်ကြီးဌာန တိုးတက်အောင်မြင်လာစေရေး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လူငယ်များအနေဖြင့်ခေတ်မီတိုးတက်လာသော နည်းပညာများအား ပိုမိုသင်ယူနိုင်စေရေးအတွက် အင်္ဂလိပ်စာစွမ်းရည် တိုးတက်လာစေရန် အရေး၊ အဖတ်၊ အပြောများကို ပိုမိုလေ့လာလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ လက်ခံကျင်းပမည့် အာဆီယံလူငယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေး (AMMY) နှင့် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMY)တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သောကြောင့် ယခုသင်တန်းတွင် သင်ယူတတ်မြောက်ခဲ့သော ဝန်ထမ်းများမှ ပါဝင်ကူညီလုပ်ဆောင်ကြရမှာဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချသည့် အသိပညာ၊ အတတ်ပညာများသာမက နိုင်ငံတကာမှပညာရပ်များကိုလည်း အမြဲလေ့လာ၍ တွေးတော ကြံဆနေရမည်ဖြစ်ပြီး မိမိတို့ကိုယ်တိုင်အရည်အချင်း ပြည့်မီနေအောင် အမြဲကြိုးစားနေရမည် ဖြစ်ကြောင်း၊ သင်တန်းကာလတွင် အချင်းချင်းအပြန်အလှန် သင်ယူ ပူးပေါင်းဆောင်ရွက်ပြီး မိမိဘဝ တိုးတက်ရေး၊ မိမိဌာနတိုးတက်ရေးမှသည် မိမိနိုင်ငံတိုးတက်ရေးအထိ သယ်ပိုးဆောင်ရွက်သွားစေလိုကြောင်း၊ သင်တန်းသား/သင်တန်းသူများအနေဖြင့် သင်တန်းစည်းမျဉ်း/စည်းကမ်းများကို သင်တန်းပြီးဆုံးသည်အထိ လေးစားလိုက်နာကြရန်နှင့် သင်တန်းမှ ပို့ချချက်များကို မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ လေးလေးနက်နက် ကြိုးစားလေ့လာသင်ယူပြီး မိမိတို့ဌာန၏အရည်အသွေးကို စဉ်ဆက်မပြတ် အောင်မြင် တိုးတက်အောင် ပြန်လည်အသုံးချကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီးနောက် သင်တန်းသား/သင်တန်းသူများနှင့် စုပေါင်း ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။





အဆိုပါ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းအမှတ်စဉ်(၁/၂၀၂၂)ကို ဩဂုတ်လ(၁၅)ရက်နေ့မှ အောက်တိုဘာလ(၇)ရက်နေ့အထိ လူငယ်ရေးရာဦးစီးဌာန၊ သင်တန်းခန်းမ၌ တနင်္လာနေ့မှ သောကြာနေ့များတွင် နေ့စဉ် မွန်းလွဲ(၂)နာရီမှ(၄)နာရီအထိ သင်တန်းကာလ(၂)လကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းနည်းပြ ဆရာမ (၂)ဦးမှ သင်တန်းသား/သင်တန်းသူ(၃၀)ဦးအား သင်ခန်းစာများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

■

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ





● နေပြည်တော်၊ ဩဂုတ်လ(၁၅)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ"ကို ယနေ့ မွန်းလွဲ(၃) နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ



ဘောလုံးအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)နှင့်လေ့ကျင့်ရေးကွင်း အမှတ်(၃)တို့၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ လာရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို(၃)ဂိုးဂိုးမရှိဖြင့်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို (၂)ဂိုး(၁)ဂိုးဖြင့်လည်းကောင်းအသီးသီး ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပါသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် AFC Women's Club Championship 2022 ဘောလုံးပြိုင်ပွဲ Online စနစ်ဖြင့် ကြည့်ရှုအားပေး

● နေပြည်တော်၊ ဩဂုတ်လ(၁၆)ရက်။

အာရှဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူး၍ ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် AFC Women's Club Championship 2022 (EAST) အာရှအမျိုးသမီးကလပ်အသင်းများ (အရှေ့ပိုင်းဇုန်)ပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ ချောင်ဘူရီမြို့တွင် ဩဂုတ်(၁၅)ရက်နေ့မှ(၂၁)ရက်နေ့အထိ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ISPE FC မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် တရုတ်တိုင်ပေမှ Taichaung Blue Whale FC (TPE) အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှ မြန်မာနိုင်ငံအိုလံပစ်ကော်မတီရုံး၌ Vitual Online စနစ်ဖြင့် ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရပါသည်။





စာမျက်နှာ(၃၉) - အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ တတိယနေ့...မှ အဆက်

အသင်းမှ နန်းသက်ထားပျို၊ ပူးတွဲတတိယဆုကို ရှမ်းပြည်နယ်အသင်းမှ မအေးအေးလွင်နှင့် မန္တလေးတိုင်းဒေသကြီးမှ မအေးချမ်းဖြိုးတို့မှလည်းကောင်း၊ အမျိုးသမီး (-၅၂) ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမဆုကို ကချင်ပြည်နယ်အသင်းမှ မပိုးအိလွင်၊ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မအေးပပဖြိုး၊ ပူးတွဲတတိယဆုကို မွန်ပြည်နယ်အသင်းမှ မမေသက်ပိုင်နှင့် ချင်းပြည်နယ်အသင်းမှ မစန္ဒာဝင်းတို့မှလည်းကောင်း၊ အမျိုးသမီး (-၅၇) ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမဆုကို ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မသဲသိမ့်သိမ့်သူ၊ ဒုတိယဆုကို ကချင်ပြည်နယ်အသင်းမှ မခေါ်မိုင်၊ ပူးတွဲတတိယဆုကိုကယားပြည်နယ်အသင်းမှ မဘောမိုနှင့် ရှမ်းပြည်နယ်အသင်းမှ မသက်နှင်းခိုင်တို့မှလည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပါသည်။

■

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ(၁၆)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ"ကို ယနေ့ မွန်းလွဲ(၃)နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)နှင့် လေ့ကျင့်ရေးကွင်း အမှတ်(၃)တို့၌ ဆက်လက်ကျင်းပ ပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းမှ ကျန်းမာရေးဝန်ကြီးဌာနအသင်းကို (၅)ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို (၃)ဂိုး(၂)ဂိုးဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပါသည်။





# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ (၁၇)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ"ကို ယနေ့ မွန်းလွဲ



(၃)နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစား လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် လေ့ကျင့်ရေးကွင်း အမှတ်(၃)တို့၌ ဆက်လက်ကျင်းပ ပြုလုပ်ခဲ့ရာ အားကစား နှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးနေဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်ဆန်းဦး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့်ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းမှ ပညာရေးဝန်ကြီးဌာနအသင်းကို (၂)ဂိုး(၁)ဂိုးဖြင့် လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့်





ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသင်းမှ ပြန်ကြားရေးဝန်ကြီးဌာန အသင်းကို(၄)ဂိုး(၂)ဂိုးဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပါသည်။

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ(၁၉)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ"ကို ယနေ့ မွန်းလွဲ (၃)နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစား လေ့ကျင့်ရေးကွင်း အမှတ်(၁)နှင့်(၃)တို့၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များတွင် နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီး ဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်းကို (၁)ဂိုးဂိုးမရှိဖြင့်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို (၄)ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ပါသည်။





■

# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)လယ်ဝေးမြို့နယ်ရှိ မသန်စွမ်းလူငယ်များအား အသိပညာပေးဆွေးနွေးပွဲ ကျင်းပပြုလုပ်

● နေပြည်တော်၊ ဩဂုတ်လ(၂၃)ရက်။

မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းလူငယ်များ၏ အခွင့်အရေးကို ကာကွယ်ရေး၊ မသန်စွမ်းလူငယ်များ၏ ဘဝမြှင့်တင်ရေးနှင့် ဘဝဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်စေနိုင်ရန် ရည်ရွယ်၍ မသန်စွမ်းလူငယ်များအား အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်း(၁၀း၀၀) နာရီအချိန်တွင် နေပြည်တော်ရှိ လယ်ဝေးမြို့နယ် Traning Centre(2) ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွန့်၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦး ၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်း၊ မသန်စွမ်းလူငယ်ရေးရာဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိုးလင်း၊ လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမြင့်ဆောင်နှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လယ်ဝေးမြို့နယ်မှ မသန်စွမ်း လူငယ်များ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

ရှေးဦးစွာ လူငယ်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွန့်မှ နိုင်ငံတော်၏ အနာဂတ်သည် ယနေ့လူငယ်များ အပေါ် များစွာ မူတည်ပါကြောင်း၊ လက်ရှိလူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်ပြီး အသိဉာဏ်ပညာပြည့်စုံမှ နိုင်ငံတော်သည် နောင်တစ်ချိန် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လူငယ်များပြုစုပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို အသစ်တိုးချဲ့ဖွဲ့စည်းပြီး လူငယ်ရေးရာဦးစီးဌာနကို အသစ်ထပ်မံ ဖွဲ့စည်းခဲ့ပါကြောင်း၊ လူငယ်ရေးရာဦးစီးဌာန၏ အဓိကတာဝန်များအနက်မှ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် မသန်စွမ်းလူငယ်များကို ချန်ထား၍ မရဘဲတပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လူငယ်ရေးရာဦးစီးဌာန၏ ရည်မှန်းတာဝန်များ၊ မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များမှ မသန်စွမ်းလူငယ်များနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်ကိစ္စရပ်များ ရှင်းလင်းပြောကြား၍လည်းကောင်း၊ လူငယ်ရေးရာဦးစီးဌာန၏ လူငယ်ကဏ္ဍ(၁၆)ရပ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြား၍လည်းကောင်း၊ လူငယ်ရေးရာဦးစီးဌာနမှ အာဆီယံလူငယ်များနှင့် ချိတ်ဆက်၍ ဆောင်ရွက်နေရသည့် လုပ်ငန်းတာဝန်များထဲမှ မသန်စွမ်းလူငယ်များ ပါဝင် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ လူငယ်ရေးရာဦးစီးဌာနမှ မသန်စွမ်းလူငယ်များ လုပ်ငန်းအပေါ်ဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ၏တိုင်းဒေသကြီးနှင့်ပြည်နယ် လူငယ်ရေးရာကော်မတီများ ဖွဲ့စည်းရာတွင် မသန်စွမ်းလူငယ်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားပါသည်။





ဆက်လက်၍ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြား

စာမျက်နှာ(၄၄)သို့

# (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ ဆုရအားကစားသမားများကို ဂုဏ်ပြုချီးမြှင့်မည့်အခမ်းအနားသို့ တက်ရောက်မည့် အားကစားသမားများအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှကြိုဆို

နေပြည်တော်၊ ဩဂုတ်လ(၁၉)ရက်။

အင်ဒိုနီးရှားနိုင်ငံ၊ ဆိုလိုမြို့၌ (၃၀-၇-၂၀၂၂)ရက်နေ့မှ(၆-၈-၂၀၂၂) ရက်နေ့ထိ ကျင်းပ ပြုလုပ်သည့် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်အားကစားပြိုင်ပွဲတွင် အောင်မြင်မှု ဆုတံဆိပ်ရရှိခဲ့သူများအား ဂုဏ်ပြုချီးမြှင့်မည့်အခမ်းအနားသို့ တက်ရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရွေးမန်းသူကားဖြင့် ထွက်ခွာလာခဲ့ပြီး မွန်းလွဲ(၁)နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေး











ခဲ့သည့် မြန်မာ့လက်ရွေးစင်မသန်စွမ်းအားကစားသမားများသည် (၂၀-၈-၂၀၂၂)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းစခန်း (Gold Camp)ရှိ (Cluster-4)သို့ ရောက်ရှိခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများမှ ရင်းရင်းနှီးနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြပြီးနောက် စားရိပ်သာတွင် မသန်စွမ်းအားကစားအဖွဲ့များ နေ့လယ်စာ စားသုံးနေမှုတို့အား ကြည့်ရှုခဲ့ကြောင်း သိရှိရပါသည်။

---

စာမျက်နှာ(၄၃)...မှ စာဆက်

ရေးမှူး ဦးသက်လွင်ဦးမှ နေပြည်တော်မြို့နယ်(၈)မြို့နယ်၌ မသန်စွမ်းလူငယ်များ အားကစားလေ့ကျင့်သင်ကြားနိုင်ရေးနှင့်ပတ်သက်၍ မြို့နယ်အသီးသီးရှိ အားကစား ကွင်း/ရုံများ အသုံးပြုနိုင်ရေးကိစ္စရပ်များ မသန်စွမ်းအားကစားနည်းအလိုက် နည်းပြ/နည်းစနစ်ရရှိနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားပါသည်။

ဆက်လက်၍ လူငယ်ရေးရာဦးစီးဌာန၊ မသန်စွမ်းလူငယ်ရေးရာဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိုးလင်းမှ လူတစ်ဦးတွင် မွေးရာပါဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ အကြား၊ အမြင်၊ ကိုယ်ခန္ဓာအစိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုတစ်ခုခုရှိသည်နှင့် မသန်စွမ်းသူဟု ခေါ်ဆိုနိုင်ပါကြောင်း၊ သို့သော် မသန်စွမ်းသူတိုင်း မသန်စွမ်းမှု မဟုတ်ပါကြောင်း၊ မသန်စွမ်းသူများအား လူနှင့်လူ့ပတ်ဝန်းကျင်နှင့်ပတ်သက်၍အလုပ်အကိုင်အခွင့်အလမ်း၊ အားကစား၊ အနုပညာစသည့် နယ်ပယ်ပေါင်းစုံမှ တန်းတူပါဝင်ဆောင်ရွက်ခွင့်မရမှသာ မသန်စွမ်းမှု ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ မသန်စွမ်းမှု မဖြစ်ပေါ်စေရေးအတွက် နိုင်ငံတော်မှ မသန်စွမ်းအခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်၊ မသန်စွမ်းအခွင့်အရေး နည်းဥပဒေတို့ကို ၂၀၁၇ ခုနှစ်တွင်ပြဌာန်းပေးပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လူငယ်ရေးရာဦးစီးဌာနမှ မြန်မာနိုင်ငံမသန်စွမ်းသူများ ပညာသင်ကြားရေးဆိုင်ရာတွင် အခက်ခဲရှိမှုတွင် ပေါင်းစပ်ပေးနိုင်ရေးကိစ္စရပ်များ၊ မသန်စွမ်းလူငယ်များ အသက်မွေးဝမ်းကျောင်းအတတ်ပညာများ သင်ကြားနိုင်ရေးကိစ္စရပ်များနှင့် ရန်ကုန်၊ မန္တလေး လူငယ်မသန်စွမ်းသင်တန်းကျောင်းများ၌ သွားရောက်မသင်ကြားနိုင်သူများကို မြို့နယ်အရောက် အသက်မွေးဝမ်းကျောင်း အတတ်ပညာများ သင်ကြားနိုင်ရေးကိစ္စရပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်အားကစားကွင်း/ရုံများတွင် မသန်စွမ်းလူငယ်များ အားကစား လေ့ကျင့်သင်ကြားနိုင်ရေးကိစ္စရပ်များ၊ နိုင်ငံတော်မှ မသန်စွမ်းအားကစားသမားများနှင့်ပတ်သက်၍ အားပေးချီးမြှင့်ပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားပါသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသော မသန်စွမ်းလူငယ်များကိုယ်စား နေပြည်တော်မသန်စွမ်းအသင်းချုပ်ဥက္ကဋ္ဌ ဒေါ်ခင်သီတာထွန်းမှ မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးစေလိုသည့်ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးပြောကြားရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းပြောကြား၍ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ လယ်ဝေးမြို့နယ် မသန်စွမ်းလူငယ်(၁၆၀)ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ(၂၀)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ"ကို ယနေ့ မွန်းလွဲ(၃)နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားလေ့ကျင့်ရေး ကွင်းအမှတ်(၃)၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်(၁)ဂိုးစီဖြင့်သရေရလဒ်ထွက်ပေါ်ခဲ့ပါသည်။ ■





# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ (၂၁)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ"ကို ယနေ့ မွန်းလွဲ(၃)နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့်(၃)တို့၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို (၇)ဂိုး(၁)ဂိုးဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းမှပညာရေးဝန်ကြီးဌာနအသင်းကို (၄)ဂိုး(၂)ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ပါသည်။





"ပြိုင်ပွဲအဆင့်ဆင့် ကျင်းပကာ
လက်ရွေးစင်များ ရွေးချယ်ပါ"

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ (၂၂)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ"ကို ယနေ့ မွန်းလွဲ(၃)နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစား လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ လူငယ်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့်လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းမှ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကို (၂)ဂိုး(၁)ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရှိရသည်။

■





# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ(၂၄)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ"ကို ယနေ့ မွန်းလွဲ (၃)နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားလေ့ကျင့်ရေး ကွင်း အမှတ်(၃)၌ ဆက်လက်ကျင်းပ ပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဝင်းဖေ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးခဲ့ကြပါသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း မှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို (၁)ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပါသည်။





**"မျိုးဆက်သစ်အားကစားသမားထွက်ပေါ်ရေး မြို့နယ်အားကစား မြှင့်တင်ပေး"**

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း လူငယ်ရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

● နေပြည်တော်၊ ဩဂုတ်လ(၂၂)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် လူငယ်ရေးရာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ တွေ့ဆုံ မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ (၂း၀၀)နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ လူငယ်ရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊





လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအေးမင်းညွှန့်နှင့် ညွှန်ကြားရေးမှူးများ၊ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက မိတ်ဆက်အမှာစကား ပြောကြားရာတွင်လူငယ်များသည်တိုင်းပြည်၏ အနာဂတ်မျိုးဆက်သစ်များဖြစ်သည့်အတွက် မှန်ကန်သော အတွေး







အခေါ်များရှိစေရန်နှင့် လမ်းကြောင်းမှန်ပေါ်ရောက်အောင် ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ လူငယ်များ၏ အကျင့်စာရိတ္တကောင်းမွန်စေရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့ဝန်ထမ်းများမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနသည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနဖြစ်သည့်အတွက် အားကစားဖြင့် အမိနိုင်ငံတော်၏ ဂုဏ်ကိုမြှင့်တင်ပေးရမည်ဖြစ်သလို လူငယ်ရေးရာဦးစီးဌာနအနေဖြင့်လည်း လူငယ်များ၏ အခန်းကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန်နှင့် လူငယ်များ၏စွမ်းအင်များကို နည်းလမ်းမှန်ကန်စွာအသုံးချတတ်စေရေး ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း၊ လူငယ်များကို အနာဂတ်တွင် ပညာရည်ထူးချွန်ပြီး အကျင့်စာရိတ္တနှင့်စည်းကမ်းကောင်းမွန်သော လူတော်လူကောင်းများဖြစ်လာစေရေး၊ ထူးချွန်ထက်မြက်သော ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန်အတွက် ပြုစုပျိုးထောင်ပေးရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများ အချင်းချင်း အပြန်အလှန် ရိုင်းပင်းကူညီဖေးမပြီး ဌာန၏လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် ပိုမိုအောင်မြင် တိုးတက်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လူတိုင်းတွင် တန်ဖိုးနှင့် အရည်အချင်းများကိုယ်စီရှိကြကြောင်း၊ မိမိတို့အားပေးအပ်ထားသော လုပ်ငန်းတာဝန်များကို ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် စေတနာထားပြီး လုပ်ငန်းများ ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် လူငယ်ရေးရာဦးစီးဌာနရှိ စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဌာနခွဲ၊ လူ့စွမ်းအားအရင်းအမြစ်၊ လေ့ကျင့်ရေးနှင့်အသိပညာပေးဌာနခွဲ၊ သတင်း ပြန်ကြားရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနခွဲနှင့် မသန်စွမ်း လူငယ်များဌာနခွဲတို့မှ အရာထမ်း/အမှုထမ်းများက တစ်ဦးချင်း ဂါရဝပြု မိတ်ဆက်ခဲ့ကြပါသည်။

ဆက်လက်၍ လူငယ်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက ဦးစီးဌာန၏ ရည်မှန်းချက်များ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိက ကဏ္ဍများ၊ အာဆီယံတွင် လူငယ်ရေးရာဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုစသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို အရှိန်အဟုန်မပျက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ လူငယ်များအလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး၊ အတွေးအခေါ် မှန်ကန်စေရေးနှင့် ဗလငါးတန် ဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးဒေါက်တာစိုးဝင်းအား ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့်တာဝန်ရှိသူများမှ ဌာနခွဲအလိုက် ရုံးခန်းဖွင့်လှစ်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများအား လိုက်လံ ရှင်းလင်းပြသခဲ့ပြီး ဒုတိယဝန်ကြီးမှ လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန် မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

■

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားတက်ရောက်

● နေပြည်တော်၊ ဩဂုတ်လ(၂၆)ရက်။

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ကျောင်းသား/ကျောင်းသူလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းချစ်/ပြည်ချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်၍ "လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ"ကို ယနေ့ နံနက်(၉း၃၀) နာရီတွင် နေပြည်တော်၊ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၁၁)ရှိ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦး နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အ-ထ-က(၁၁) ကျောင်းအုပ်ဆရာမကြီးဒေါ်သက်သက်သင်းနှင့်ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။









ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများကို အဓိကဗဟိုချက်အဖြစ် တာဝန်ယူဆောင်ရွက်နေသည့်အတွက် လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရေး၊ လူငယ်များ၏ အနာဂတ်ဘဝရည်မှန်းချက် အလားအလာ ကောင်းမွန်စေရေး၊ နိုင်ငံတော်၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်သော လူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်နိုင်ရေးတို့ကို ရည်ရွယ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို ပြုလုပ်လျက်ရှိပြီး ၂၀၂၂ ခုနှစ်၊ မတ်လမှ ဇူလိုင်လအထိ မြို့နယ်ပေါင်း (၂၂၁) မြို့နယ်တွင် အကြိမ်ရေစုစုပေါင်း(၂၉၀) ပြုလုပ်ခဲ့ရာ ကျောင်းသား/ကျောင်းသူ အင်အား(၅၇၆၇၀)ဦးခန့် တက်ရောက်ခဲ့ပါကြောင်း၊ တိုင်းပြည်၏ အခန်းကဏ္ဍများကို ပုခုံးပြောင်း တာဝန်ထမ်းဆောင်မည့် လူငယ်များ၏ စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့် တာဝန်ယူမှု/ တာဝန်ခံမှုရှိပြီး နိုင်ငံ့သားကောင်းလူရည်ချွန်များ ပေါ်ထွက်လာစေရေး ပြုစုပျိုးထောင်ပေးရန် လွန်စွာ အရေးကြီးကြောင်း၊ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိရေးအတွက် နည်းပညာသင်တန်းနှင့်သက်မွေးပညာသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားသွားရန်ရှိကြောင်း၊ ယနေ့ ဟောပြောပွဲသို့တက်ရောက်လာကြသောကျောင်းသား/ကျောင်းသူ လူငယ်များအနေဖြင့် ယခုဟောပြောပွဲမှ ရရှိသော ဗဟုသုတများ၊ အတွေးသစ်/အမြင်သစ်များကို လေ့လာမှတ်သားပြီး "လူငယ်အင်အားစွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင်အလင်းဆောင်အံ့" ဆိုသည့် လူငယ်ရေးရာဦးစီးဌာန၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို သယ်ပိုး ဆောင်ရွက်နိုင်သော အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။





ထို့နောက် နေပြည်တော်

>>

>>

ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ကျောင်းသား/ကျောင်းသူလူငယ်များအနေဖြင့် နိုင်ငံ၏ လူမှု၊ စီးပွား၊ ဘဝ ဖွံ့ဖြိုး တိုးတက်စေရေး၊ နိုင်ငံတော်မှ အားထားရသည့် အနာဂတ် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေးနှင့် ထူးချွန်ထက်မြက်ပြီး ပညာတော်၍အားကစားထူးချွန်သော လူတော်/လူကောင်းများဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက လူငယ် များ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုနှင့် စာပေတို့ကို ထိန်းသိမ်းမြှင့်တင်လိုစိတ်များ တိုးပွားလာစေရေး၊ လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ သိပ္ပံနည်းပညာနှင့် လူမှုရေးစသည့် ကဏ္ဍများတွင် ပိုမို ဖြည့်ဆည်းမြှင့်တင်ဆောင်ရွက်ပေးနိုင်စေရေး၊ လူငယ်များကို ခေါင်းဆောင်မှုအရည်အသွေးများ လေ့ကျင့်ပျိုးထောင်ပေးပြီး မျိုးချစ် စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်း Power Point ဖြင့် ရှင်းလင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် တိုက်ကွမ်ဒိုအဖွဲ့နှင့် Physical Fitness Dance အဖွဲ့တို့မှ သရုပ်ပြတင်ဆက်ခဲ့ကြပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း မှ အဆိုပါအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ခြင်းနှင့် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးမှ ကျောင်းအုပ်ဆရာမကြီးထံသို့ အားကစားပစ္စည်းများကို ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။





# ၂၀၂၂ ခုနှစ်၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား၊ အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ စတင်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ(၂၆)ရက်။

လူငယ်/လူရွယ်များ လက်ဝှေ့အားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေပြီး လက်ဝှေ့အားကစားနည်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စိတ်ဓာတ်၊ စွမ်းရည်၊ သတ္တိနှင့် ပြည့်စုံ၍ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ကိုယ်စားပြု သွေးသစ်အားကစားသမားကောင်းများပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစား နှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် "၂၀၂၂ ခုနှစ်၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား၊ အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ" ကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ လက်ဝှေ့ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားမှူးချုပ်များဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်ဆန်းဦး၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး(၄၈)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၄၈)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၅၁)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၅၄)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၅၇)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၆၀)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၆၃ဒသမ၅)ကီလိုတန်း ပြိုင်ပွဲ၊ အမျိုးသား(၆၇)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၇၁)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၇၅)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၈၀)ကီလိုတန်းပြိုင်ပွဲယှဉ်ပြိုင် ကစားမှုများကို တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်းသိရှိရပါသည်။





# ၂၀၂၂ ခုနှစ်၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား၊ အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ(၂၉)ရက်။

"၂၀၂၂ ခုနှစ်၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဖလား၊ အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား"ကို ယမန်နေ့ မွန်းလွဲ(၃)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီးများဖြစ်ကြသော ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်း၊ အားကစား နှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်ဆန်းဦးနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်စိုး နှင့် တာဝန်ရှိသူများတက်ရောက် ကြည့်ရှုအားပေးခဲ့ကြသည်။





ယနေ့ဗိုလ်လုပွဲစဉ်များတွင် အမျိုးသမီး(၄၈)ကီလိုတန်းပြိုင်ပွဲ၌ အေးငြိမ်းထူး(အား/လူငယ်)နှင့် ထန်နွမ်းကိန်(အား/လူငယ်)တို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ အေးငြိမ်းထူး(အား/လူငယ်)မှလည်းကောင်း၊

အမျိုးသမီး (၅၀)ကီလိုတန်း ပြိုင်ပွဲတွင် အိဖြူထွေး(ပြည်ထဲရေး)နှင့် မြမိုးသူ(ပြည်ထဲရေး)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြမိုးသူ(ပြည်ထဲရေး)မှ လည်းကောင်း၊





အမျိုးသမီး(၅၂)ကီလိုတန်း ပြိုင်ပွဲတွင် မေသဇင်ထူး(ပြည်ထဲရေး)နှင့် နန်းအေးဇွေဟွမ်(ရှမ်း/တောင်ကြီး ကလပ်)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ နန်းအေးဇွေဟွမ်(ရှမ်း/တောင်ကြီး ကလပ်)မှ လည်းကောင်း၊

အမျိုးသမီး (၅၄)ကီလိုတန်း ပြိုင်ပွဲတွင် ထက်ထက်နိုင်ဦး(ပြည်ထဲရေး)နှင့် ဆုမြတ်နိုး(PTC.ကလပ်) တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ထက်ထက် နိုင်ဦး(ပြည်ထဲရေး)မှလည်းကောင်း၊

အမျိုးသမီး (၆၀)ကီလိုတန်း ပြိုင်ပွဲတွင် ကေသွယ်ငြိမ်း(PTC. ကလပ်)နှင့် ကိမ်ရှင်းဒိတ်ဆာန် (မန္တလေးတိုင်း)တို့ ယှဉ်ပြိုင် ကစားခဲ့ ကြရာကေသွယ်ငြိမ်း(PTC. ကလပ်)မှ လည်းကောင်း၊

အမျိုးသား (၄၈)ကီလိုတန်း ပြိုင်ပွဲတွင် မင်းဇော်ထွန်း(ကာကွယ် ရေး)နှင့် မောင်ရှိန်း(ပြည်ထဲရေး)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မောင်ရှိန်း (ပြည်ထဲရေး)မှလည်းကောင်း၊

အမျိုးသား (၅၁)ကီလိုတန်း ပြိုင်ပွဲတွင် ပြည့်စုံ(တပ်မတော်-လေ) နှင့် လင်းထွဋ်ပိုင်(အား/လူငယ်)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ လင်းထွဋ်ပိုင် (အား/လူငယ်)မှလည်းကောင်း၊

အမျိုးသား(၅၄)ကီလိုတန်းပြိုင် ပွဲတွင် ကျော်မင်းထွန်း(ပဲခူးတိုင်း)နှင့် ဇော်မြင့်မိုး(ပြည်ထဲရေး)တို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ ဇော်မြင့်မိုး(ပြည်ထဲရေး) မှလည်းကောင်း၊

အမျိုးသား (၅၇)ကီလိုတန်း ပြိုင်ပွဲတွင် နိုင်လတ်(အား/လူငယ်)နှင့် ဂေမောင်း(မန္တလေးတိုင်း)တို့ ယှဉ်ပြိုင်





>>>

>>

ကစားခဲ့ကြရာ နိုင်လတ်(အား/လူငယ်)မှ လည်းကောင်း၊

အမျိုးသား (၆၀)ကီလိုတန်းပြိုင်ပွဲတွင် မင်းနိုင်ကျော်ဇင် (ပြည်ထဲရေး)နှင့် စောဘွယ်ကလို(ပြည်ထဲရေး)






တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ စောဘွယ်ကလို(ပြည်ထဲရေး)မှလည်းကောင်း၊

အမျိုးသား (၆၃ဒသမ၅) ကီလိုတန်းပြိုင်ပွဲတွင် ကျော်မင်းဦး (ကာကွယ်ရေး)နှင့် သီဟဇော်(အား/လူငယ်)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကျော်မင်းဦး(ကာကွယ်ရေး)မှလည်းကောင်း၊

အမျိုးသား (၆၇)ကီလိုတန်းပြိုင်ပွဲ တွင် ဇွဲဝေလျှံဖြိုး(မန္တလေးတိုင်း)နှင့် သူရဖြိုး(Gold Camp)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဇွဲဝေလျှံဖြိုး(မန္တလေးတိုင်း)မှ လည်းကောင်း၊

အမျိုးသား (၇၁)ကီလိုတန်းပြိုင်ပွဲတွင် ဝင်းမင်းထွန်း (ကာကွယ်ရေး)နှင့် အောင်သူ(မန္တလေးတိုင်း)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အောင်သူ(မန္တလေးတိုင်း)မှလည်းကောင်း၊

အမျိုးသား (၇၅)ကီလိုတန်းပြိုင်ပွဲတွင် သုတ(မန္တလေးတိုင်း)နှင့် ရဲဝင်းနိုင်(ကာကွယ်ရေး)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ သုတ(မန္တလေးတိုင်း)မှလည်းကောင်း၊

အမျိုးသား (၈၀)ကီလိုတန်းပြိုင်ပွဲတွင် အောင်ဆွေမွန် (ပြည်ထဲရေး)နှင့်အောင်ပြည့်ဖြိုး(ကာကွယ်ရေး)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အောင်ဆွေမွန်(ပြည်ထဲရေး)မှလည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြပါသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက် ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသမီး(၄၈)ကီလိုနှင့်




(၅၀)ကီလိုတန်းပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့်ပူးတွဲတတိယဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးမှလည်းကောင်း၊ အမျိုးသမီး(၅၂)ကီလို၊ (၅၄)ကီလိုနှင့် (၆၀)ကီလိုတန်းပြိုင်ပွဲတို့တွင် ပထမနှင့် ဒုတိယဆုရရှိခဲ့ကြသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှလည်းကောင်း၊ အမျိုးသား(၄၈)ကီလိုနှင့် (၅၁)ကီလိုတန်းပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိခဲ့ကြသူများကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ လည်းကောင်း၊ အမျိုးသား(၅၄)ကီလို၊ (၅၇)ကီလို၊ (၆၀)ကီလိုတန်းပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းမှလည်းကောင်း၊ အမျိုးသား(၆၃ဒသမ၅)ကီလို တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယ ဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုအောင်မှ လည်းကောင်း၊ အမျိုးသား(၆၇)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်းမှလည်းကောင်း၊ အမျိုးသား(၇၁)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိခဲ့ကြသူများကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှလည်းကောင်း၊ အမျိုးသား(၇၅)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိခဲ့ကြသူများကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှလည်းကောင်း၊ အမျိုးသား (၈၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းမှလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများအား အသီးသီး ပေးအပ် ချီးမြှင့်ခဲ့ကြပါသည်။

ဆက်လက်၍ အမျိုးသမီး အကောင်းဆုံးအားကစားသမားဆု ရရှိခဲ့သော အေးငြိမ်းထူး (အား/လူငယ်)အား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှ လည်းကောင်း၊ အမျိုးသား အကောင်းဆုံးအားကစားသမားဆု ရရှိခဲ့သော စောဘွယ်ကလို(ပြည်ထဲရေး)အား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးမှ လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁)သိန်းစီအား အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

■

လေ့ကျင့်မှ ကျွမ်းကျင် ကျွမ်းကျင်မှ ယုံကြည်
ယုံကြည်မှ ရဲရင့် ရဲရင့်မှ အောင်ပွဲဆင်

လူငယ်အင်အား စွမ်းပကားဖြင့်
နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် နေပြည်တော်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများ၏ သောက်ရေနှင့်သုံးရေ လုံလောက်စွာ ရရှိစေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေး

● နေပြည်တော်၊ ဩဂုတ်လ(၃၀)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်(၁၀း၀၀)နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားသမားများ၏ သောက်ရေနှင့်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် Cluster-9 စားရိပ်သာရှိ ရေသန့်စက်အား ပြန်လည်ပြုပြင် စစ်ဆေးသွားရန်နှင့် လက်ရွေးစင်အားကစားသမားများနေထိုင်သည့် Cluster 10-4 နှင့် Cluster10-5 ရှိ Ground ရေကန်နှင့် ရေမော်တာစက်များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Medal Hall ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်း အစည်းအဝေးတွင် မှာကြားသည့် လမ်းညွှန်ချက်များနှင့်ပတ်သက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးမှ ထပ်ဆင့်ရှင်းလင်း ဆွေးနွေးခြင်းအခမ်းအနား ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ပြီး Trainning Hall No(2) တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ဖူဆယ်ဘောလုံး အားကစားသမားများ၏ လေ့ကျင့်ကစားနေမှုအားလည်းကောင်း၊ Youth Camp မှ ဘော်လီဘောအားကစားသမားများ၏ လေ့ကျင့်ကစားနေမှုများအား လည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။













## ရေကူးအားကစားနည်း ဆောင်ပုဒ်

အရေးကြုံက သက်လုံလည်းကောင်း
အညောင်းလည်းပြေ ကိုယ်နေလည်းလှ
ရေကူးကြ။

# ၂၀၂၂ ခုနှစ် ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

● လားရှိုး၊ ဩဂုတ်လ(၃၁)ရက်။

၂၀၂၂ ခုနှစ် ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း












အခမ်းအနားကို လားရှိုးမြို့ရှိ လေ့ကျင့်ရေးအားကစားရုံ၌ ယနေ့ နေ့လယ် (၂) နာရီအချိန်တွင် ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရှိခဲ့ရပြီး အမျိုးသမီး 5x5 ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရှမ်းပြည်နယ်အသင်းကို ၇၂ မှတ် ၊ ၄၅ မှတ်ဖြင့် အနိုင်ရရှိသွားကာ ညနေ (၁၅း၃၀)နာရီအချိန်တွင် အမျိုးသား 5x5 ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရှမ်းပြည်နယ်အသင်းမှ မန္တလေးတိုင်း ဒေသကြီးအသင်းကို ၉၇ မှတ် ၊ ၆၆ မှတ်ဖြင့် အနိုင်ရရှိသွားကြောင်း သိရှိခဲ့ရပါသည်။

အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁)မှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ ဒုတိယပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများမှ ကြည့်ရှုအားပေးခဲ့ကြပါသည်။

ပြိုင်ပွဲတွင် ဆုရရှိသွားသော အသင်းများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့် ခဲ့ကြကြောင်း သိရှိခဲ့ရပြီး အဆိုပါ ဘတ်စကက်ဘောပြိုင်ပွဲအား ၂၅-၈-၂၀၂၂ ရက်နေ့မှ ၃၁-၈-၂၀၂၂ ရက်နေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းများမှ အသင်းပေါင်း (၁၁)သင်းမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရှိခဲ့ရပါသည်။

■

# အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပထမ(၄)လပတ်အကြို လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

● နေပြည်တော်၊ ဩဂုတ်လ(၁)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပထမ(၄)လပတ်အကြို လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နေ့လယ်(၁၂:၃၀)နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ဌာနခွဲညွှန်ကြားရေးမှူးများ၊ အားကစား နှင့်ကာယပညာသိပ္ပံကျောင်းအုပ်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တာဝန်ခံညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။







ဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝန်ကြီးဌာန၏ လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ခံညွှန်ကြားရေးမှူးများအနေဖြင့် ယခု အစည်းအဝေးတွင် အကြံပြုဆွေးနွေးပေးစေလိုကြောင်း၊ လုပ်ငန်းသုံးသပ်ညှိနှိုင်းအစည်းအဝေးများတွင် မိမိတို့တင်ပြလိုသည့် အချက်အလက်များကို စနစ်တကျပြုစုပြီး ကျစ်လျစ်စွာ ရှင်းလင်းတင်ပြစေလိုကြောင်း နှင့် Power Point တွင်ထည့်သွင်းဖော်ပြရမည့်အချက်အလက်များကို ကြိုတင်လမ်းညွှန်မှာကြားထားပြီးဖြစ်ပါကြောင်း၊ ယခင်က ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အားကစားအသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိပြီး ၂၀၂၁ ခုနှစ် ဩဂုတ်လ(၁)ရက်နေ့မှ စတင်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများကိုပါ ပြည်နယ်နှင့်တိုင်းဒေသကြီး တာဝန်ခံများအနေဖြင့် ပူးတွဲလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များတွင် စာရင်းစစ်ကန့်ကွက်ချက်များမဖြစ်ပေါ်စေရန် ဦးစီးဌာနအနေဖြင့် ဘဏ္ဍာရေးနှင့်သက်ဆိုင်သော သင်တန်းများအား ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ရာ အဆိုပါသင်တန်းသို့ တက်ရောက်ထားပြီးသော သက်ဆိုင်ရာဝန်ထမ်းများအား ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တာဝန်ခံညွှန်ကြားရေးမှူးများမှ စနစ်တကျ တာဝန်ပေးရန် လိုအပ်ကြောင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် တိုးချဲ့တည်ဆောက်လျက်ရှိသော အားကစားကွင်း/အားကစားရုံများ ရေရှည် တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းထားရှိရန် လိုအပ်သောဝန်ထမ်းများ ဖြည့်စွက်ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။





ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ဌာနခွဲညွှန်ကြားရေးမှူးများမှ ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ဇူလိုင်လအထိ (၄)လတာကာလအတွင်း ဌာနခွဲအလိုက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီးများမှ စီမံ/ဘဏ္ဍာဆိုင်ရာ တင်ပြချက်များ၊ အားကစားနည်းအလိုက်နည်းပြနှင့် သင်တန်းသား/သင်တန်းသူအင်အားစာရင်းများ၊ အား

>>>>

# အာဆီယံလူငယ်စကားရည်လုပွဲ ၂၀၂၂ (ASEAN Youth Debate 2022)ကျင်းပ





● နေပြည်တော်၊ ဩဂုတ်လ (၅)ရက်။

အာဆီယံဒေသတွင်း လူငယ်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရရှိစေရန် ရည်ရွယ်၍ ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့်အားကစားဝန်ကြီးဌာနမှ ကြီးမှူး၍ စိန်ခေါ်မှုများကို အတူ ရင်ဆိုင်ဖြေရှင်းကြစို့ (Addressing Challenges Together : ACT) ဆောင်ပုဒ်ဖြင့် ပထမ အကြိမ်ကျင်းပပြုလုပ်သည့် အာဆီယံလူငယ်စကားရည်လုပွဲ ၂၀၂၂ (ASEAN Youth Debate 2022) ၏ပထမပတ်လည်ပြိုင်ပွဲကို ယနေ့ နံနက်(၁၀)နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်လူငယ်ကိုယ်စားလှယ်များသည် Virtual Online စနစ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွှန့်နှင့် တာဝန်ရှိသူများမှ တက်ရောက် ကြည့်ရှု အားပေးခဲ့ပါသည်။

ယနေ့ ပထမပတ်လည် (First Elimination Round)ပွဲစဉ်တွင် ဖိလစ်ပိုင်နိုင်ငံအသင်းမှ "ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို အားကောင်းအောင်ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးများအတွက် အလုပ်လုပ်နိုင်စွမ်းကို တိုးမြှင့်ပေးနိုင်မည်" (This house believes that improving healthcare outcomes promotes higher labor productivity for women) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအသင်းမှ "လုပ်ငန်းခွင်အတွင်း အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်းသည် ဝင်ငွေမညီမျှခြင်း၏ အဓိကအကြောင်းအရင်းတစ်ခုဖြစ်သည်" (This house believes that discrimination against women in workplace is major source of income inequality) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံအသင်းမှ "အာဆီယံအနေဖြင့် ဘုံပညာရေး အရည်အသွေးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်နှင့် ခိုင်မာမှုတို့ကိုရရှိနိုင်မည်" (This house believes that ASEAN can achieve a common educational quality standard and assurance)ခေါင်းစဉ်ဖြင့်လည်းကောင်း အဆိုတင်သွင်းခဲ့ကြမှုများအပေါ် မြန်မာနိုင်ငံမှ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ လူငယ်ကိုယ်စားလှယ်(၁၉)ဦးတို့သည် အသင်း(၃)သင်းဖြင့် သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အသီးသီးပြန်လည်ချေပပြောဆိုခဲ့ကြပါသည်။

ပထမပတ်လည်ပွဲစဉ်ကိုဩဂုတ်လ (၄)ရက်နေ့နှင့်(၅)ရက်နေ့များတွင် အာဆီယံ(၈)နိုင်ငံမှ ကိုယ်စားပြုအသင်း(၂၀)သင်းတို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး ယနေ့ပြိုင်ပွဲများအပြီးတွင် ဒုတိယပတ်လည်ပွဲစဉ်သို့ ဆက်လက်ယှဉ်ပြိုင်ခွင့်ရရှိသည့် အသင်း(၁၀)သင်းအား ကြေငြာခဲ့ရာ မြန်မာအဖွဲ့(၂)မှ အင်ဒိုနီးရှားနိုင်ငံအသင်းနှင့်ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

အဆိုပါ စကားဝိုင်း၏ ဒုတိယပတ်လည်ပွဲစဉ်ကို ဩဂုတ်လ(၂၁)ရက်နေ့၊ ကွာတားဖိုင်နယ်ပွဲစဉ်ကို စက်တင်ဘာလ(၄)ရက်နေ့နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်ကို စက်တင်ဘာလ(၁၈)ရက်နေ့တို့တွင် Virtual Online စနစ်ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲ ပွဲစဉ်ကို အောက်တိုဘာလ(၁၂)ရက်နေ့နှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကိုအောက်တိုဘာလ(၁၃)ရက်နေ့များတွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

---

>>>>

ကစားလေ့ကျင့်ရေးဆိုင်ရာ တင်ပြချက်များ၊ ပညာရေးဆိုင်ရာ တင်ပြချက်များ၊ အောင်ချက်မြင့်မားရေး ဆောင်ရွက်ချက်များ၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများ၊ B.Sc (Sports) ဆိုင်ရာ ကိစ္စရပ်များနှင့် အထွေထွေ တင်ပြချက်များကို အသီးသီး ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ဆက်လက်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးတာဝန်ခံညွှန်ကြားရေးမှူးများမှ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ဘတ်ဂျက်သုံးစွဲမှုအခြေအနေများ၊ အားကစားကွင်း/အားကစားရုံ/ကန်/မြေရမ်ရရှိမှု ကိစ္စရပ်များ၊ ပြည်ထောင်စု/ပြည်နယ်နှင့်တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဒေသတွင်းအားကစားပြိုင်ပွဲ ကျင်းပခဲ့မှုအခြေအနေများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုနှင့်ဆုတံဆိပ်ရရှိမှု အခြေအနေများ၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပဆောင်ရွက်ခဲ့မှုအခြေအနေများ၊ လူထုအားကစား လှုပ်ရှားဆောင်ရွက်မှုများ၊ Outdoor Fitness တပ်ဆင်ထားရှိမှုအခြေအနေများနှင့် အားကစားသင်တန်းများဖွင့်လှစ်ထားရှိမှုကိစ္စရပ်များကို အသီးသီး ရှင်းလင်းတင်ပြခဲ့မှုများအပေါ် ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ဖြည့်စွက်လမ်းညွှန်ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။





■

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားသမားများအား သွားရောက်ကြည့်ရှုအားပေး

● နေပြည်တော်၊ ဩဂုတ်လ(၁၃)ရက်။

(၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားနည်း(၆)နည်းမှ မြန်မာ့လက်ရွေးစင် အားကစားသမား(၁၁၇)ဦးတို့အား ယနေ့ နံနက်(၇)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ခန္ဓာကိုယ် ကြံ့ခိုင်မှု စစ်ဆေးခြင်း(Physical Test) ပြုလုပ်နေမှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂)ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးနှင့်အတူ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ အားကစားသမားများအား ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားထားသည့်အတိုင်း မဆုတ်မနစ်သော စိတ်ဓာတ်၊ မလျှော့သော ဇွဲ၊ လုံ့လတို့ဖြင့် ခန္ဓာကိုယ်ကြံ့ခိုင်မှုရှိအောင် ယခုကတည်းက ကြိုးစားလေ့ကျင့်ကြရန်လိုကြောင်း၊ ယခု ရရှိသည့် စံချိန်စံညွှန်းများထက် ပိုမိုကောင်းမွန်သည့် စံချိန်စံညွှန်းများရရှိအောင် အားသွန်ခွန်စိုက် ကြိုးစားသွားကြရန်နှင့် လိုအပ်ချက်များရှိပါက ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။





# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)ပုဗ္ဗသီရိမြို့နယ် နှင့် ဇေယျာသီရိမြို့နယ်ရှိ မသန်စွမ်းလူငယ်များအား မသန်စွမ်းအသိပညာပေးဆွေးနွေးပွဲကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ(၁၆)ရက်။

မြန်မာနိုင်ငံအတွင်းရှိမသန်စွမ်းလူငယ်များ၏ အခွင့်အရေးကို ကာကွယ်ရေး၊ မသန်စွမ်း လူငယ်များ၏ ဘဝမြင့်တင်ရေးနှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မသန်စွမ်း လူငယ်






များအား အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်း(၁၀း၀၀)နာရီတွင် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်း၊ မသန်စွမ်းလူငယ်ရေးရာဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိုးလင်း၊ ပုဗ္ဗသီရိမြို့နယ် စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့မှ မသန်စွမ်းလူငယ်များ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

ဦးစွာ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက မသန်စွမ်းသူများနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ မသန်စွမ်းအမျိုးအစားအလိုက် ထောက်ပံ့ပေးနေပါကြောင်း၊ မသန်စွမ်းသင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိပြီး မသန်စွမ်း အသက်မွေးဝမ်းကျောင်းပညာများကို သင်ကြားပေးလျက်ရှိပါကြောင်း၊ ယခုအခါတွင် နိုင်ငံတော်အတွက် အနာဂတ်တွင် အားထားရမည့်လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် ပြန်လည်ဖွဲ့စည်းပြီး လူငယ်ရေးရာဦးစီးဌာနကို ထပ်မံဖွဲ့စည်းကာ တိုင်းပြည်အတွက် လူငယ်များ အသိပညာ၊ အတတ်ပညာများဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး အတွေးအခေါ်ဉာဏ်ပညာရင့်သန်လာစေပြီး ဗလငါးတန်နှင့်ပြည့်စုံသော လူတော်လူကောင်းများ ပေါ်ထွက်လာစေရေးကို ဦးတည်လျက်ဆောင်ရွက် နေပါကြောင်း၊ ၎င်းတာဝန်များအနက်မှ လူငယ်ရေးရာဦးစီးဌာန၏ မသန်စွမ်းလူငယ်ရေးရာဌာနခွဲမှ မသန်စွမ်းလူငယ်များနှင့်ပတ်သက်၍ မသန်စွမ်းလူငယ်များ၏ အခွင့်အရေးများ၊ မသန်စွမ်းလူငယ်များ ဘဝမြှင့်တင်ရေး၊ ပညာသင်ကြားနိုင်ရေး၊

➤➤

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ(၁၄)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ"ကို ယနေ့ မွန်းလွဲ(၃)နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစား လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဆက်လက် ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြန်ကြားရေးဝန်ကြီးဌာနအသင်းမှ ပညာရေးဝန်ကြီးဌာန အသင်းကို (၂)ဂိုး ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပါသည်။





▶▶

အသက်မွေးပညာရပ်များသင်ကြား၍ အလုပ်ခွင်ဝင်ရောက်နိုင်ရေး၊ မသန်စွမ်းအမျိုးအစားအလိုက် စွမ်းဆောင်ရည် ပေါ်မူတည်ပြီး အားကစားသင်တန်းများတက်ရောက်နိုင်ရေး၊ အားကစားနည်းများ လေ့ကျင့်နိုင်ရေး၊ အနာဂတ်မျိုးဆက်သစ် မသန်စွမ်းအားကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်ပါကြောင်း၊ လူငယ်ရေးရာဦးစီးဌာနအနေနှင့် နိုင်ငံတော်ရှိ ကျောင်းသားများအပါအဝင် လူငယ်မသန်စွမ်းအမျိုးအစားနည်းအလိုက် လေ့ကျင့်သင်ကြားလိုသောအားကစားနည်းများ၊ မသန်စွမ်း အမျိုးအစားအလိုက်သင်ကြားလိုသော အသက်မွေးပညာများကို ပြန်လည်ဆွေးနွေးပြောကြားစေလိုပါကြောင်း ရှင်းလင်းပြောကြားပြီးနောက် အာဆီယံ(၁၁)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲတွင် မသန်စွမ်းအားကစားသမားများ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နေမှုအခြေအနေများနှင့် ဆုရရှိမှုအခြေအနေများအား Video File ဖြင့် ပြသ၍ ရှင်းလင်းရေးရာဌာနခွဲ တာဝန်ခံဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်စိုးလင်းမှ ဌာနခွဲ၏ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာတွင် မသန်စွမ်း အသက်မွေးပညာသင်တန်းကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ရေး ညှိနှိုင်း ဆောင်ရွက်ပေးနိုင်မှု အခြေအနေများ၊ သင်တန်းကျောင်းများသို့ မတက်ရောက်နိုင်သူများအား မြို့နယ်အလိုက် စုစည်း၍ မြို့နယ်အရောက် သင်ကြားပေး နိုင်မှုအခြေအနေများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် မသန်စွမ်းကစားအဖွဲ့မှ လာရောက် သင်ကြားပြသနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ တက်ရောက်လာသော မသန်စွမ်းလူငယ်များမိမိတို့၏ ဆန္ဒသဘောထားများကို ပြန်လည်ဆွေးနွေးပြောကြားလိုပါကြောင်း ဆွေးနွေးပြောကြားပါသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မသန်စွမ်းပြည်သူများကိုယ်စား နေပြည်တော် မသန်စွမ်းအသင်းချုပ်ဥက္ကဋ္ဌ ဒေါ်ခင်သီတာထွန်းမှ ပြန်လည်ဆွေးနွေး ပြော





များအသိဉာဏ်ပညာတိုးပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲများကို နိုင်ငံတဝှမ်းကျင်းပပြုလုပ်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ လူငယ်များအနက် မသန်စွမ်းလူငယ်များပါဝင်ကြောင်း၊ မသန်စွမ်းလူငယ်များဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် မိမိတို့လုပ်ဆောင်ပေးနိုင်သည့်လုပ်ငန်းများတွင် မသန်စွမ်းလူငယ်များမှ လုပ်ကိုင်ဆောင်ရွက်ပေးစေလိုသည်များကို သိရှိလိုပါသောကြောင့် ယနေ့ နံနက်ဆွေးနွေးပွဲကျင်းပပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ပြောကြားဆွေးနွေးပါသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးမှ နေပြည်တော်ရှိ မသန်စွမ်းလူငယ်များတွင် အားကစားနှင့်ကာယပညာဦးစီးဌာနမှပံ့ပိုးဆောင်ရွက်ပေးနိုင်မှုအခြေအနေများ၊ အားကစားကွင်း/အားကစားရုံများ လေ့ကျင့်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားပါသည်။

ဆက်လက်၍မသန်စွမ်း လူငယ်အားကစားသင်တန်းများ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မသန်စွမ်းအမျိုးအစား မတူညီသည့်အတွက် စွမ်းဆောင်နိုင်မှု မတူညီသောကြောင့် မသန်စွမ်းများ လေ့ကျင့်လိုသော အားကစားနည်းများ မတူညီနိုင်၍ မြို့နယ်အားကစားမှူးများနှင့် ညှိနှိုင်းတိုင်ပင်၍ မိမိစွမ်းဆောင်နိုင်သော အားကစားနည်းများ လေ့ကျင့် သင်ကြားနိုင်ပါကြောင်း၊ မသန်စွမ်း အားကစားနည်းများတွင် နည်းစနစ်နှင့် နည်းပြလိုအပ်ပါက မသန်စွမ်း အားကြားခြင်း၊ အခြားမသန်စွမ်းသူများမှ ၎င်းတို့ဆန္ဒသဘောထားများအား ပြန်လည်ဆွေးနွေးပြောကြားကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများမှ ပြန်လည်ဆွေးနွေးပြောကြားကြပါသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်မှ နိဂုံးချုပ် အမှာစကားပြောကြားကာအခမ်းအနားကိုရုပ်သိမ်းခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်မှ မသန်စွမ်းလူငယ်(၇၀)ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ(၁၈)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ"ကို ယနေ့ မွန်းလွဲ(၃)နာရီခွဲတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံး အားကစား လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသောဦးထွန်းမြင့်ဦး၊ ဦးနေဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဒေါက်တာစန်းစန်းအေး၊ ဦးအောင်ကျော်မိုး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက် ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းမှ ကျန်းမာရေးဝန်ကြီးဌာနအသင်းကို (၂)ဂိုး ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပါသည်။

■





# အာဆီယံလူငယ်စကားရည်လုပွဲ ၂၀၂၂ (ASEAN Youth Debate 2022) ဒုတိယပတ်လည်ပြိုင်ပွဲ ဆက်လက်ကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ(၂၁)ရက်။

အာဆီယံဒေသတွင်း လူငယ်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရရှိစေရန် ရည်ရွယ်၍ ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့်အားကစားဝန်ကြီးဌာနမှ ကြီးမှူး၍ စိန်ခေါ်မှုများကို အတူရင်ဆိုင်ဖြေရှင်းကြစို့ (Addressing Challenges Together : ACT) ဆောင်ပုဒ်ဖြင့် ပထမအကြိမ် ကျင်းပပြုလုပ်သည့် အာဆီယံလူငယ် စကားရည်လုပွဲ ၂၀၂၂ (ASEAN Youth Debate 2022)၏ဒုတိယပတ်လည်ပြိုင်ပွဲကို ယနေ့ နံနက်(၉)နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ လူငယ်ရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်လူငယ်ကိုယ်စားလှယ်(၆)ဦးသည် Virtual Online စနစ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးနေဝင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွန့်နှင့် တာဝန်ရှိသူများမှ လာရောက် ကြည့်ရှုအားပေးခဲ့ပါသည်။





ယနေ့ ဒုတိယပတ်လည် (Second Elimination Round) ပွဲစဉ်တွင် စင်္ကာပူနိုင်ငံအသင်းနှင့် ကမ္ဘောဒီးယားနိုင်ငံအသင်းမှ "အာဆီယံဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် အလုပ်အကိုင် အခွင့်အလမ်းနှင့်ပိုမိုဖန်တီးကြရမည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံအသင်းနှင့် အင်ဒိုနီးရှားနိုင်ငံအသင်းတို့မှ "ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုသည် လူသားများအားလုံးအတွက် အကြီးမားဆုံး ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစား



>>>

# ၂၀၂၂ ခုနှစ်၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား၊ အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော်၊ ဩဂုတ်လ(၂၇)ရက်။

"၂၀၂၂ ခုနှစ်၊ မြန်မာနိုင်ငံ လက်ဝှေ့ အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား၊ အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ" ကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပပြုလုပ်ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားမှူးချုပ်ဦးကျော်ဆန်းဦး၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှတာဝန်ရှိသူများ တက်ရောက် ကြည့်ရှု အားပေးခဲ့ကြသည်။

ယနေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား(၄၈)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၅၇)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၆၀)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၆၃ဒသမ၅)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၆၇)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၇၁)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၇၅)ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား(၈၀)ကီလိုတန်းပြိုင်ပွဲ ယှဉ်ပြိုင်ကစားမှုများအား တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ ■





>>

နှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ မြန်မာအဖွဲ့(၂)အဖြစ် လူငယ်ကိုယ်စားလှယ်(၆)ဦးတို့သည် အဆိုပြုသည့် ဘက်မှဝင်ရောက်ယှဉ်ပြိုင် ခဲ့ကြပါသည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၄) ရက်နေ့နှင့် (၅)ရက်နေ့တို့တွင်ကျင်းပပြုလုပ်ခဲ့သည့် ပထမပတ်လည်ပြိုင်ပွဲ ပွဲစဉ်နှင့် ဩဂုတ်လ(၂၁)ရက်နေ့တို့တွင် ကျင်းပပြုလုပ်သည့် ဒုတိယပတ်လည်ပြိုင်ပွဲ ပွဲစဉ်တို့တွင် အနိုင်ရရှိခဲ့သည့် အသင်း(၈)သင်းတို့၏ ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များကို စက်တင်ဘာလ (၄)ရက်နေ့နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်ကို စက်တင်ဘာလ(၁၈)ရက်နေ့တို့တွင် Virtual Online စနစ်ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲ ပွဲစဉ်ကို အောက်တိုဘာလ (၁၂)ရက်နေ့နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်တိုဘာလ(၁၃)ရက်နေ့များတွင်ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ ■










# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဂျူဒိုပြိုင်ပွဲများနှင့် ဆုပေးပွဲကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ (၁၅)ရက်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဂျူဒိုအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ "၂၀၂၂ ခုနှစ်၊ ပြည်နယ် နှင့် တိုင်းဒေသကြီး









ဂျူဒိုပြိုင်ပွဲ" ပွဲစဉ်များကို ယနေ့ နံနက် (၁၀း၀၀)နာရီမှစ၍ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ဌာနခွဲများမှညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ လာရောက် ကြည့်ရှု အားပေးခဲ့ကြပါသည်။

ယနေ့ နံနက်ပိုင်းတွင် ဂျူဒိုပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် အမျိုးသား (-၇၃)ကီလိုတန်း၊ (-၈၁)ကီလိုတန်း၊ (-၉၀)ကီလိုတန်း၊ (+၉၀)ကီလိုတန်း ပြိုင်ပွဲများ၊ အမျိုးသမီး (-၆၃)ကီလိုတန်း၊(-၇၀)ကီလိုတန်း၊ (+၇၀)ကီလိုတန်းပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပါသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပပြုလုပ်ရာအမျိုးသား (-၄၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမ မြင့်မြတ်ဦး(ရန်ကုန်)၊ ဒုတိယ ဂျူနီယာခေါင်လွှမ်း(ကချင်)၊ တတိယ ဉာဏ်သက်ပိုင်ကို(ရေဝတီ)တို့အား ကချင်ပြည်နယ်အမျိုးသမီးအသင်းအုပ်ချုပ်သူ ဒေါ်အေးမြမြသွယ်မှလည်းကောင်း၊ အမျိုးသား(-၅၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမ ခိုင်စိုးသူ(ရန်ကုန်)၊ ဒုတိယ ကျော်ဝင်းထွဋ်(ကချင်)၊ တတိယ စိုးမိုးကျော်(ရခိုင်)၊ ပူးတွဲတတိယ တိုးတက်



လင်းထက်(ရှမ်း)၊ ပူးတွဲတတိယ ပြည့်စွမ်းကို(ရေဝတီ)တို့အား ရန်ကုန်တိုင်းဒေသကြီးအသင်း အုပ်ချုပ်သူ ဦးအောင်နိုင်ဦးမှလည်းကောင်း၊ အမျိုးသား(-၄၅)ကီလိုတန်းပြိုင်ပွဲတွင် ပထမ အောင်ကို(ကချင်)၊ ဒုတိယ ဝင်းသိန်းထွန်း(ရန်ကုန်)၊ တတိယ အလင်းရောင်(ရှမ်း)၊ ပူးတွဲတတိယ အောင်(ရေဝတီ)တို့အား ရေဝတီတိုင်းဒေသကြီးအသင်း အုပ်ချုပ်သူ ဦးစိုင်းဝေလင်းနောင်မှလည်းကောင်း၊ အမျိုးသမီး (-၃၆)ကီလိုတန်းပြိုင်ပွဲတွင် ပထမ ဇင်မာနွေး(တနင်္သာရီ)၊ ဒုတိယ ခင်ခင်ထွေး(ကချင်)၊ တတိယ ယမင်းရူပါမွန်(မွန်)၊ ပူးတွဲတတိယ ဖြိုးသက်ခိုင်(ရေဝတီ)တို့အား မွန်ပြည်နယ်အသင်းအုပ်ချုပ်သူ ဒေါ်အေးစုဟန်မှလည်းကောင်း၊ အမျိုးသမီး (-၃၉)ကီလိုတန်းပြိုင်ပွဲတွင် ပထမ အိအိသဇင်ဇော်(ကချင်)၊ ဒုတိယ မေသဥ္ဇာဦး(တနင်္သာရီ)၊ တတိယ နန်းပပဇင်(မန္တလေး)၊ပူးတွဲတတိယ ခင်သူသူလင်း(ရေဝတီ)တို့အား ကချင်ပြည်နယ် အမျိုးသား အသင်းအုပ်ချုပ်သူ ဦးသာဝမှလည်းကောင်း၊ အမျိုးသမီး (-၄၂)ကီလိုတန်းပြိုင်ပွဲတွင် ပထမ ဆောင်ယုံ(ကချင်)၊ ဒုတိယ ထက်ထက်လင်း(ရေဝတီ)၊ တတိယ ဇင်ဇင်ဇော်(ရခိုင်)၊ ပူးတွဲတတိယ နှင်းဝေဦး(မန္တလေး)တို့အား မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒိုင်လူကြီး ဦးဇော်လွင်မှလည်းကောင်း၊ အမျိုးသား (-၅၅)ကီလိုတန်းပြိုင်ပွဲတွင် ပထမ ဖြိုးသက်ဇော်(ကချင်)၊ ဒုတိယ မျိုးမင်းအောင်(ရေဝတီ)၊ တတိယ သူရကျော်(တနင်္သာရီ)၊ ပူးတွဲတတိယ မိုင်နီထွန်းကျော်(ချင်း)တို့အား မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အလုပ်အမှုဆောင် ဒေါ်ကြည်ကြည်ဝေ မှလည်းကောင်း၊ အမျိုးသား (-၆၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမ စိုင်းဖွန်လောင်(ရှမ်း)၊ ဒုတိယ မိုးကျော်ကျော်(ကချင်)၊ တတိယ

>>>





>>

နိုင်နိုင်ဝင်း(ရခိုင်)၊ ပူးတွဲတတိယ ထက်ကိုဝင်း(ကရင်)တို့အား မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် နည်းပြချုပ် ဦးညာဏ်စိုးမှလည်းကောင်း၊ အမျိုးသား (-၆၆) ကီလိုတန်းပြိုင်ပွဲတွင် ပထမ ဟိန်းမင်းထက်(ရှမ်း)၊ ဒုတိယ လှိုင်မင်းခန့်(စစ်ကိုင်း)၊ တတိယ နိုင်ငွေး(မွန်)၊ ပူးတွဲတတိယ အောင်လှိုင်ဘုန်း(ပဲခူး)တို့အား မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးစည်သူဇော်မှလည်းကောင်း၊ အမျိုးသမီး (-၄၅) ကီလိုတန်းပြိုင်ပွဲတွင် ပထမ တင်ဇာမြင့်(ကချင်)၊ဒုတိယအေးချမ်းမိုး(မန္တလေး)၊ တတိယ နန်းစန္ဒာစိုး(ကရင်)၊ ပူးတွဲတတိယ သဲစုပုံ(ပဲခူး)တို့အား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦးမှလည်းကောင်း၊ အမျိုးသမီး (-၄၈) ကီလိုတန်းပြိုင်ပွဲတွင် ပထမ ဘန်တောမ်(ကချင်)၊ ဒုတိယ နန်းသက်ထားပျို(ကရင်)၊တတိယအေးအေးလွင်(ရှမ်း)၊ ပူးတွဲတတိယ အေးချမ်းဖြိုး(မန္တလေး)တို့အား မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမောင်မောင်ထွေးဦးမှလည်းကောင်း၊ အမျိုးသမီး (-၅၂) ကီလိုတန်းပြိုင်ပွဲတွင် ပထမ ပိုးအိလွင်(ကချင်)၊ဒုတိယ အေးပပဖြိုး(ရန်ကုန်)၊ တတိယ မေသက်ပိုင်(မွန်)၊ ပူးတွဲတတိယ စန္ဒာဝင်း(ချင်း)တို့အား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစိုးမင်းဦးမှလည်းကောင်း၊ အမျိုးသမီး (-၅၇) ကီလိုတန်းပြိုင်ပွဲတွင် ပထမ သဲသိမ့်သူ(ရောတီ)၊ ဒုတိယ ခေါ်မိုင်(ကချင်)၊ တတိယ ဘောမို(ကယား)၊ ပူးတွဲတတိယ သက်နှင်းခိုင်(ရှမ်း)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလွင်မှလည်းကောင်း၊ အမျိုးသား(KATA) ကီလိုတန်းပြိုင်ပွဲတွင် ပထမ ကျော်ဝင်းထွဋ်၊ သီဟ(ကချင်)၊ ဒုတိယ မိုးကျော်ကျော်၊ ဖြိုးသက်ဇော်(ကချင်)၊ တတိယ အောင်ဝေဖြိုး၊ လှိုင်မင်းခန့်(စစ်ကိုင်း)၊ ပူးတွဲတတိယ မျိုးမင်းထွန်း၊ ခိုင်စိုးသူ(ရန်ကုန်)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးမှလည်းကောင်း၊ အမျိုးသမီး (KATA)ကီလိုတန်းပြိုင်ပွဲတွင် ပထမ တင်ဇာမြင့်၊ ပိုးအိလွင်(ကချင်)၊ ဒုတိယ အေးချမ်းမိုး၊ အေးချမ်းဖြိုး(မန္တလေး)၊ တတိယ ဝေဇင်ဦး၊ ခင်သက်မွန်(ကချင်)၊ ပူးတွဲတတိယ နန်းပပဇင်၊ ခင်ဝေဦး(မန္တလေး)တို့အား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှလည်းကောင်း ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ "၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ" ကို ဩဂုတ်လ(၁၂)ရက်နေ့မှ (၁၆) ရက်နေ့အထိ နံနက်(၁၀)နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဆက်လက်ကျင်းပ ပြုလုပ်သွားမည်ဖြစ်ရာ ဂျူဒိုအားကစားနည်းကို စိတ်ပါဝင်စားသည့်မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ဗိုလ်လုပွဲ ပြိုင်ပွဲများ ကျင်းပ

● ရန်ကုန်၊ဩဂုတ်လ(၉)ရက်။

ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဩဂုတ်လ ၈ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်း မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်ခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲ ပြိုင်ပွဲများအပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အသက် ၁၂ နှစ် နှင့် အောက်၊ အသက် ၁၆ နှစ်နှင့်အောက်၊ အသက် ၁၅ နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း၊ အမျိုးသားအသင်းလိုက် အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေသားဆုများ ချီးမြှင့်ပေးသည်။

ထို့နောက် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော သယ်န်းကျွန်းခရိုင်နှင့် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဒဂုံမြို့သစ်ခရိုင်တို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုယ်စား တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က တံခွန်စိုက်ဆုဖလားများ ချီးမြှင့်သည်။ ယင်းပြိုင်ပွဲကို ဩဂုတ်လ ၆ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ပြီး အသင်း ၂၆ သင်း၊ ကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။





# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)တို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့်စာအုပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

● မော်လမြိုင်၊ ဩဂုတ်လ(၅)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)တို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ၂၀၂၂ခုနှစ်၊ ဩဂုတ်လ (၅)ရက်နေ့၊ နံနက် (၁၁း၃၀)နာရီအချိန်တွင် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)၊ အုပ်ချုပ်မှုရုံး စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စာရေးဆရာအကြီးကိုကို(ကသာ)က "စာအုပ်လှူဒါန်းရခြင်းအကြောင်းနှင့် အနာဂတ်၏ကြယ်ပွင့်လေးများ" ခေါင်းစဉ်ဖြင့် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)သင်တန်းသားများအား အသိပညာပေး ဟောပြောခဲ့ပါသည်။

ထို့နောက် စာရေးဆရာ အကြီးကိုကို(ကသာ)က အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) စာကြည့်တိုက်နှင့် အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်း စာကြည့်တိုက်တို့အား ဗဟုသုတရဖွယ်စာအုပ်များ လှူဒါန်းခဲ့ရာ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်၊ အားကစားနှင့်ပညာရေး ပေါင်းစပ်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဝင်းတို့မှ အသီးသီးလက်ခံရယူခဲ့ပြီး စာရေးဆရာအကြီးကိုကို (ကသာ)က အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်၊ မွန်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဇော် နှင့် အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်း ကျောင်း ကျောင်းအုပ်ဆရာမကြီးတို့အား မေတ္တာလက်ဆောင်စာအုပ်များ ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်နှင့်တာဝန်ရှိသူများ၊ မွန်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်တို့သည် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)သင်တန်းသားများ နေ့လယ်စာ စားသုံးနေမှုအား ကြည့်ရှုစစ်ဆေးအားပေးစကားပြောကြားခဲ့ပြီး သင်တန်းသားများနှင့်အတူ နေ့လယ်စာ သုံးဆောင်ကြပါသည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်၊ ဒုတိယကျောင်းအုပ်ကြီးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မွန်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်၊ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်မြင့်မြတ်သီတာနှင့် တာဝန်ရှိသူများ၊ အားကစားနှင့်ပညာရေး ပေါင်းစပ် အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ သင်တန်းသား (၁၀၂)ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

■











# ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှကျောင်းသား/ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ

ရန်ကုန်၊ ဩဂုတ်လ(၂၀)ရက်။

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဥပဒေချုပ်ဦးဌေးအောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်အလှူရှင်များက ယနေ့ နံနက်(၁၁)နာရီခွဲအချိန်က အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းသို့ သွားရောက်၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ သင်တန်းသား/သူများ၊ B.Sc(Sports) ကျောင်းသား/သူများနှင့် ISPE FC ဘောလုံး အသင်းမှ အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ပြီး အထူးနေ့လယ်စာ စားပွဲများပြုလုပ်ပေး၍ ကျောင်းအုပ်ကြီး၊ ကျောင်းအကျိုးတော်ဆောင် ကော်မတီ အဖွဲ့ဝင်များ၊ ကျောင်းသား/ကျောင်းသူများနှင့်အတူတကွ သုံးဆောင်ခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ်က အမှာစကားပြောကြားပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်၍ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။













# ရွက်လှေ အားကစားနည်း ဆောင်ပုဒ်

လေပြင်းလှိုင်းမှ တို့မကျ၊ အရောက်ပန်းတိုင် ဖွဲ့ခိုင်ခိုင်၊
ကမ္ဘာ့အဏ္ဏဝါ ရေဇလာတွင်၊ မြန်မာ့ရွက်လှေ အောင်မြင်စေဖို့၊
မသွေကြိုးပမ်း ဖွဲ့မာန်လွှမ်းသည်၊ ရည်မှန်းပန်းတိုင် ရောက်ရမည်။







၅-၈-၂၀၂၂ရက်နေ့ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး) ရေကူးကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျောင်းဝန်းအရှေ့ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်း အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းအား အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး နှင့် တာဝန်ရှိသူများမှ လိုက်လံကြည့်ရှုစစ်ဆေး

## AFC Women's Club Championship 2022 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ISPE FC အမျိုးသမီးဘောလုံးအသင်း ပြည်ပထွက်ခွာ

ရန်ကုန်၊ ဩဂုတ်လ(၁၂)ရက်။

အာရှ ဘောလုံး အဖွဲ့ချုပ်မှ ကြီးမှူး၍ ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFC Women's Club Championship 2022 (EAST) အာရှအမျိုးသမီး ကလပ်အသင်းများ(အရှေ့ပိုင်းဇုန်)ပြိုင်ပွဲကို ဩဂုတ်လ(၁၅)ရက်နေ့ မှ (၂၁)ရက်နေ့အထိ ထိုင်းနိုင်ငံ ချောင်ဘူရီမြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ISPE FC အမျိုးသမီးဘောလုံးအသင်းအဖွဲ့ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမြ၊ အုပ်ချုပ်သူ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယညွှန်ကြားရေးမှူး ဦးသိုင်းထွန်းဇော်၊ နည်းပြချုပ် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အားကစားမှူးဒေါ်နုနုခိုင်ဝင်း၊ ဂိုးနည်းပြ အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး(အား/ပညာ) ဒေါ်ဇာဇာမြင့် အပါအဝင် အဖွဲ့ဝင်(၇)ဦးနှင့် အားကစားသမား(၂၃)ဦး စုစုပေါင်း(၃၀)ဦးတို့သည် ယနေ့ ညနေ(၅)နာရီခွဲအချိန်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာအမျိုးသားလေကြောင်းလိုင်း လေယာဉ်အမှတ်(၃၅၀)ဖြင့် ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယ ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခဲ့ပါသည်။




အဆိုပါပြိုင်ပွဲတွင် တရုတ်(တိုင်ပေ)မှ Taichung Blue Whale FC(TPE)၊ မြန်မာနိုင်ငံမှ ISPE FC နှင့် ထိုင်းနိုင်ငံ ကိုယ်စားပြု ၂၀၂၂ ခုနှစ် ထိုင်းအမျိုးသမီးလိဂ်ချန်ပီယံအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ISPE FC မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ၁၅-၈-၂၀၂၂ ရက်နေ့ (၁၈း၀၀)နာရီအချိန်တွင် Taichung Blue Whale FC(TPE) အသင်းနှင့်လည်းကောင်း၊ ၁၈-၈-၂၀၂၂ ရက်နေ့ (၁၈း၀၀)နာရီအချိန်တွင် Champion of 2022 Season (THA)အသင်းနှင့်လည်းကောင်း Chonburi Stadium , Chonburi ၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရှိရသည်။



## လက်ဝှေ့ဆောင်ပုဒ်

"အဆုတ်အတက်၊ သွက်လက်ရွှေ့လျား
လှည့်စားပရိယာယ် ဆန်းကြယ်တိုက်ကွက်
လျှပ်တစ်ပြက်၊ ထိုးချက်မြန်သလို လက်ဝှေ့ဆို"

# အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်)၊အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်း၏ အသိပညာပေးဟောပြောပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

● လှိုင်ကော်၊ ဩဂုတ်လ(၁)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်)၊ အားကစားနှင့်ပညာရေး ပေါင်းစပ် အထက်တန်းကြီးများ၊ အရာထမ်း/အမှုထမ်းများ၊ ဆရာ/ဆရာမများ၊ သင်တန်းသား/သင်တန်းသူများနှင့်မိဘများ တက်ရောက် ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းအုပ်ကြီး ကိုယ်စား ဒုတိယကျန်းမာရေးမှူး ဦးစိုးပိုင်မှ "အာဟာရမျှတစွာ စားသုံးရေး ကျောင်း ကျန်းမာရေး အသိပေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အထက်တန်းပြဆရာမ ဒေါ်ဇူဇင်သွန်းမှ " ဗလ ငါးတန်ဖွံ့ဖြိုးစေရန် ပညာရေးဖြင့် အခြေခံ" ခေါင်းစဉ်ကြားခဲ့သော မြန်မာစာဆရာမအားလည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော ကျောင်းသူမဖရေးမြာသဲဦးဝေအား လည်းကောင်း၊ AFF U-16 BOY CHAMPIONSHIP ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရ






ကျောင်း၏ အသိပညာပေးဟောပြောပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်(၉)နာရီအချိန်တွင် အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်) စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ဒုတိယ ကျောင်းအုပ်ကျောင်းအုပ်ကြီး(စီမံ) ဦးဇော်မင်းထွေးမှ အဖွင့်အမှာစကားပြောကြားပြီး ဒုတိယကျောင်းအုပ်ကြီး(လေ့ကျင့်ရေး) ဦးမင်းထက်အောင်မှ "ဗလ ငါးတန်ဖွံ့ဖြိုးစေရန် အားကစားဖြင့်အခြေခံ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးပြီး ဆုချီးမြှင့်ပွဲ အခမ်းအနား ဆက်လက်ကျင်းပရာ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် (၂)ဘာသာ ဂုဏ်ထူးရရှိခဲ့သည့် ကျောင်းသူ (၂)ဦးအားလည်းကောင်း၊ တတိယဆုရရှိအောင် သင်သည့် မောင်မာတီးနို(ခ)နေလင်းထွန်းတို့အား တာဝန်ရှိသူအသီးသီးမှ ဆုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

■

## နိုင်ငံတော်အပေါ် အားကစားမှ အကျိုးပြုနိုင်သည့် အချက်(၅)ချက်

| | | |
|---|---|---|
| လူငယ် | → | Youth |
| ကျန်းမာရေး | → | Health |
| ဂုဏ်သိက္ခာ | → | Prestige |
| အပြန်အလှန်ဆက်ဆံရေး | → | Exchange |
| စိတ်ဓာတ် | → | Morale |

# ၂၀၂၂ ခုနှစ် အာဆီယံ(အပေါင်း)လူငယ်စေတနာ့ဝန်ထမ်းဖိုရမ် တက်ရောက်၍ အာဆီယံ(အပေါင်း)လူငယ်စေတနာ့ဝန်ထမ်းဆုရသူတို့အား ကြိုဆို

● ရန်ကုန်၊ ဩဂုတ်လ(၂၈)ရက်။

ဗီယက်နမ်နိုင်ငံ၊ Quang Binh စီရင်စု (၂၃-၈-၂၀၂၂)ရက်နေ့မှ (၂၇-၈-၂၀၂၂)ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၂ ခုနှစ် အာဆီယံ(အပေါင်း) လူငယ် စေတနာ့ဝန်ထမ်းဖိုရမ်နှင့် အာဆီယံ(အပေါင်း)လူငယ်စေတနာ့ဝန်ထမ်း ဆုချီးမြှင့်ပွဲအခမ်းအနား (ASEAN PLUS Youth Volunteer Forum And ASEAN PLUS Youth Volunteer Award 2022)ကို ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ပပထွန်းနှင့် ရှင်သန်ရေး လူမှုကူညီရေးအသင်း အတွင်းရေးမှူး ဒေါ်နိုင်နိုင်ဝင်းထိန်တို့ တက်ရောက်ခဲ့ပါသည်။








အဆိုပါပြိုင်ပွဲတွင် တစ်ဦးချင်း လူငယ် စေတနာ့ ဝန်ထမ်းဆုကို မောင်ဇွဲရန်နိုင်(ရွှေရောင်သမိုင်း လူမှုကူညီရေးအသင်း)နှင့် အသင်းအဖွဲ့ဆုကို ဒေါ်နိုင်နိုင်ဝင်းထိန်(ရှင်သန်ရေး လူမှုကူညီရေးအသင်း)တို့က ရရှိခဲ့ပါသည်။

တစ်ဦးချင်း လူငယ်စေတနာ့ ဝန်ထမ်းဆုကို မောင်ဇွဲရန်နိုင် (ကိုယ်စား) လူငယ်ရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ပပထွန်းမှ လည်းကောင်း၊ အသင်းအဖွဲ့ဆုကို ဒေါ်နိုင်နိုင်ဝင်းထိန် (ရှင်သန်ရေးလူမှုကူညီရေးအသင်း)တို့မှ ဆုများကို တက်ရောက်ယူခဲ့ပြီး မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့က ကြိုဆိုခဲ့ကြောင်း သိရှိရပါသည်။ ■

# လာမည့် (၃၂) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကမ္ဘောဒီးယားနပန်းအဖွဲ့ချုပ်မှ ရွှေတံဆိပ်(၄)ခုနှင့်အထက်ရရှိရန် ရည်မှန်း

● ရန်ကုန်၊ ဩဂုတ်လ(၂၅)ရက်။

၂၀၂၃ ခုနှစ် မေလတွင် ကမ္ဘောဒီးယားနိုင်ငံမှ အိမ်ရှင် အဖြစ်လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်မည့် ကမ္ဘောဒီးယားနပန်းအဖွဲ့ချုပ်အနေဖြင့် မကြာသေးမီက ဖနွမ်းပင်မြို့ရှိ ရုံးချုပ်တွင် ပြုလုပ်သော အထွေထွေညီလာခံ၌ ကမ္ဘောဒီးယားနပန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဘတ်ချမ်ရွှန်းက အတိတ်ကာလ အောင်မြင်မှုများကို ပြန်လည်သုံးသပ်၍ လာမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကမ္ဘောဒီးယားနပန်းအဖွဲ့ချုပ်မှ ရွှေတံဆိပ်(၄)ခုနှင့် အထက် ရရှိအောင် ရည်မှန်းချက်ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွှေတံဆိပ်ဆုရှင် ချယ်(စ်)စမီးအားနည်းပြအဖြစ်ခန့်အပ်ပြီး ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်ပေးမှုကြောင့် အားကစားသမားများ၏ စွမ်းရည်တိုးတက်လာသည့်အတွက် ရွှေတံဆိပ်(၄)ခုထက်မက ကျိန်းသေရရှိမည်ဟု ကတိကဝတ်ပြု ပြောကြားလိုကြောင်း၊ နပန်းအားကစားနည်း၏ ရည်မှန်းချက် ပေါက်မြောက်အောင်မြင်ရေးအတွက်သာမက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ၏ ပုံရိပ်မြှင့်တင်နိုင်ရေးအတွက် အားကစားသမားများ၏ မိသားစုများကလည်း အားကစားသမားများကို စိတ်ဓာတ်ခွန်အားပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားပြီး



၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ချမှတ်ခဲ့ပါသည်။

အဆိုပါ ဥက္ကဋ္ဌ၏အဆိုပြုချက်အပေါ် ကမ္ဘောဒီးယားအမျိုးသားအိုလံပစ်ကော်မတီ (NOCC) နှင့် ပညာရေး၊ လူငယ်နှင့်အားကစားဝန်ကြီးဌာနတို့က ရွှေတံဆိပ်(၂)ခု ရယူပေးရန် လမ်းညွှန်မှုပြုခဲ့ကြောင်း သိရှိရသည်။

(စီ/သုဌာနခွဲ(အား/ကာ)၏ ဘာသာပြန်ဆိုမှု)

# ပြိုင်လေညည်းပြိုင် ပြင်လေညည်းပြင်

(ဒုတိယအကြိမ်ဖော်ပြခြင်း)

ကျော်ဇင်မိုး(ညွှန်ကြားရေးမှူး၊ ယှဉ်/လေ့)



ပြိုင်ပွဲမရှိသော အားကစားသည် ပျင်းရိငြီးငွေ့ဖွယ်တို့ဖြင့် ခြောက်သွေ့ကာ နေ့စဉ်နှင့်အမျှ လေ့ကျင့်လာခဲ့သော ကျင့်စဉ်တရား၏ အဆုံးအဖြတ်မရှိဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရသော် စာမေးပွဲမရှိသော စာသင်ကြားခြင်းကဲ့သို့ဖြစ်နေမည်။ လောကသဘာဝအရ အပြိုင်အဆိုင်ကင်းမဲ့ခြင်းသည် အရည်အချင်းနှင့် ကြိုးစားခြင်း၊ အားထုတ်ခြင်း၊ ဝီရိယတို့ကို မြေမြှုပ်သဂြိုဟ်သကဲ့သို့ ဖြစ်သည်။ ထို့ကြောင့် ပင်လျှင် အားကစားပြုလုပ်ခြင်း၌ လေ့ကျင့်ခြင်းများကို စနစ်ကျနစွာ ပြုလုပ်ပြီး ပြုလုပ်လေ့ကျင့်ခဲ့သည်များအတွက် မည်မျှ ခရီးပေါက်သည်၊ တိုးတက်သည်၊ ဆုတ်ယုတ်သည်တို့အတွက် တိုင်းတာသော ပေတံအဖြစ် ယှဉ်ပြိုင်ခြင်းသည် မဖြစ်မနေ လိုအပ်လှသည်။

သို့ရာတွင် အချို့သော အားကစားနည်းများတွင် လေ့ကျင့်ခြင်းထက် ပြိုင်ပွဲ ယှဉ်ပြိုင်ခြင်းကိုသာ ဦးတည်ပြီး (၁၂)ရာသီ ပြိုင်ပွဲများကိုသာ ဆက်တိုက်ယှဉ်ပြိုင်သည်ကို အံ့အားသင့်ဖွယ် တွေ့နေရသည်။ ကစားသမားအနေဖြင့် လေ့ကျင့်ရေးသဘောတရား၊ လေ့ကျင့်ရေး အစီအစဉ်၊ အချိန်ကာလပိုင်းခြားနေမှု၊ အားကစားသိပ္ပံစသည်တို့ကို နားမလည်လို့ ယှဉ်ပြိုင်လိုသည်ထားဦးတော့ ပြသ၊ ကြီးကြပ်၊ ကွပ်ကဲ ပေးနေသူတို့ အနေဖြင့် စနစ်တကျပြင်ဆင် လုပ်ဆောင်သင့်သည်။ မသိလို့ လုပ်တာလား၊ သိလျှက်နှင့် ပြိုင်နေရ ပြီးရောလုပ်တာလား၊ နှစ်ခုစလုံး ယှဉ်တွဲနေသလား၊ အဖြေတစ်ခုရှာရန် အထူးလိုအပ်လှသည်။

လေ့ကျင့်ရေးသဘောတရားအရ အားကစားနည်းများအားလုံးအတွက် တူညီသော ယေဘူယျသဘောတရားရှိနှင့်ပြီးသားဖြစ်သည်။ အားကစားနည်းတိုင်း လေ့ကျင့်ရေးအတွက် တာဝန်ယူ ဆောင်ရွက်ကြမည့် နည်းပြ၊ အုပ်ချုပ်သူတို့သည် မည်သည့်အကြောင်းနှင့်မျှ လေ့ကျင့်ရေးသဘောတရားကို မဖျက်ဆီးသင့်ပေ။ ပြိုင်ပွဲပြိုင်ရပြီးရော၊ နာမည်ကြီးပြီးရော သဘောများ ရင်ဝယ်ပိုက်ထားပါက ၎င်းအားကစားအတွက် အနာဂတ် အလားအလာ လွန်စွာအလှမ်းဝေးနေမည်ဖြစ်သည်။ လတ်တလော အောင်မြင်မှုများကို ပျော်ပိုက်နေပါက မျိုးဆက်သစ်တို့အတွက် လမ်းများကို တွန်းပို့ရင် အဆင်းသာရှိပြီး အတက်မရှိတဲ့ နဂါးပွက်အိုင်ထဲ တစိုက်မတ်မတ် ဆင်းနေရမည် ဖြစ်သည်။

လေ့ကျင့်ရေးသဘောတရား (Training Theaory)၊ လေ့ကျင့်ရေးအစီအစဉ်(Training Programme) အချိန်ကာလပိုင်းခြား သတ်မှတ်ခြင်း (Periodization)တို့ကိုမိမိဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲ၏ အချိန်ကာလအပေါ်မူတည်၍ မဟာဗျူဟာ (Strategy) ကျသော ရည်မှန်းချက်၊ နည်းဗျူဟာ(Tatic) မြောက်သည့် ပြင်ဆင်မှုတို့ဖြင့် နည်းစနစ် (Technique) ပြည့်သော လေ့ကျင့်ခြင်းတို့ကို အားကစားနည်းတို့၏ တာဝန်ရှိသူများမှ စနစ်တကျရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးသည်။ သို့တည်းမဟုတ်ပါက အခုပြိုင်ပွဲရှိ၊ အခုလာထား၊ နေရာမရွေး၊ အချိန်မရွေးဆိုသည့် လက်တန်း အားကစားသာ ဖြစ်နေပေမည်။

လေ့ကျင့်ခြင်းနှင့် ယှဉ်ပြိုင်ခြင်းသည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီတည်ရှိနေပေရာ လေ့ကျင့်ခြင်းမရှိဘဲ ပြိုင်ပွဲဝင်ပြိုင်ပါက အောင်နိုင်သည် ဖြစ်စေ၊ ရှုံးနိမ့်သည်ဖြစ်စေ ကစားသမားသည် ဘူးသီး အမွေးသတ်သကဲ့သို ဆက် လက်ကြီးထွားအောင်မြင်မှုများနှင့် ဝေးကွာ၍ ၎င်းနေရာ၌ပင် ရပ်တန့်ပြီး ဆုံးခန်းတိုင်သွားမည်ဖြစ်သည်။ ပြိုင်ပွဲမရှိဘဲ လေ့ကျင့်နေပါကလည်း



>>

"အားကစားနည်းတိုင်းအတွက် နည်းစနစ်ကော်မတီသည် မရှိမဖြစ် လိုအပ်သော အဖွဲ့တစ်ခုဖြစ်ပြီး တွေ့ရာမြင်ရာ လက်တန်းလုပ်ခြင်းကို အလိုအလျောက် ရပ်တန့်ပစ်နိုင်သည်။ ....."

ရေမရှိဘဲ လည်ပတ်နေသည့် မော်တာသကဲ့သို့ ကြာလာလျှင် ပူလောင်ခြင်းဟူသော ငြီးငွေ့မှုနှင့် ကြိုးစားလိုသည့်စိတ်တို့ပျောက်ကွယ်ပြီး ပျက်စီးခြင်းသို့ ရောက်သွားမည်ဖြစ်သည်။ ထို့ကြောင့်ပင်လျှင် လေ့ကျင့်ခြင်းနှင့် ယှဉ်ပြိုင်ခြင်းကို သဟဇာတ ဖြစ်စေရန်



ရေးဆွဲ အကောင်အထည်ဖော် ချမှတ်ရန် အရေးကြီးပေသည်။

ပါဝင်ယှဉ်ပြိုင်ရန် သတ်မှတ်ရည်စူးထားသည့် ပြိုင်ပွဲအတွက် အချိန်ကာလတွက်ချက်ပြီး အခြေခံ အချက်များ ပြင်ဆင်ခြင်း (Basic Preparation)၊ အကြိုပြင်ဆင်ခြင်း (Pre-Preparation)၊ ပြင်ဆင်ခြင်း (Preparation)၊ အထူးပြင်ဆင်ခြင်း (Special Preparation)၊ ပြိုင်ပွဲမတိုင်မီ ကာလပြင်ဆင်ခြင်း (Pre Competition)၊ပြိုင်ပွဲဝင်ရောက်ခြင်း (Competition)၊ အနားပေးခြင်း (Relaxation Transition) စသည့် အပိုင်းအခြားကို သက်ဆိုင်ရာ အားကစားနည်းအလိုက် နည်းစနစ် ကော်မတီမှ စနစ်တကျ ဝိုင်းဝန်းတိုင်ပင်ရေးဆွဲချမှတ်ပြီး ဆက်လက်တင်ပြအတည်ပြုချက်ရယူ၍ ၎င်းအတိုင်း ဆောင်ရွက်ရန် လိုအပ်သည်။ အားကစားနည်းတိုင်းအတွက် နည်းစနစ်ကော်မတီသည် မရှိမဖြစ် လိုအပ်သော အဖွဲ့တစ်ခုဖြစ်ပြီး တွေ့ရာ မြင်ရာ လက်တန်းလုပ်ခြင်းကိုအလိုအလျောက် ရပ်တန့်ပစ်နိုင်သည့် အစုအဖွဲ့ဖြစ်သည်။ ကျွမ်းကျင်သူများဖြင့် စုပေါင်းတိုင်ပင်ရေးဆွဲချမှတ်သည့် လေ့ကျင့်ရေးနှင့် ယှဉ်ပြိုင်မည့်ပြိုင်ပွဲတို့အတွက် သက်ဆိုင်ရာ ကြီးကြပ်သူများမှအတည်ပြုပြီး ဇောက်ချဆောင်ရွက်ခြင်းဖြစ်၍ ခိုင်မာသော စီမံချက်တစ်ရပ်ဖြစ်လာမည်ဖြစ်သည်။ အချို့သော အားကစားနည်းများတွင် တစ်နှစ်ပတ်လုံး ပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်ကြောင်း၊ အောင်မြင်ကြောင်း၊ ရှုံးနိမ့်ကြောင်းများကို သတင်းများတွင်ပင် ဝေဝေဆာဆာ ဖော်ပြနေသည်ကို တွေ့နေရပြီး အတော်များများမှလည်း အားတက်သရော အားပေးနေသည်ကို တွေ့ရတော့ လွန်စွာရင်လေးမိသည်။ ထိုထက်ပို၍ ထူးဆန်းသည်မှာ နည်းပြမရှိဘဲ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းနှင့် မည်သည့်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မည်သည့်လေ့ကျင့်ရေး အစီအစဉ်ဖြင့် ဆောင်ရွက်နေသည်ကို ဖော်ပြခြင်း မရှိဘဲ ဖိတ်သမျှ ခေါ်သမျှ ဝင်ရောက်ယှဉ်ပြိုင်သည့် ဖိတ်ခေါ်ပြိုင်ပွဲများ ဖြစ်နေကြသည်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရာတွင်လည်း မိမိအတွက် အကျိုးအမြတ် တွက်ချက်၍ ယှဉ်ပြိုင်ရန် လိုအပ်လှပါသည်။ ပြိုင်ပွဲဝင်ခြင်းဖြင့် မိမိထက်သာလွန်သူများ၏ ပြိုင်ပွဲဝင်စွမ်းရည်ကို ခန့်မှန်းလိုမှု၊ မိမိအမှန်တကယ်ရည်ရွယ်ယှဉ်ပြိုင်မည့် ပြိုင်ပွဲအတွက် အထောက်အကူဖြစ်မှု၊ အတွေ့အကြုံကောင်းများရရှိမှု စသည့် အခြေခံအချက်များကို တွက်ချက်ဆောင်ရွက်သင့်သည်။ ပြိုင်ရပြီးရော၊ ဆုရပြီးရော၊ နိုင်ငံခြားသွားရပြီးရော ဆိုသည် သေးသိမ်သောအတွေးများ ဖယ်ထုတ်ရန်လိုအပ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းကို တွက်ဆကြည့်ပါက ပြိုင်ပွဲကာလတွင် လေ့ကျင့်မှုအားလုံး ရပ်နားနေရခြင်း ဖြစ်ပါသည်။ ပြည်ပပြိုင်ပွဲတစ်ပွဲအတွက် ပြိုင်ပွဲကာလ(၅)ရက်ဆိုပါက အသွားကြိုတင်ရက်၊ အပြန်ရက်တွက်ချက်ပါက (၈)ရက်၊ (၉)ရက် ကြာမြင့်မည်ဖြစ်သည်။ ၎င်းပြိုင်ပွဲပြီးပါကလည်း လေ့ကျင့်ရေး သဘောတရားအရ အနားပေးခြင်းကို ဆောင်ရွက်ရမည်။ ပြီးပါက လေ့ကျင့်ရေးကာလ အပိုင်းအခြား ထပ်မံဆောင်ရွက်၍ ပြုလုပ်ရမည်ဖြစ်ရာ ပြိုင်ပွဲများ ဆက်နေပါက လေ့ကျင့်ရေး အစီအစဉ် ပျောက်၍ ဆုတ်ယုတ်မှုများ ရရှိမည်ဖြစ်သည်။

ရည်မှန်းချက်ထားရှိသောပြိုင်ပွဲကြီး (SEA Games, Asian Games, Olympic Games ) များ အပေါ်တွင် အဓိကအခြေခံထား၍ ကျန်ဖိတ်ခေါ် ပွဲများ Championship ပြိုင်ပွဲများကို မိမိ၏ လေ့ကျင့်ရေး



အစီအစဉ်ဖြင့် အကျိုးအမြတ်ပေါ် စနစ်တကျ တွက်ချက်ယှဉ်ပြိုင်ရန် အရေးကြီးလှသည်။ အချို့မှာ ဖိတ်ခေါ် ပြိုင်ပွဲများ၌ အောင်မြင်သည်ဟုဆိုသော်လည်း အဓိကပြိုင်ပွဲကြီးများတွင် အုပ်စုအဆင့်မတက်သည့် အခြေအနေများ မျက်မြင်တွေ့ရှိကြမည်ဖြစ်သည်။ သို့ဆိုပါက ရည်မှန်းချက်သည်ဘာလဲ၊ ပြိုင်ပဲပြိုင်နေတော့မှာလား၊ ပြိုင်ဖို့အတွက် ပြင်ရော မပြင်ကြတော့ဘူးလား ယှဉ်ပြိုင်ဖို့အတွက် လိုအပ်တဲ့ ကြံ့ခိုင်မှု၊ သက်လုံ၊ ခွန်အား၊ လျင်မြန်မှု၊ ပျော့ပြောင်းမှု၊ ခံနိုင်ရည်ရှိမှု စတာတွေကို မွေးထုတ်ပေးမည့် သိပ္ပံနည်းကျကျ လေ့ကျင့်မှုတွေကို မပြင်ဆင်ကြတော့ဘူးလား၊ အမှန်ဆိုရပါလျှင် သက်ဆိုင်ရာ အားကစားနည်းအလိုက် ပြသနေသော နည်းပြများ စီမံကွပ်ကဲနေသောသူများ အနေဖြင့် မိမိနယ်ပယ်အလိုက် ကျွမ်းကျင်မှုရှိပြီး ဖြစ်ပါမည်။ သို့သော် မည်သည့်အတွက် လေ့ကျင့်မှုနှင့် ယှဉ်ပြိုင်ခြင်းကို စနစ်ကျနစွာ ချမှတ်အကောင်အထည် မဖော်သည်ကို စဉ်းစားမရ။

လုံလောက်သောလေ့ကျင့်ခြင်းဟူသည့် ပြင်ဆင်ခြင်းမပြုလုပ်ပါက ပြိုင်ပွဲဟူသည့်ယှဉ်ပြိုင်ခြင်းသည် အနှစ်သာရမဲ့သော အန္တရာယ်များသည့် လုပ်ရပ်ဖြစ်သည်။ Sports Injury ဟူသည့် အားကစား ထိခိုက်ဒဏ်ရာရရှိမှုများကို များစွာဖြစ်ပေါ်စေနိုင်သည့် အပြင် ရေရှည်တည်တံ့ခိုင်မြဲစေမည့် သိပ္ပံနည်းစနစ်ကျနသည့် လေ့ကျင့်ရေးမှုများ တဖြည်းဖြည်းပျောက်ပျက်သွားနိုင်ပါသည်။ ယနေ့ခေတ်ကာလကဲ့သို့ တိုးတက်သည့်အခြေအနေမှာပင် ခိုင်မာစနစ်ကျသည့် လေ့ကျင့်ခြင်းနှင့်ယှဉ်ပြိုင်ခြင်းကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိပါက အနာဂတ်တွင် တံလျှပ်ရေထင်အလိုက်လွဲသည့် အဖြစ်အပျက်များဖြင့် အားကစားအတွက် ရင်လေးစရာ ဖြစ်လာနိုင်သည်။

သို့ပါသောကြောင့် မိမိရည်မှန်းထားရှိသည့် အောင်မြင်မှုအတွက် စနစ်ကျနသော လေ့ကျင့်ခြင်းများပြုလုပ်ပြီး အချိန်ကာလအလိုက် စေ့စပ်စွာ ပြင်ဆင်၍ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းဟူသော "ပြိုင်လည်းပြိုင်၊ ပြင်လည်းပြင်"ရန် အထူးလိုအပ်လှပါသည်။

ကျော်ဇင်မိုး

ညွှန်ကြားရေးမှူး(ယှဉ်/လေ့-၂)

သက်ဆိုင်ရာ အားကစားနည်းအလိုက် ပြသနေသော နည်းပြများ
စီမံကွပ်ကဲနေသောသူများ အနေဖြင့် မိမိနယ်ပယ်အလိုက်
ကျွမ်းကျင်မှုရှိပြီး ဖြစ်ပါမည်။ သို့သော် မည်သည့်အတွက်
လေ့ကျင့်မှုနှင့် ယှဉ်ပြိုင်ခြင်းကို စနစ်ကျနစွာ ချမှတ်
အကောင်အထည်မဖော်သည်ကို • • • • •

# နိုင်ငံ့အားကစား မြှင့်တင်ရန် လူထုအားကစားကို အခြေခံ

၂၀၁၉ ခုနှစ် ဒီဇင်ဘာ
လူထုအားကစားလှုပ်ရှားမှု
အထိမ်းအမှတ်ကဗျာ
(ပထမ)ဆု

မြင့်(ရွှေဘို)

- ခွာညိုသင်းပေ၊ ချယ်ရီဝေ၍
ပန်းတွေငုံဆင့်၊ ပန်းစုံပွင့်လျက်
ထူးတင့်ဝေစည်၊ ဤရာသီဝယ်
လေပြည်ဆော့နမ်း၊ နေခြည်ဖျန်းစဉ်
ပန်းသဇင်နှံ့၊ ထုံသင်းပျံ့ကာ
မှန်စွာရေမြေ၊ မွေးမြူလေပြီ
ရောင်နီဖြာဝင်း၊ ပန်းစုံသင်း၍
ငွေနှင်းပွင့်စ၊ ဟေမန္တဝယ်
ဝင်းပဂုဏ်ရည်၊ မြေမဟီမှာ
ခိုင်မာရပ်တည်၊ အားမာန်ညီကြ
"မြန်မာ့အားကစား"၊ အလေးထားကာ
ကမ္ဘာလွှမ်းအောင် ကြံဆောင်မည်။
ညီညာရှေ့ဆောင်စံဌာနီ။



- "နိုင်ငံ့အားကစား"၊ မြှင့်တင်ထားလျက်
"လူထုအားကစား"၊ ခြေခံသွားကာ
ရောဂါကင်းဝေး၊ ကျန်းမာရေးတွက်
"ကိုယ်လက်လှုပ်ရှား"၊ ကစားသွား၍
"ဆေးဝါးမူးယစ်၊ တိုက်ဖျက်ပစ်"ကာ
မြန်စွာမနှေး၊ ခပ်ဝေးဝေးက
အပြေးရှောင်ကြဉ်၊ အသိဝင်မှ
မှချကျန်းမာ၊ ပျော်ရွှင်စွာလျှင်
ကြည်သာရွှင်ပျ၊ နေနိုင်ကြလိမ့်
နိုးထရှင်ကြည်၊ ယနေ့ဆီဝယ်
ပြည်နယ်ကူးလူး၊ ချစ်ကြည်နူးလျက်
"မူးယစ်အစား၊ အားကစား"နှင့်
မခြားနွေညှ၊ စားထိုးကြလော့
မြစ်မပင်လယ်၊ သမုဒ်ကျယ်ထိ
တို့နယ်ကောင်းခြင်း၊ စီးသယ်ဆင်းလော့
နှင်းမှုန်အကြား၊ လမ်းလျှောက်သွားကာ
ကျန်းမာကြံ့ခိုင်၊ လေ့ကျင့်နိုင်အောင်
မောင်မယ်များစွာ၊ လိုက်ပါလာလော့
ဒီဇင်ဘာလ၊ ဆောင်းအလုဝယ်
သောင်းသောင်းဖြဖြကြိုးစားမယ်။
ထောင်းထောင်းလျှံကြွလောကလယ်။



- သောင်းသောင်းဖြဖြ၊ ကြိုးစားကြလျက်
"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး"
ခေတ်ရေစီးကြောင်း၊ အမြဲကောင်းရန်
နှစ်ထောင်းအားရ၊ လုပ်ကိုင်ကြလျက်
ထကြွနိုးကြား၊ ပါဝင်ထားကာ
ခန္ဓာသန့်စွမ်း၊ စိတ်တွေလန်းရွှင်
အားအင်သစ်မွေး၊ လမ်းညွှန်ပေး၍
လေးစားစိတ်ဓာတ်၊ လွန်မြင့်မြတ်ကြ
အေးမြမြဆောင်း၊ လူထောင်သောင်းနှင့်
ပေါင်းရုံးညီထား၊ လှမ်းတက်သွားရန်
ခြေခံအစ၊ စုစည်းကြ၍
တိုင်းမပြည်ရွာ၊ အေးချမ်းသာမည်
တူညီလှမ်းစို့ အားမာန်ညီ။
ရှုယ်ရည်မှန်းလို့ လှမ်းကာချီ။

- ရှုယ်ရည်မှန်းကာ၊ လှမ်းချီရာဝယ်
"ပညာ" "အားကစား"၊ ပေါင်းစပ်ထားလျက်
အားတက်မနှေး၊ နည်းနာပေး၍
ဖေးကူထူမ၊ ဝိုင်းဝန်းကြကာ
လိုက်နာလေးထား၊ မျှော်မှန်းသွားမည်
လူသားရင်းမြစ်၊ ပညာခေတ်တွင်
မလစ်မဟာင်း၊ ဘက်စုံနှင်း၍
လင်းရောင်ခြည်ဖြာ၊ မြတ်ပညာကား
အားကစားပင်၊ တွဲတူယှဉ်လျက်
အစဉ်သင်ကြား၊ အကျိုးများ၏
တိုးပွားရှင်သန်၊ အသိဉာဏ်နှင့်
နိုင်ငံကြီးပွား၊ တိုးတက်သွားဖို့
စွမ်းအားပြည့်ဝ၊ လေ့လာကြမည်
ပန်းလှထောင်ချီပွင့်ဝေစည်။
လျှမ်းပရောင်ခြည်ဖွင့်လေပြီ။

>>



- ပန်းလုထောင်ချီ၊ ပွင့်ဝေစည်လျက်
ညီတူအားထား၊ ကမ်းလင့်သွားကာ
ဝင့်ကြွားအားမာန်၊ မြှရှင်သန်စေ
မသေွလိုက်နှာ၊ လူတိုင်းပါ၍
ကျန်းမာရေးပင်၊ စိတ်ကြည်လင်လျက်
စဉ်ဆက်ပွားများ၊ လူထုအားနှင့်
လူသားရန်စွယ်၊ အန္တရာယ်ကို
ကာကွယ်အများ၊ ချေမှုန်းသွားစို့
"ကုစားလို့ထား၊ အားကစား"နှင့်
ပြည့်အင်အားမှာ၊ လူငယ်များဖြစ်
ကျစ်လျစ်ခိုင်မာ၊ မြှမြံစွာလျှင်
ယှဉ်ကာတက်ကြွ၊ လက်တွဲကြမည်
ချစ်စရာ့ဌာနီ မြန်မာပြည်။
"မြန်မာ့အားကစား"သည် ဝင့်ထည်ပြီ။

- "မြန်မာ့အားကစား"၊ ဝင့်ထည်ထားကာ
ကမ္ဘာလွှမ်းအောင်၊ စဉ်ကြံဆောင်လျက်
နောင်လာနောက်သား၊ လိုက်နာပွား၍
မနားမနေ၊ မသေွမဖည်
ပေါင်းစုညီသည်
ရွှယ်ရည်ပန်းတိုင်၊ ရောက်ရှိနိုင်ကာ
"ရောဂါကင်းဝေး၊ ကျန်းမာရေး"တွက်
"ကိုယ်လက်လှုပ်ရှား၊ စွမ်းပကား"နှင့်
ကြီးမားခိုင်ခိုင်၊ လေ့ကျင့်နိုင်အောင်
စွမ်းဆောင်အများ၊ တွဲကူထားမှ
မြင့်မားစိတ်သန်၊ ပြင်းပြင်းထန်ကာ
မိုးယံသို့ခွင်း၊ နဘံချဉ်းလော့
ထွန်းလင်းဝေဆာ၊ အလှဖြာသည်
မြန်ပြည်သားတို့ အားမာန်ညီ။
"လူထုအားကစားလ" နွှဲဆင်ပြီ။

- ဩော်...
"ကိုယ်လက်လှုပ်ရှား၊ ဆေးတစ်ပါးဖြစ်"
ခေတ်သစ်ရောက်ရန်၊ သန္နိဋ္ဌာန်နှင့်
မြန်ဆန်သွက်လက်၊ ခွန်အားတက်၍
ဆက်လက်လှုပ်ရှား၊ မျိုးဆက်များတို့
သွားလို့ပါဝင်၊ စိတ်လန်းရွှင်လျက်
ရှေ့တွင်အမှန်၊ ရောက်နှင့်ရန်မှာ
ပြည်ရွာတစ်လွှား၊ စဉ်ကျော်ကြားရှင့်
အများနည်းတူ၊ လေ့ကျင့်ကူကာ
"ငါတို့လက်များ၊ ခိုင်ခိုင်ထားလျက်"
"ငါတို့အားများ၊ စုစည်းပွားလျက်"
"ငါတို့တာဝန်၊ မြဲကျေပွန်လျက်"
တံခွန်လွှားကျော်၊ ပွဲတိုင်းမော်၍
လှမ်းနော်ညီညီ၊ ချီနော်မြဲမြဲ
နွှဲနော်တူပြိုင်၊ ရဲစွမ်းပိုင်လျက်
"နိုင်ငံအားကစား မြင့်ကြမည်။"
"လူထုအားကစားအခြေတည်။"
"မြန်မာ့အားကစားကမ္ဘာကိုလွှမ်းရမည်။"

**မြင့်(ရွှေဘို)**











နောက်ကျောဖုံးသတင်း ...မှ စာဆက်

ဝန်ထမ်းများအနေဖြင့် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်၍ လုပ်ငန်းတာဝန်များအား ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း ရှင်းလင်း ပြောကြားခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း GYM ခန်းမရှိ လက်ရွေးစင် အားနစ်အားကစားသမားများနှင့် တိုက်ကွမ်ဒိုအားကစားသမားများအား တွေ့ဆုံ၍ ကျန်းမာရေးသည် အရေးကြီးသည့်အတွက် ကျန်းမာရေး အထူးဂရုစိုက်ကြရန်နှင့် Injury မရရှိအောင် အထူးဂရုစိုက် လေ့ကျင့်ကြရန်လိုကြောင်း၊ နည်းပြများ၏ လေ့ကျင့်သင်ကြားပေးသည့်အတိုင်း စနစ်တကျ ကြိုးစား လေ့ကျင့်ကြရန် လိုကြောင်း၊ ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်မှ လေ့ကျင့်ထားသည့်အတိုင်း ပြိုင်ပွဲတွင်မိမိတို့၏ အရည်အချင်း၊ အစွမ်းအစများအား ဖော်ထုတ်ပြသနိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲများယှဉ်ပြိုင်ရာတွင် နောက်ဆုံးအချိန်အထိ မဆုတ်မနစ်ဘဲ မလျော့သောဇွဲ၊ လုံ့လ၊ စိတ်ဓါတ်တို့ဖြင့် အစွမ်းကုန် ကြိုးစား ယှဉ်ပြိုင်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

# ထိုင်းနိုင်ငံ၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ တိုက်ကွမ်ဒို ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာရွှေတံဆိပ်ဆု ငါးခု၊ငွေတံဆိပ်ဆု လေးခုဆွတ်ခူး

ရန်ကုန်၊ ဩဂုတ်လ(၂၈)ရက်။

ထိုင်းနိုင်ငံ Buriram Taekwondo International Championship 2022 ဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၂၇ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ကိုယ်စားပြု မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ကလပ်အသင်းများမှ အားကစားသမားများသည် ရွှေတံဆိပ်ဆု ငါးခု၊ ငွေတံဆိပ်ဆု လေးခုနှင့် အကောင်းဆုံးအသင်းဆုချီးမြှင့်ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အတိုက်နှင့် “က”ကွက်ပြိုင်ပွဲများအား သက်တမ်းအလိုက် ခွဲခြား၍ အသက်(၅)နှစ်မှ အသက်(၇၀)ကျော်အထိ ထည့်သွင်းကျင်းပခဲ့သည်။ အသက်(၄၀)အောက် အမျိုးသမီး အတိုက်ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြု Golden River ကလပ်အသင်းမှ မနီလာထွန်းက ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အသက် (၁၇)နှစ်အောက် အမျိုးသားအတိုက်ပြိုင်ပွဲတွင် အောင်ဆန်းတိုက်ကွမ်ဒိုကလပ်အသင်းမှ မောင်မင်းသန့်က ငွေတံဆိပ်ဆုနှင့် “က”ကွက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို လည်းကောင်း၊ အသက်(၁၄)နှစ်အောက် အမျိုးသားအတိုက်ပြိုင်ပွဲတွင် မောင်ဟိန်းမင်းသန့်က ရွှေတံဆိပ်ဆုနှင့် “က”ကွက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကို လည်းကောင်း၊အသက်(၁၂)နှစ်အောက် အမျိုးသမီး အတိုက်ပြိုင်ပွဲတွင် မကြယ်စင်သန့်က ရွှေတံဆိပ်ဆုနှင့် “က”ကွက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ အသက်(၁၀)နှစ်အောက် အမျိုးသမီးအတိုက်ပြိုင်ပွဲတွင် မလမင်းသန့်က ရွှေတံဆိပ်ဆုနှင့် “က”ကွက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု အသီးသီး ဆွတ်ခူးရရှိပြီး အကောင်းဆုံးအသင်းဆုကို (မြန်မာ) ကိုယ်စားပြုအသင်းက ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါဖိတ်ခေါ် ပြိုင်ပွဲသို့ နိုင်ငံပေါင်း(၁၄)နိုင်ငံမှ အသင်းပေါင်း (၃၅)သင်း၊ ပြိုင်ပွဲဝင်ကစားသမားပေါင်း (၄၀၀)ကျော် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံကိုယ်စားပြု (အောင်ဆန်း) တိုက်ကွမ်ဒိုကလပ်အသင်းနှင့် Golden River ကလပ်အသင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီး ကစားသမား စုစုပေါင်း(၈)ဦး ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်း သိရသည်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကျင်းပ

● နေပြည်တော်၊ ဩဂုတ်လ(၃၁)ရက်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက်(၁၀း၀၀)နာရီအချိန်တွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Medal Hall) ၌ ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ (ဌာနခွဲများ၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ)ရှိ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများမှ (Video Conferencing)စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် မှာကြားခဲ့သော လမ်းညွှန်ချက်များအား အခြေခံပြီး ဝန်ထမ်းများ သိသင့်သိထိုက်ပြီး လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည့်အချက်များကို ထပ်ဆင့် ပြန်လည် ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် အားကစားကဏ္ဍနှင့် လူငယ်ကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးအတွက် နလုံးသွင်း၍ ပြည်သူများအတွက်စဉ်းစားပြီး လုပ်ငန်းတာဝန်များ ကျေပွန်အောင် ကြိုးစားထမ်းဆောင်ကြရန် လိုကြောင်း၊ အကြီးအကဲခေါင်းဆောင်များသည် မိမိတို့၏လက်အောက်ငယ်သား သားတပည့်များအပေါ် တရားမျှတစွာ စီမံကွပ်ကဲအုပ်ချုပ်ပြီး မိဘများသဖွယ် စောင့်ရှောက်၍ လမ်းမှန်ရောက်အောင် သင်ကြားဆုံးမပဲ့ပြင်ပေးရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် အချင်းချင်း မိသားစုစိတ်ဓါတ်ထားရှိပြီး စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်အဆင့်မီ စံချိန်/စံညွှန်းအရည်အသွေးကောင်းမွန်သည့် အားကစားကွင်း/အားကစားရုံများအား တည်ဆောက်ပေးလျက်ရှိကြောင်း၊ အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့ပြီး ပြည်သူများ လာရောက်လေ့ကျင့်ကစားနိုင်ရေးအတွက် တာဝန်ရှိသူများမှ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ နိုင်ငံတော်မှ လိုအပ်ချက်များကို ကဏ္ဍပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးနေသလို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့်









စာမျက်နှာ(၇၁)သို့